The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 23, NO. 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 22, 2023



# တန်ဖိုးရှိ ကမာကောင်များနှင့် အဖိုးတန်ပုလဲများ

စာမျက်နှာ ၂၂

**ကိုရီးယား နည်းပညာပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်**

၁၆

**"တချို့ အာရှနိုင်ငံတွေကတော့ မြန်မာနိုင်ငံရဲ့ အသေးစား၊ အလတ်စား ထုတ်ကုန်တွေကို စိတ်ဝင်စားကြတယ်"**

(တွေ့ဆုံမေးမြန်း)

၁၉

**ကော်ပိုရိတ် ဖွဲ့စည်းမှု ပြင်ဆင်ခြင်း**

၂၅



# United Can Factory Co.,Ltd.

နိုင်ငံတကာ စံချိန်မီသံဘူးခွံ အမျိုးမျိုးကို ခေတ်မီ
4 Colors Metal Printing Machine
Auto Can Making Machine Line
စက်သစ်များကို အသုံးပြု၍ ထုတ်လုပ်ပေးနေပါသည်။





Head Office : Shwe Zabu River View Condo, Room No. (C-404), Strand Road, Ahlone Township, Yangon, Myanmar.
Tel : 09-776072868, 09-403909905
Email : unfcan@gmail.com

## GMP Wholesale Mall
@ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်




LOCATION: ရန်ကုန်မြို့၊ မြို့တွင်း Downtown မြို့နယ်များ၊ ဆိပ်ကမ်းများ၊ မင်္ဂလာဈေး၊ ယုဇနပလာဇာတို့နှင့် အနီးဆုံး၊ ၅မိနစ်ခန့် ကားမောင်းရသော အကွာအဝေး သာရှိသည့် အချက်အခြာကျသော နေရာ။

SHOP AREA: ကြမ်းခင်းဧရိယာ (၂၀၀)စတုရန်းပေမှ (၈၀၀)စတုရန်းပေ အထိ ရွေးချယ်နိုင်သည်။ လေဝင်လေထွက် ကောင်းစေရန် နှင့် မီးဘေးအန္တရာယ်ကာကွယ်ရန် ဆိုင်ခန်းအမြင့်(၂၀)ပေခန့် မြင့်ပြီး (၁၄)ပေမှ (၁၇)ပေထိ ကျယ်ဝန်းသော လှော်ကားလမ်း များဖြင့်ဖွဲ့စည်းတည်ဆောက်ထားပါသည်။

FACILITIES: ဆိုင်ခန်းတိုင်းအတွက် Hitachi အမှတ်တံဆိပ် Water-cooled chiller စံနစ်သုံး လေပေးပေးစက်စံနစ်ကိုတပ်ဆင်ပေးထားပြီး ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် နိုင်ငံတကာအဆင့်မီ ၊ မီးဘေးကာကွယ်ရေး စံနစ်များ၊ မီးငြိမ်းသတ်စံနစ်များ တပ်ဆင်ထားပါသည်။
လျှပ်စစ်ဓါတ်အားအတွက် ကိုယ်ပိုင်ဓါတ်အားခွဲရုံနှင့် ထရမ်စဖော်မာများ၊ အရေးပေါ်မီးစက်များ ပြည့်စုံစွာ တည်ဆောက် တပ်ဆင်ထားပါသည်။
ကုန်တင် / လူစီး ဓါတ်လှေကား (၁၃) စီးနှင့် စက်လှေကား (၂၀)စီး တပ်ဆင်ထားပါသည်။
ဈေးဝယ်သူများအတွက် မော်တော်ယာဉ် အစီး (၆၀၀) ကျော်ရပ်နားနိုင်သည့် ကားပါကင်ပါရှိပြီး မော်တော်ယာဉ်ကြီးများအတွက် ကုန်တင်ကုန်ချပြုလုပ်ရန်သီးခြားနေရာရှိပါသည်။

SUPERMARKET & SUPPORTING: မြေအောက်ထပ်တွင် Supermarket ၊ စားသောက်ဆိုင်များ၊ မုန့်ဆိုင်များ၊ Beauty Salon နှင့် Pharmacy ကိုဖွင့်လှစ် သွားမည်ဖြစ်ပြီး ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် ကုန်ပစ္စည်းများ သိုလှောင်နိုင်ရန် ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်တွင် warehouse များကို သက်သာသောနှုန်းထားဖြင့် ငှားရမ်းပေးသွားပါမည်။

PAYMENT: အရစ်ကျ (၂)နှစ်အထိ ပေးချေဝယ်ယူနိုင်ပြီး၊ လက်ငင်းပေးချေသူများအတွက်လည်းအထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။ ဝယ်ယူပြီးတာနဲ့ အချိန်စောင့်စရာမလို အသင့်ဖြင့်ဆင်နိုင်ပြီ

OPENING SOON!

Contact us-
09-777 117 664 , 09-777 117 665 , 01- 653 653 Ext: 8105,8106,8125

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr. AZHARI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မေ ၁၀ ရက်တွင် ဂျပန်နိုင်ငံခြား သတင်းထောက်များအသင်း (Foreign Correspondent Club of Japan - FCCJ) ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr. AZHARI ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ ခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေများ၊ အရှေ့အလယ်ပိုင်းဈေးကွက်နှင့် ဆက်စပ်ဆောင်ရွက်နိုင်မည့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး Mr. AZHARI သိရှိလို၍ မေးမြန်းသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့် အလားအလာများအား ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

MOC (IR)

# (၅) ကြိမ်မြောက် တရုတ်(အနောက်ပိုင်းဒေသ) အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကုန်စည်ပြပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ မေ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် (၅)ကြိမ်မြောက် တရုတ် (အနောက်ပိုင်းဒေသ) အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကုန်စည်ပြပွဲ ( The 5th Western China International Fair for Investment and Trade - WCIFIT) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် နိုင်ငံတကာ ပြခန်းများအား လှည့်လည်ကြည့်ရှုကာ မြန်မာပြခန်းများကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ပိုမိုကောင်းမွန်သော အနာဂတ်အတွက် တရုတ်နိုင်ငံအနောက်ပိုင်းဒေသနှင့် ကုန်သွယ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ပြခန်းပေါင်း ၈၂၄ ခန်း ပါဝင်ပြသခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Li Mingqing က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးနှင့် မြန်မာ့လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

MOC (IR)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချန်းမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မေ ၁၉ ရက် နံနက် ၉နာရီက လင်ချန်းမြို့ ဘူတာရုံတွင် တရုတ်-မြန်မာ အိန္ဒိယသမုဒ္ဒရာ ရေလမ်းကြောင်းသစ် တည်ဆောက်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးဇုန် တည်ဆောက်ရေးနှင့် အနာဂတ် စီမံကိန်းများအား လင်ချန်းမြို့ ဒုတိယမြို့တော်ဝန် Mr. Zhao Zijie က မြေပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင် Lintong Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ လင်ချန်းမြူနီစပယ် ကော်မတီအတွင်းရေးမှူး Mr. Zhang Zhizheng နှင့် လင်ချန်းမြို့တော်ဝန် Mr. Du Jianhui အပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍ မြှင့်တင်ရေးကိစ္စရပ်များ၊ နယ်စပ်ဂိတ်များအဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် လင်ချန်းမြို့ပြစီမံကိန်း ပြတိုက်နှင့် ဝမ်ယောင်ကျေးရွာရှိ ကြွေထည်မြေထည် ထုတ်လုပ်သည့်လုပ်ငန်းတို့သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက အသေးစိတ် လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

MOC(IR)

# ကိုဗစ်(၁၉)ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်(၁၉) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၈ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း Mask ၀ ဒသမ ၀၇၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်(၁၉)ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

MOC(IR)


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ရန်နိုင်လွင်

**အုပ်ချုပ်ရေးမှူး**
မြမြစိန်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊ မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
မေသန္တာမိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူနှင့် ရွှေဘိုခရိုင်များအနေဖြင့် ရွှေဘို၊ ရေဦးနှင့် မုံရွာခရိုင်တို့တွင် ပေါ်ဆန်းဈေးနှုန်း အနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မေလ တတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း(စပါး) တင်း ၁၀၀လျှင် ကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ၁၉၀၀၀၀၀၊ ရောမင်း (ဆန်)၂၄ ပြည်ပါ တစ်အိတ် ကျပ် ၈၀၀၀၀ များဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၇၀၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ၁၈၀၀၀၀၀၊ ငစိန် (ဆန်) ၂၄ ပြည် ပျမ်းမျှ တစ်အိတ်မှာ ၆၈၀၀၀၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ရောမင်း(ဆန်)၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၇၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ မော်ဘီ(၂)(စပါး) တင်း ၁၀၀ လျှင် ကျပ်၁၆၅၀၀၀၀၊ မော်ဘီ(၂) ဆန် ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ဆင်းကေရီ(၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၅၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည် တစ်အိတ်မှာကျပ် ၆၃၀၀၀၊ ရောမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၇၅၀၀၀၀၊ ရောမင်း(ဆန်) ၂၄ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်တစ်အိတ်မှာ ကျပ် ၈၅၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ရောမင်း(ဆန်)၂၄ ပြည်တစ်အိတ်မှာ ကျပ် ၉၀၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ မနောသုခ (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ရောမင်း(ဆန်)၂၄ပြည်တစ်အိတ်မှာ ကျပ် ၈၀၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၆၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

မေလဒုတိယပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၄၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၅၄၄၀၀၊ မကွေး သို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၁၀၀၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၈၅၀၀၊ ရှမ်း(မြောက်) သို့အိတ်ရေ ၈၅၀၀၊ ကချင်သို့ အိတ်ရေ ၃၀၀၀၊ စုစုပေါင်းအိတ်ရေ ၁၂၆၀၀၀ အိတ်၊ တန်အားဖြင့် ၆၃၀၀ စီးထွက်ခဲ့ပြီး ယခု မေလတတိယပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၃၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၅၀၉၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၉၀၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၈၀၀၀၊ ရှမ်း(မြောက်) သို့ အိတ်ရေ ၈၀၀၀၊ ကချင်သို့ အိတ်ရေ ၂၅၀၀၊ စုစုပေါင်း အိတ်ရေ ၁၁၁၀၀၀အိတ်၊ တန်အားဖြင့် ၅၅၅၀ စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အိတ်ရေ ၁၅၀၀၀၊ တန်အားဖြင့် ၇၅၀ လျော့နည်း စီးထွက်ခဲ့ကြောင်း သိရှိရသည်။

**တင်မာဝေ (မုံရွာ)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတွင် နွေစပါးစိုက်ဧက ၃၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့

မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ ချောက်၊ မင်းဘူး၊ သရက်၊ အောင်လံ၊ ပခုက္ကူနှင့် ဂန့်ဂေါစသည့် ခရိုင်များတွင် နွေစပါးသီးနှံကို စပါးမျိုးကွဲများအလိုက် စိုက်ပျိုးလျက်ရှိသည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတွင် ယခုနှစ် နွေရာသီကာလ၌ နွေစပါးကို စိုက်ဧကပေါင်း ၃၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးနိုင်ထံမှ သိရှိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ် နွေရာသီကာလတွင် နွေစပါးသီးနှံကို ခရိုင်အလိုက် စိုက်ပျိုးခဲ့ကြကြောင်း၊ မကွေးခရိုင်တွင် နွေစပါးစိုက်ဧက ၇၅၈၈ ဧက၊ ချောက်ခရိုင်တွင် နွေစပါးစိုက်ဧက ၄၈၄ ဧက၊ မင်းဘူးခရိုင်တွင် နွေစပါးစိုက်ဧက ၁၆၇၆၁ ဧက၊ သရက်ခရိုင်တွင် နွေစပါးစိုက်ဧက ၁၆၀၅ ဧက၊ အောင်လံခရိုင်တွင် နွေစပါးစိုက်ဧက ၆၁၅၉ ဧက၊ ပခုက္ကူခရိုင်တွင် နွေစပါးစိုက်ဧက ၂၂၆၁ ဧက၊ ဂန့်ဂေါခရိုင်တွင် နွေစပါးစိုက် ဧက ၈၃၇ ဧက၊ စုစုပေါင်း နွေစပါးစိုက်ဧက ၃၅၆၉၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသအလိုက် စပါးမျိုးကွဲများ စိုက်ပျိုးကြပြီး ပုလဲသွယ်မျိုး ၁၃၇ ဧက၊ မနောသုခမျိုး ၆၇၀၄ ဧက၊ ဆင်းသုခမျိုး ၃၀၃၇ ဧက၊ ရတနာတိုးမျိုး ၂၄၄၀၄ ဧက၊ သီးထပ်ရင်မျိုး ၃၄ ဧက၊ ပခန်းရွှေဝါမျိုး ၄၅၈ ဧက၊ ထိုင်းနှံကောက်မျိုး ၂၄၅ ဧက၊ ချမ်းမြေ့မေမျိုး ၆၉ ဧက၊ GW-11 မျိုး ၄၀၃ ဧက၊ ဆာဖိုးသာမျိုး ၇၉ ဧက၊ ရွှေပြည်ဌေးမျိုး ၇၄ ဧက၊ ရက်(၉၀)မျိုး ၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

နွေစပါးစိုက်တောင်သူများအနေဖြင့် ရာသီဥတုနှင့် စိုက်ပျိုးရေကြောင့် ရက်တိုတိုဖြင့် ထွက်ရှိမည့် စပါးမျိုးများကို အဓိကထား စိုက်ပျိုးကြဖို့ အသိပညာပေးဆောင်ရွက်နေကြောင်း၊ တောင်သူအများစုစိုက်ပျိုးသည့် စပါးမျိုးများမှာ ထိုင်းနှံ ကောက်စပါးမျိုး (ရက်ပေါင်း-၁၁၀) ရတနာတိုးစပါးမျိုး (ရက်ပေါင်း-၁၁၀) GW-11 စပါးမျိုး (ရက်ပေါင်း-၁၁၀ မှ၁၁၅) စပါးမျိုးများကို စိုက်ပျိုးကြကြောင်းကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

မင်းဘူး(စကု) မြို့နယ် ကံကုလားကျေးရွာနေ နွေစပါးစိုက်တောင်သူတစ်ဦးထံမှလည်း မိမိတို့ဒေသမှာ ဆည်ရေရရှိသောကြောင့် နွေစပါးကို ခြောက်ဧကကျော်ထိ စိုက်ပျိုးထားကြောင်း၊ ဒေသအနေဖြင့် ရာသီဥတု ပူပြင်းသည့်အတွက် သက်တမ်းတိုသည့် စပါးမျိုးဖြစ်သည့် ထိုင်းနှံကောက်စပါးမျိုးကို စိုက်ပျိုးထားကြောင်း တောင်သူတစ်ဦးက ပြောသည်။

**စန္ဒာစိုးလွင်**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁၉-၅-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၂၁ | ၅၁၈ | ↓ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၉၈ | ၅၀၃ | ↑ | ၄၈၇ | ၄၈၇ | - | ၄၅၇ | ၄၅၇ | - | ၄၅၂ | ၅၂၇ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၄၈၇ | ၄၉၁ | ↑ | ၄၆၇ | ၄၆၇ | - | ၄၄၂ | ၄၄၂ | - | ၄၃၅ | ၄၉၁ | ↑ |
| ပေါင်းဆန် | ၅၀၉ | ၅၁၅ | ↑ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီး(၁၉-၅-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၆၀၀၀ | - | ၆၀၀၀၀ | - | | | | |
| ပုသိမ် | ၁၄၁၀၀ | ↑ | ၅၄၀၀၀ | ↑ | | | | |
| ပဲခူး | ၁၄၇၂၀ | ↑ | ၅၇၅၀၀ | ↑ | | | | |
| ရွှေဘို | ၁၉၀၀၀ | - | ၈၀၀၀၀ | - | ၂၇၀၀၀ | ↓ | ၈၆၀၀၀ | ↓ |
| စစ်တွေ | ၁၆၇၀၀ | ↑ | ၇၃၀၀၀ | ↑ | ၁၉၈၀၀ | ↑ | ၈၂၀၀၀ | ↑ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၅၀၀၀ | ↑ | ၅၈၅၀၀ | - | | | ၇၇၀၀၀ | - |
| ရန်ကုန်(ဝါးတန်း) | ၁၅၀၀၀ | ↑ | ၅၈၅၀၀ | - | | | ၇၇၀၀၀ | - |
| မန္တလေး | ၁၇၅၀၀ | - | ၆၈၀၀၀ | - | | | ၈၅၀၀၀ | - |
| မကွေး | ၁၆၀၀၀ | - | ၆၅၀၀၀ | - | | | ၁၀၅၀၀၀ | - |
| မော်လမြိုင် | ၁၄၇၀၀ | ↑ | ၅၇၀၀၀ | ↑ | ၁၇၈၀၀ | ↑ | ၇၉၅၀၀ | ↑ |
| မြိတ် | ၁၄၃၀၀ | - | ၆၆၀၀၀ | ↑ | | | ၉၀၀၀၀ | ↑ |
| ဘားအံ | ၁၄၅၀၀ | - | ၅၅၀၀၀ | - | | | ၇၅၅၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စီးထွက်မှုနှင့် စပါး/ဆန်ဈေးနှုန်းဈေးကွက် အခြေအနေ

ဧရာဝတီတိုင်းဒေသကြီးသည် စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့ ဆန်များနှစ်စဉ် တင်ပို့ရောင်းချလျက်ရှိသည့်အပြင် စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် နီးကပ်စွာတည်ရှိနေပြီး ဆန်လိုသည့် အခြားတိုင်းဒေသကြီးများသို့ လစဉ် တင်ပို့ရောင်းချလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ဆန်စီးထွက်မှုမှာ မတ်လတွင် ရန်ကုန်မြို့သို့ အိတ်ရေ ၁၃၇၇၇၅၆ နှင့် တနင်္သာရီသို့ အိတ်ရေ ၁၆၀၀၀ စုစုပေါင်း အိတ်ရေ ၁၃၉၃၇၅၆ တင်ပို့ခဲ့ပြီး ဧပြီလတွင် ရန်ကုန်မြို့သို့ အိတ်ရေ ၉၇၆၇၂၈ နှင့် တနင်္သာရီသို့ အိတ်ရေ ၂၀၅၅၀ စုစုပေါင်းအိတ်ရေ ၉၉၇၂၇၈ တင်ပို့နိုင်ပြီး သင်္ကြန်ကာလ ပိတ်ရက်များသည့်အတွက် ယခင်လနှင့်နှိုင်းယှဉ်ပါက ၃၉၆၄၇၈ လျော့၍ စီးထွက်ခဲ့ကြောင်း သိရသည်။

ပုသိမ်စပါး၊ ဆန်ဈေးကွက်အနေဖြင့် မေလဒုတိယပတ် ပေါ်ဆန်းစပါးတင်း ၁၀၀ ကျပ်သိန်း ၂၀ ဝန်းကျင်၊ ဆန်တစ်အိတ် ကျပ် ၈၅၀၀၀ မှ ၈၇၀၀၀ ဈေးခန့်၊ ဧည့်မထအုပ်စုဝင် ဈေးတန်းမြင့်သော ရွှေသွယ်စပါး တင်း ၁၀၀ ကျပ် ၁၉ သိန်းဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀-၇၈၀၀၀ ဝန်းကျင်နှင့်လူအများ စားသုံးမှုရှိသော နွေသီးထပ်ရင်စပါး တင်း ၁၀၀ ကျပ် ၁၅ သိန်းခွဲ ၁၆ သိန်းဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၅၉၀၀၀-၆၀၀၀၀ ဈေးဖြင့် လက်ရှိမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း စပါး၊ ဆန်ဈေးကွက်သတင်းမှ သိရသည်။

**ရောမြေ(ပုသိမ်)**

# သဘာဝဘေးအန္တရာယ်အတွက် အသင့်ပြင်ဆင်ထားသည့် အရန်ရိက္ခာဆန်များ သိုလှောင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

မေ ၁၃ ရက် နံနက်ပိုင်းတွင် အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့တွင် သိုလှောင်ထားရှိသော အရန်ရိက္ခာဆန်များ အသင့်အနေအထား ပြင်ဆင်ထားရှိမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက သတ်မှတ်သိုလှောင်ရုံများအလိုက် စုဆောင်းထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

အရန်ရိက္ခာဆန်များအား သဘာဝဘေးအန္တရာယ် ကျရောက်ပြီးပါက အချိန်မီဖြန့်ဝေပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အသင့်အနေအထား ပြင်ဆင်စုဆောင်းထားရှိကြောင်း သိရသည်။

**စားသုံး (ရန်ကုန်)**

# ပြည်ကုန်စည်ဒိုင်၏ ပဲအမျိုးအစား ဈေးနှုန်းပြောင်းလဲမှု

ပြည်ခရိုင်အတွင်းရှိ ပြည်ကုန်စည်ဒိုင်၌ အရောင်းအဝယ် ဖြစ်လျက်ရှိသော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ ဗိုလ်ကိတ်ပဲနှင့် စားတော်ပဲတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မတ်ပဲ**

မေလအစတွင် ပိဿာ ၂၀ ဝင် မတ်ပဲ တစ်တင်းဈေးမှာ ကျပ် ၇၀၀၀၀-၇၀၅၀၀-၇၁၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၃၀၀ ခန့်အဝယ်ရှိသည်။ ဒုတိယပတ်တွင် မတ်ပဲ ဈေးတက်လာပြီး ကျပ် ၇၁၀၀၀-၇၁၅၀၀ မှ ကျပ် ၇၂၀၀၀-၇၃၀၀၀-၇၃၅၀၀ ထိ ဈေးတက်လာခဲ့သည်။ တစ်ရက်ကို ရန်ကုန်အဝယ် အိတ် ၂၀၀-၃၀၀ ခန့် ရှိခဲ့သည်။

**ပဲစင်းငုံ**

မေလပထမပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၇၇၀၀၀-၇၇၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၂၀၀-၃၀၀ ခန့် အဝယ်ရှိခဲ့သည်။ မေလဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၇၉၀၀၀-၇၉၃၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးတက်လာခဲ့ကာ ပဲစင်းငုံတစ်တင်းကို ကျပ် ၈၁၀၀၀-၈၁၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် ရန်ကုန်အဝယ်ရှိခဲ့သည်။

**ကုလားပဲ**

မေလပထမပတ်တွင် ကုလားပဲ (Hl) တစ်တင်းကို ကျပ် ၇၅၀၀၀-၇၅၅၀၀၊ ကုလားပဲ (မြကြေးမှုံ)တစ်တင်းကို ကျပ် ၇၅၀၀၀-၇၆၀၀၀ ဖြင့် ခွဲစက်သမားများ မြို့တွင်းအဝယ်နှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၂၀၀-၃၀၀ ခန့် အဝယ်ရှိခဲ့သည်။ မေလ ဒုတိယပတ်မှာ ကုလားပဲ (Hl) တစ်တင်းကို ကျပ် ၇၆၀၀၀-၇၆၅၀၀-၇၇၀၀၀၊ ကုလားပဲ (မြကြေးမှုံ)တစ်တင်းကို ကျပ် ၇၇၅၀၀-၇၈၀၀၀ ဖြင့် လှော်ပဲများကို တစ်ရက်လျှင်အိတ် ၃၀၀ ခန့် မြို့တွင်းခွဲစက်သမားများနှင့် ရန်ကုန်အဝယ်ရှိခဲ့သည်။

**ပဲကြီး**

မေလပထမပတ် ပြည်ကုန်စည်ဒိုင်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းကို ကျပ် ၈၈၀၀၀-၉၀၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများက တစ်ရက်ကို အိတ် ၂၀၀-၃၀၀ ခန့် အဝယ်ရှိခဲ့သည်။ မေလဒုတိယပတ်တွင် ပဲကြီး(ရွှေကျွန်း) တစ်တင်းကို ကျပ် ၉၀၀၀၀ ဖြင့် ဈေးအေးနေပြီး တစ်ရက်ကိုအိတ် ၃၀၀ ခန့် မြို့တွင်းနှင့် ရန်ကုန်အဝယ်ရှိခဲ့သည်။

**စားတော်ပဲ**

ပြည်ကုန်စည်ဒိုင်၌ မေလပထမပတ်တွင် စားတော်ပဲ(ကျွန်း)တစ်တင်းကို ကျပ် ၁၁၀၀၀-၁၁၃၀၀ ဖြင့်မြို့တွင်းလက်လီသမားများ တစ်ရက်ကို အိတ် ၁၀-၁၅ အိတ်ခန့် အဝယ်ရှိခဲ့သည်။ မေဒုတိယပတ်တွင် စားတော်ပဲဈေးအေးနေပြီး တစ်တင်းကို ကျပ် ၁၁၀၀၀၀-၁၁၃၀၀၀ ဖြင့် ဈေးအေးနေခဲ့ပြီး လက်လီသာ အရောင်းအဝယ် ဖြစ်ခဲ့သည်။

**ဗိုလ်ကိတ်**

မေလပထမပတ်တွင် ဗိုလ်ကိတ် တစ်တင်းကို ကျပ် ၄၇၀၀၀ ဖြင့် မြို့တွင်းလက်လီသမားများ အဝယ်တစ်ရက်ကို အိတ် ၁၅/၂၀ ခန့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၄၀-၅၀ ခန့်အဝယ်ရှိခဲ့သည်။ ဒုတိယပတ်တွင် ဗိုလ်ကိတ် ဈေးအေးနေခဲ့ပြီး ပဲတစ်တင်းကို ကျပ် ၄၇၀၀၀ ဖြင့် အရောင်းအဝယ်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်၏ အရောင်းအဝယ်ဖြစ်လျက်ရှိသော မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲဈေးများမှာ မြင့်လျက်ရှိပြီး စားတော်ပဲ၊ ဗိုလ်ကိတ်ပဲနှင့် ပဲကြီးဈေးများမှာ အေးလျက်ရှိကြောင်း သိရသည်။

**မိမိအေး (ပြည်)**

# ရောမတ်ပဲဈေးနှင့် ဈေးကွက်အလားအလာ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပဲမျိုးစုံကုန်စည်ဒိုင်၏ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဈေးနှုန်းများအရ ဧပြီလ စတုတ္ထပတ်မှစတင်ပြီး မတ်ပဲ တစ်တင်းလျှင် ကျပ် ၇၀၀၀၀ အထက်ရောက်ရှိလာကြောင်း သိရသည်။

ဆက်လက်၍ မတ်ပဲဈေးနှုန်း တဖြည်းဖြည်း မြင့်တက်လာနေပြီး လွန်ခဲ့သည့် သီတင်းပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ မေ ၈ ရက်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၇၀၃၀၀၊ ၉ ရက်တွင် ကျပ် ၇၁၁၀၀၊ ၁၀ ရက်တွင် ကျပ် ၇၁၇၀၀၊ ၁၁ ရက်တွင် ကျပ် ၇၁၁၀၀၊ ၁၂ ရက်တွင် ကျပ် ၇၁၄၀၀၊ ၁၃ ရက်တွင် ကျပ် ၇၂၀၀၀ အသီးသီးဖြစ်ခဲ့သည်။

ယခင်နှစ် ကာလတူဈေးနှုန်း တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ယခုလက်ရှိ ဈေးနှုန်းသည် စံချိန်တင်နှုန်းထားတစ်ခု ဖြစ်လာကြောင်း သိရှိရသည်။

မေ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနသည် ပဲတင်သွင်းသူ ကုန်သည်အသင်းများ၊ မြန်မာဘက်မှ ပဲတင်ပို့ရောင်းချသူ Exporter များနှင့် အစည်းအဝေး ပြုလုပ်ခဲ့ပြီး မြန်မာဘက်မှ ပဲတင်ပို့သူ Exporter များအနေဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှုအား ကြန့်ကြာစေရန် ဆောင်ရွက်နေကြောင်း၊ ထိုကဲ့သို့ တင်ပို့မှုဆက်လက်နှောင့်နှေးနေမည်ဆိုပါက အိန္ဒိယနိုင်ငံအနေဖြင့် အစိုးရချင်း G to G စာချုပ်ချုပ်ဆို ဝယ်ယူသွားရန်သာရှိကြောင်း အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။ မြန်မာ Exporter များဘက်ကလည်း ပဲတင်ပို့မှုကို ကြန့်ကြာစေခြင်းမျိုး ဆောင်ရွက်ခြင်းမရှိကြောင်း ပြန်လည်ငြင်းဆိုထားသည်။

ယခုနှစ် မြန်မာမတ်ပဲစိုက်ဧကနှင့် အထွက်နှုန်းမှာလည်း သိသိသာသာလျော့ကျခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်မှာလည်း တိုးလာနေသည်။ အိန္ဒိယနိုင်ငံအစိုးရသည် မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကာလကို ၂၀၂၄ ခုနှစ် မတ်လကုန်အထိ တိုးမြှင့်သတ်မှတ်ပေးထားသဖြင့် ပဲစိုက်ပျိုးသူတောင်သူများနှင့် တင်ပို့မှုကွင်းဆက်တစ်လျှောက် ပါဝင်သူများ အကျိုးအမြတ် ပိုမိုရရှိလာနိုင်ပြီး ယခုနှစ်စိုက်ပျိုးရာသီတွင် မတ်ပဲ၊ ပဲစင်းငုံ ပိုမိုစိုက်ပျိုးရေး၊ ရာသီအမီစိုက်ပျိုးနိုင်ရန် ကြိုတင်ပြင်ဆင်ရေးအတွက် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက တိုက်တွန်းထားကြောင်း သိရှိရသည်။

**ရောကုန်သွယ်မှုဗဟိုဌာန**

# ဧပြီလအတွင်း ပဲတန်ချိန် ကိုးသောင်းကျော်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ဧပြီလအတွင်း ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံ စုစုပေါင်း တန်ချိန် ၉၄၇၀၀ ခန့် တင်ပို့မှုအား စုစည်းဖော်ပြလိုက်သည်။

**ပဲတီစိမ်း**

ဧပြီလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၆၂၆ သန်း တန်ဖိုးရှိ ပဲတီစိမ်း တန်ချိန် ၂၉၃၀၀ ကျော် တင်ပို့ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တန်ချိန် ၁၅၀၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၈၇၇၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၄၀၀၊ ထိုင်းနိုင်ငံသို့ ၁၁၇၅တန်၊ ဂျပန်နိုင်ငံသို့ ၉၁၅ တန်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၅၇၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၂၀၀ နီးပါးနှင့် အီးယူနိုင်ငံများသို့လည်း တန်ချိန် ၁၂၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ထို့ပြင် ထိုင်ဝမ်သို့လည်း တန်ချိန် ၇၀ ကျော် တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းသာမက မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှလည်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၀၈ သန်းဖိုးရှိ ပဲတီစိမ်းတန်ချိန် ၆၇၀၀ ကျော် တင်ပို့ခဲ့ရာ နည်းလမ်းနှစ်သွယ်မှ ဧပြီလအတွင်း ပဲတီစိမ်း တန်ချိန် စုစုပေါင်း ၃၆၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

**မတ်ပဲ**

ဧပြီလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇၃၄ သန်း တန်ဖိုးရှိမတ်ပဲ တန်ချိန် ၄၀၈၇၀ ခန့် တင်ပို့ခဲ့သည်။ အများအားဖြင့် အိန္ဒိယနိုင်ငံ၊ စင်ကာပူ၊ မလေးရှားနိုင်ငံများသို့ တင်ပို့ပြီး ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ ဂျပန်နှင့် အီးယူနိုင်ငံများသို့လည်းတင်ပို့ခဲ့သည်။ အများဆုံး တင်ပို့မှုများမှာ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၃၂၇၇၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၅၃၀ ခန့်နှင့် မလေးရှားနိုင်ငံသို့ တန်ချိန် ၁၉၈၀ ဖြစ်ကြောင်းသိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၂ တန်နှင့် ထိုင်းနိုင်ငံသို့ ၁၉၂ တန်ဖြစ်သည်။ ဧပြီလအတွင်း မတ်ပဲ တင်ပို့မှုမှာ တန်ချိန် စုစုပေါင်း ၄၁၀၇၀ ရှိကြောင်း သိရှိရသည်။

**ပဲစင်းငုံ**

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီလအတွင်း ပဲစင်းငုံတင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ဒသမ ၀၃၃ သန်းနှင့် တန်ချိန် ၁၇၅၇၀ ကျော်ဖြစ်သည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုဖြင့် အိန္ဒိယနိုင်ငံသို့ ပဲစင်းငုံ ၁၇၁၂၅ တန်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၃၈၀နီးပါးနှင့် အီးယူ၊ ဂျပန်၊ စင်ကာပူနိုင်ငံသို့လည်း တန်ချိန် အနည်းငယ်စီ တင်ပို့ခဲ့သည်။

ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ စုစုပေါင်းတန်ချိန် ၉၄၇၀၀ နီးပါးကို ဧပြီလအတွင်း ကုန်သွယ်မှုပြုခဲ့ကြောင်းသိရသည်။

**CJ**

# အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ မေ ၈ ရက် မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ ကျင်းပသည်။ အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုကောင်းမွန်လာစေရေးအတွက် ကမ္ဘာ့စီးပွားရေး၊ ဒေသတွင်းစီးပွားရေးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် အတွင်း ဆောင်ရွက်ခဲ့သည့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ရန်လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၃ ခုနှစ် အာဆီယံက ဦးစားပေး ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းခေါင်းစဉ် ၁၆ ခုနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ယင်းလုပ်ငန်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအတွက်ပါ ကိုဗစ်(၁၉) အလွန် ဈေးကွက်ပြန်လည်ချိတ်ဆက်နိုင်မည့် အရေးကြီးသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မည့် လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ တချို့လုပ်ငန်းများသည် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက် အကောင်အထည်ဖော်ရန်အတွက်လည်း လုပ်ငန်း ၁၁၈ ခုကို ချမှတ်ထားကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံက အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အခြားအာဆီယံနိုင်ငံများနှင့်အတူ ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ အာဆီယံအနေဖြင့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍအလိုက် မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မှု အခြေအနေကို ပြန်လည်လေ့လာ၍ လက်ရှိနိုင်ငံ၏မူဝါဒနှင့်အညီ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆောင်ရွက်သည့် လုပ်ငန်းများသည် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့် လုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ကိုလည်း ပိုမိုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိက ၂၀၂၂ ခုနှစ်အတွင်း အေအီးစီ လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေနှင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ အခြေအနေတို့ကို




ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြခဲ့သည်။

ထိုသို့တင်ပြရာတွင် လုပ်ငန်းကော်မတီများက မြန်မာနိုင်ငံနှင့် ကျန်အာဆီယံနိုင်ငံများအကြား အခွန်နှစ်ထပ်မကျခံစေရေးအတွက် ဆောင်ရွက်မှုများ၊ ဒေသတွင်း အခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းများ ကျင့်သုံးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်နှင့် သတ္တုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ စားနပ်ရိက္ခာ လုံခြုံရေးအတွက် ဒေသတွင်း ဆောင်ရွက်နေသည့် ပူးပေါင်းဆောင်ရွက်မှု၊ အကောင်အထည်ဖော်မှုနှင့် အပြန်အလှန် နားလည်မှု စာလွှာအရ အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ သွားလာလုပ်ကိုင်နိုင်ရေး ကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ဖြေလျှော့မှုများအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်၊ ပုဂ္ဂလိက အခန်းကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာ၊ စားသုံးသူရေးရာ၊ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး အစီအစဉ်၊ စာရင်းအင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာ စသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်ပေါင်းစပ် ညှိနှိုင်းပေးခဲ့ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန် ပြောကြားသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များက လည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း၊ သက်ဆိုင်ရာဌာနများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**DICA**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၉.၅.၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အလုံဆိပ်ကမ်းအမှတ်(၃) | CHARITY | Y'Maize ၂၅၀၀ တန်တင်ဆဲ |
| Myanmar Integrated Port Limited | HONY FUTURE | Steel &Equipment ၃၁၅၂၂တန်ချဆဲ |
| မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းအမှတ်(၂) | SUBARU-7 | Steel ၇၅၄၊ တန်ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်းတံတား | BANGSAOTONG | Urea တန်ချိန်၆၅၀၀ တန်ချဆဲ |
| Myanmar Five Star Limited | CITRA | Cement ၂၆၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PIONEER ELITE | ပြောင်းဖူး တန်ချိန် ၁၁၀၀၀ တန်တင်ရန် | THAILAND | ၁၉.၅.၂၀၂၃ |
| THINGAZAR | ပြောင်းဖူး တန်ချိန် ၂၇၀၀ တန်တင်ရန် | THAILAND | ၂၂.၅.၂၀၂၃ |
| YANGTZE CLASSIS | Urea တန်ချိန် ၂၅၀၀၀ တန်ချရန် | INDONESIA | ၂၆.၅.၂၀၂၃ |
| FORTUNE COOKIE | Wheat , တန်ချိန် ၂၇၀၀၀ တန်ချရန် | AUSTRALIA | ၂၂.၅.၂၀၂၃ |
| PETRA | Soy Bean Meal ၂၇၅၀၀ တန်ချရန် | ARGETINA | ၂၃.၅.၂၀၂၃ |
| 21 LUCKY | Steel &Equipment ၂၇၁၀၁ တန်တင်ရန် | CHINA | ၃၀.၅.၂၀၂၃ |
| JUPITER | Fertilizer (In Bulk) ၂၀၀၀၀ တန်တင်ရန် | OMAN | ၃၀.၅.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၉.၅.၂၀၂၃ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၅.၂၀၂၃ |
| LUDWIG SCHULTE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၉.၅.၂၀၂၃ |
| KOTA HAPAS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၅.၂၀၂၃ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၅.၂၀၂၃ |
| METHI BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁.၅.၂၀၂၃ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၅.၂၀၂၃ |
| ISEACO WISDON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၅.၂၀၂၃ |
| MCC TOKYO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၁.၅.၂၀၂၃ |
| MSC DHANTIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၅.၂၀၂၃ |
| MSC DANTIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၅.၂၀၂၃ |
| MTT SAISUNEE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၅.၂၀၂၃ |
| Ti2 APPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၅.၂၀၂၃ |
| SEOUL GLOW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၃.၅.၂၀၂၃ |
| SINAR BANDA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၅.၂၀၂၃ |
| MV.MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၅.၂၀၂၃ |
| MV.SITC INCHON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၅.၂၀၂၃ |
| MV.SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၅.၂၀၂၃ |
| MV.UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၅.၂၀၂၃ |
| MV.IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၅.၂၀၂၃ |
| MV.AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၈.၅.၂၀၂၃ |
| MV.NITHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၅.၂၀၂၃ |
| MV.BF TROUT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉.၅.၂၀၂၃ |
| MV.HANSA SIEGBURG | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀.၅.၂၀၂၃ |
| MV.MCC TAIPEI | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁.၅.၂၀၂၃ |

## ၄-၅-၂၀၂၃ မှ ၁၇-၅-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 497 | 9 | - | - | - | 506 |
| | Form AANZ | 26 | 2 | - | - | - | 28 |
| | Form AHK | 5 | - | - | - | - | 5 |
| | Form AI | 161 | - | - | - | - | 161 |
| | Form AJ | 25 | 2 | - | - | - | 27 |
| | Form AK | 148 | 7 | - | - | - | 155 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 11 | 1 | - | - | - | 12 |
| | Form E | 531 | 10 | - | - | - | 541 |
| | Form Korea | 16 | - | - | - | - | 16 |
| | E Form D | 493 | - | - | - | - | 493 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 1913 | 31 | - | - | - | 1944 |



# ဧပြီလအတွင်း ဆန်နှင့် ဆန်ကွဲ ပြည်ပသို့ တင်ပို့မှု အခြေအနေ

**ဆန်**

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၀၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၇၂၀၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုများအနေဖြင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၃၁၀၀၀ ကျော်နှင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၆၁၀၀ ကျော် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဆန်တင်ပို့မှုအများဆုံး နိုင်ငံများမှာ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၆၁၇၀ ကျော်၊ တူရကီနိုင်ငံသို့ ဆန်တန်ချိန် ၅၆၈၀၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၄၇၅၀၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၃၇၅၀၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၆၅၀၊ အင်္ဂလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၈၅၀၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၀၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၇၅၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ချက်နိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၊ လက်ဘနွန်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၅၂၀ နှင့် အခြားအီးယူနိုင်ငံများသို့လည်း အနည်းငယ် တင်ပို့ကြောင်း သိရသည်။

အာရှနိုင်ငံများသို့ ဆန်တင်ပို့မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၇၂၈၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၇၂၅၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၁၀၂၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၅၀၀ခန့်နှင့် စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀ ခန့် တင်ပို့ခဲ့သည်။

ယခုလအတွင်း မြန်မာ-တရုတ်နယ်စပ်မှ ဆန်တန်ချိန် ၅၀ ခန့် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂ သန်း ရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၂၇ သန်းရရှိပြီး ဆန်တန်ချိန် ၄၇၂၅၀ ကျော် တင်ပို့နိုင်ခဲ့သည်။

**ဆန်ကွဲ**

ဧပြီ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၈၁ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၁၈၅၀ ကျော် တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၃၂၀၀ ကျော်နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၈၅၈၀ ကျော် တင်ပို့နိုင်ခဲ့သည်။

အီးယူးအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၃၉၀၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၉၈၀ ခန့်၊ အင်္ဂလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၂၀ ကျော်၊ ပေါ်တူဂီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၀၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ ခန့်၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၅၀ ကျော်၊ အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀ နှင့် ချက်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀ ကျော် တင်ပို့ခဲ့ပြီး အာရှနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန်၈၃၈၀ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀ ခန့် တင်ပို့ခဲ့သည်။

ယခုလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၅ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၈၁၀ ကျော် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ဒသမ ၃၈၆ သန်းရရှိပြီး ဆန်ကွဲတင်ပို့မှု တန်ချိန် ၄၅၆၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ဧပြီ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် စုစုပေါင်း ၉၂၉၀၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၉၁၃ သန်းရရှိကြောင်း သိရသည်။ **အေးအေးသန့် (DOT)**

# ပြည်ခရိုင် စားဖိုဆောင်သီးနှံများ၏ ဈေးနှုန်းဈေးကွက်

**ကြက်သွန်ဖြူ**

ပြည်ဈေးကွက်တွင် စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သည့် ကြက်သွန်ဖြူမှာ ရှမ်းပြည်နယ်မှ အဝင်ရှိသော ရှမ်းမြွှာများရှိသလို မန္တလေးဘက်မှ အဝင်ရှိသော ကြူကုတ်များလည်းရှိသည်။ ပွဲရုံများမှ ရှမ်းစလက်ကား တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ လက်လီတစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဖြင့် လည်းကောင်း၊ ကြူကုတ် တစ်ပိဿာလျှင် လက်ကား ကျပ် ၆၅၀၀၊ လက်လီတစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဖြင့် ဒေသတွင်းအရောင်းအဝယ်ဖြစ်သလို Online ဈေးကွက်တွင်လည်း ကြူကုတ် (အကြီး) တစ်ပိဿာလျှင် ကျပ် ၇၆၀၀၊ ရှမ်းစကြက်သွန်ဖြူ အကြီး တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဖြင့် အမှာရှိသလို အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်များက ပြည်ဈေးကွက်သို့ ရာသီဥတုအခြေအနေအရ အဝင် အနည်းငယ် လျော့နည်းခဲ့ပြီး ယခုတစ်ပတ်မှာတော့ ပုံမှန် အဝင်ဆက်ရှိနေကြောင်း သိရှိရသည်။ ခရိုင်အတွင်းရှိ မြို့နယ်များမှ အမှာများလည်းရှိသလို မြန်အောင်၊ ကြံခင်း၊ ကွင်းလှမြို့နယ်များလည်း အမှာရှိကြောင်း သိရသည်။

**ခရမ်းချဉ်သီး**

ပြည်ဈေးကွက်၌ ဧပြီလအတွင်း ခရမ်းချဉ်သီး လက်လီအချော(အကြီး) တစ်ပိဿာလျှင် ကျပ် ၂၄၀၀ (လတ်) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးရှိပြီး၊ လက်ကားတစ်ပိဿာလျှင် (ကြီး) ကျပ် ၃၀၀၀ (လတ်) ကျပ် ၂၅၀၀ ဈေးရှိခဲ့သည်။ သီးနှံရှားချိန်ဖြစ်၍ ဈေးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် ရှမ်းခရမ်းချဉ်သီးချော (ကြီး)တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ လက်ကား တစ်ပိဿာလျှင် ကျပ် ၂၂၀၀-၂၅၀၀ ဈေးဖြင့် လက်လီအရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**အာလူး**

အာလူးကို ဒေသတွင်းလုပ်ငန်းရှင်များက အဝယ်ရှိသည့်အပြင် လက်လီသမားများကလည်း အဝယ်ရှိသည်။ အာလူးအချောကြီး လက်လီတစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဈေးရှိပြီး လက်ကား တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဈေးရှိသည်။ အလုံးအကြီး အသေးရောရာ တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ဈေးရှိကြောင်း သိရှိရသည်။

**ကြက်သွန်နီ**

ပြည်ဈေးကွက်၌ ယခုတစ်ပတ်တွင် ကြက်သွန်နီသီးနှံ ဝင်ရောက်မှုနည်းသွားကာ အောင်လံ၊ တောင်တွင်းဘက်မှသာ အဝင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် တစ်ပတ်လျှင် ရက်ခြား ပိဿာချိန် ၂၃၀၀၀ ခန့်သာ အဝင်ရှိနေသည်။ အဝင်နည်းသလို အရောင်းအဝယ်မှာလည်း ပါးနေကြောင်းသိရပြီး ဈေးနှုန်းမှာလည်း လက်လီလက်ကား တစ်ပိဿာလျှင် ကျပ် ၂၂၀၀ - ၂၅၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။

ပြည်ဈေးကွက်အတွင်း မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ကြက်သွန်နီများအပြင် ပြည်ဒေသထွက် မော်ဇာကြက်သွန်နီနှင့် ဆင်မြီးဆွဲ ကြက်သွန်နီများကို ဈေးများတွင် စိုက်ပျိုးသူတောင်သူများက ကိုယ်တိုင်ရောင်းချသလို Onilne ပေါ်မှလည်း ရောင်းချကြသည်။ ပြည်ဒေသထွက် ကြက်သွန်နီများကို အထုံးတွဲလေးများဖြင့်ထုံးကာ ရောင်းချကြပြီး အမြစ်ဖြတ်မထားသည့်အတွက် ကြာကြာအထားခံပြီး အစို့မပေါက်သလို ပုပ်ခြင်းနှင့် အလေးချိန်လျော့ခြင်းတို့ကိုလည်း စိုးရိမ်စရာ မလိုတော့ဘဲ စားသုံးသူများက စိတ်ချစွာ ဝယ်ယူစားသုံးကြကြောင်း သိရသည်။

ပြည်ခရိုင်အတွင်း ကြက်သွန်နီ စိုက်ဧက ၇၂၇ ဧက စိုက်ပျိုးပြီး တစ်ဧကလျှင် အထွက်နှုန်း ပိဿာချိန် ၄၂၀၀ ခန့် ထွက်ရှိကြောင်း သိရပြီး ကြက်သွန်နီ အထုံးတွဲ တစ်ပိဿာလျှင် ကျပ် ၂၆၀၀-၂၇၀၀ တို့ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဆုမွန်ဆွေ၊ ဝင်းလဲ့ဝါ(ပြည်)**

# တောင်ငူခရိုင် နှမ်းစပါးနှင့် ပဲစိုက်ပျိုးထွက်ရှိမှု ဈေးနှုန်း အခြေအနေ

**နွှေစပါး**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း နွှေစပါး ၁၇၈၉၁ ဧက ရှိရာ အထွက်ကောင်းစပါးမျိုးများဖြစ်သော ထိုင်းနှံကောက်၊ နယူးရော-၁၂၊ ဆင်းသုခ၊ ရက် ၉၀ မျိုးများကို စိုက်ပျိုးကြသည်။

ဇန်နဝါရီလတွင် စိုက်ပျိုးထားသည့် နွှေစပါးများသည် ယခုအခါ စတင်ရိတ်သိမ်းနေပြီဖြစ်သည်။ တောင်ငူမြို့နယ် ကြံတောကျေး ရွာမှ တောင်သူဦးနိုင်ဦးသည် ထိုင်းနှံကောက်စပါးများကို စိုက်ပျိုးထားရာ မေ ၁၀ ရက်က စတင်ရိတ်သိမ်းခဲ့ပြီး အထွက်နှုန်းမှာ တင်း ၁၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

တောင်ငူမြို့နယ်တွင် ယခုနှစ် နွှေစပါးအထွက်နှုန်းမှာ တစ်ဧက တင်း ၈၀ မှ ၉၅ တင်းအထိ ထွက်ရှိနိုင်သည်ဟု သက်ဆိုင်ရာဌာနက ခန့်မှန်းထားသည်။ နွှေစပါးပေါ်ခါစ ယခုအချိန် စပါးဈေးမှာ လယ်ကွင်းဈေး တင်း ၁၀၀ လျှင် ကျပ် ၁၅၅၀၀၀၀၊ မြို့ပေါ် ဆန်စက်အရောက်ဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀ရှိကြောင်း သိရသည်။

**ပဲမျိုးစုံ**

တောင်ငူခရိုင်တွင် တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်များရှိသည်။ ယင်းမြို့နယ်များတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲလွန်းဖြူများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ တောင်ငူခရိုင်တစ်ခုလုံးအနေဖြင့် မတ်ပဲ ၂၁၄၉၂၁ ဧက၊ ပဲတီစိမ်း ၄၅၀၅၅ ဧကနှင့် ပဲလွန်းဖြူ ၉၈၅၄ ဧက ရှိသည်။

သက်ဆိုင်ရာဌာနများ၏ မှတ်တမ်းများအရ မတ်ပဲတစ်ဧက အထွက်နှုန်းမှာ ၁၂ဒသမ၅၀ တင်း၊ ပဲတီစိမ်း ၁၄ ဒသမ၄၉ တင်းနှင့် ပဲလွန်းဖြူ ၁၄ ဒသမ ၅၆ တင်းရှိကြောင်းသိရသည်။ တောင်ငူခရိုင်တွင် လူဦးရေ ၁၀၅၆၈၀၀ ကျော်ရှိရာ လက်ရှိအထွက်နှုန်းအရ မျိုး၊ အလေအလွင့်နှင့် ဒေသတွင်းစားသုံးမှုများကို ချန်လှပ်လျှင် မတ်ပဲ ၈၁၈၀၀ တန်၊ ပဲတီစိမ်း ၁၇၈၀၀ တန်နှင့် ပဲလွန်းဖြူ ၄၀၀၀ တန်ခန့် ပိုလျှံမည်ဖြစ်သည်။

တောင်ငူမြို့၏ လက်ရှိဒေသပေါက်ဈေးမှာ မတ်ပဲ (တစ်တင်းခွဲအိတ်)တစ်အိတ်လျှင် ကျပ် ၁၀၉၀၀၀၊ ပဲတီစိမ်း (တစ်တင်းခွဲအိတ်)တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ နှင့် ပဲလွန်းဖြူ(တစ်တင်းခွဲအိတ်) တစ်အိတ်လျှင် ကျပ် ၆၇၀၀၀ ရှိသည်။

တောင်သူအများစုမှာ ထွက်ရှိသောပဲများကို နီးစပ်ရာမြို့များရှိ ပွဲရုံများသို့ ရောင်းချပြီး တောင်သူလယ်သမားကြီးအချို့မှာ ထွက်ရှိသောပဲများကို ခေတ္တသိုလှောင်၍ ဈေးမြင့်တက်သည့် အချိန်ကျမှ မြို့ကြီးများရှိ ပွဲရုံကြီးများသို့ တိုက်ရိုက်ရောင်းချကြောင်း၊ ပွဲရုံကြီးများမှ ပဲများကို သန့်စင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**မြင့်သူ၊ စောသန်းထိုက်ကျော် (တောင်ငူ)**





# လာခဲ့ပါအဆွေ မင်းကွန်းမြေသို့

## သန်းသန်းတင် (မုံရွာ)

ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုး စသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ညွှန်းသည့်ပြယုဂ်များဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးဟောင်းအမွေအနှစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးက စိတ်ဝင်စားသည့် ရှေးဟောင်းအမွေအနှစ်များ တည်ရှိရာ မင်းကွန်းသည် မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းမြို့နယ် စစ်ကိုင်းတောင်တန်း၏ မြောက်ဘက် မင်းကွန်းတောင်ခြေတွင် တည်ရှိသည်။ စစ်ကိုင်းမြို့မှ ၁၃ မိုင်ခန့်ဝေးပြီး မန္တလေးမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်ဝေးသည်။

မင်းကွန်းတောင်ရိုးရှိ ရှေးဟောင်းအမွေအနှစ်များတွင် ပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး၊ ခြင်္သေ့ကြီး၊ ရေကန်ကြီးဟူသော ဘိုးတော်ဘုရား၏ ကောင်းမှုတော် ကမ္ဘာကျော် ကြီးလေးကြီးနှင့် မြသိန်းတန် စေတီတော်တို့ ပါဝင်ကြသည်။ ထိုရှေးဟောင်း အမွေအနှစ် များ၏ ခမ်းနားထည်ဝါမှုကြောင့် ကမ္ဘာလှည့်ခရီးသည်တို့သည် မင်းကွန်းတောင်ရိုးသို့ ခြေချင်းလိမ်အောင် လာလျက်ရှိရာ မြန်မာနိုင်ငံသားတို့အတွက် ဂုဏ်ယူဝင့်ကြွားစရာကောင်းလှသည်။ မင်းကွန်းမြေသို့ ၂၀၁၉ ခုနှစ်တွင် ပြည်ပခရီးသွားများ လာရောက်မှု တစ်သိန်းခြောက်သောင်းကျော်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လထိ သုံးသောင်းငါးထောင်ခန့် လာရောက်ကြပြီး ကိုဗစ်(၁၉) ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ယခုချိန်ထိ ပြည်ပခရီးသွားများ လာရောက်မှုမရှိသော်လည်း ပြည်တွင်းခရီးသွားများမှာ နှစ်စဉ်သိန်းချီ၍ လာရောက်မှုရှိကြောင်း နှင့် စစ်ကိုင်းမြို့ပေါ်တွင် ဟိုတယ်နှင့် မိုတယ် ၁၀ လုံးရှိကြောင်း စစ်ကိုင်းမြို့နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ သိရှိရသည်။

### rif;uGef;ykxdk;awmfuD;

အံ့ဖွယ်မငြီး မင်းကွန်းပုထိုးတော်ကြီးသည် အဝေးက ဖူးမြော်လျှင်လည်းကောင်း၊ အနီးကပ်ဖူးမြော်လျှင်လည်းကောင်း ထုထည်ကြီးမားနေသည်မှာ အခြားစေတီတော်တို့ထက် ထူးခြားပြီး ထုံးရောင်၊ ရွှေသင်္ကန်းရောင် မတောက်ဘဲ ရဟန်းတော်တို့ဝတ်ဆင်သော သင်္ကန်းရောင်တောက်ပနေသည်။ ဘိုးတော်ဘုရားသည် ပုထိုးတော်ကြီးကို မြန်မာသက္ကရာဇ် ၁၁၅၂ ခုနှစ် တပို့တွဲလဆန်း ၅ရက်က စတင်အုတ်မြစ်ချခဲ့ပြီး ကမ္ဘာပေါ်၌ ကြီးကျယ်ခမ်းနားဆုံး စေတီကြီးတစ်ဆူဖြစ်အောင် အမြင့်ပေ ၅၀၀ တိတိ မြင့်မားစေရန် ရည်သန်ဆောက်လုပ်ခဲ့သည်။ ဘိုးတော်ဘုရားသည် အမရပူရ ရွှေနန်းတော်မှ မင်းကွန်းသို့ ကြိမ်ဖန်များစွာ ကြွရောက်စံမြန်းတော်မူလျက် အနီးကပ်ကြပ်မတ်ညွှန်ကြားတော်မူခဲ့ရာ ၁၅ နှစ်မှ အနှစ် ၂၀ တိုင်တိုင် ကြာညောင်းခဲ့သည်။ တိုင်းပြည်အရပ်ရပ်မှ လူထုအင်အားဖြင့် တည်ဆောက်ခဲ့ရာ နှစ်ပေါင်းကြာလတ်သော် ပြည်သူလူထုတို့ များစွာပင်ပန်းကြကြောင်း ရာဇဝင်တို့၌ ဆိုလေသည်။

ပုထိုးတော်ကြီးတည်နေချိန်မှာပင် "ဘုရားလည်းပြီး ပြည်ကြီးလည်း ပျက်လတ္တံ့၊ မင်းကွန်းဘုရားကြီး အပြီးသတ်၊ မုဆိုးသုညကပ်" ဟူသော တဘောင်များပေါ်လာခြင်းကြောင့် ပြီးဆုံးအောင် မတည်ခဲ့သဖြင့် ယခုတိုင် တစ်ပိုင်းတစ်စနှင့် ရှိနေသည်။ ပုထိုးတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်( ခရစ်နှစ် ၁၈၃၈ ခုနှစ်)၌ လှုပ်သော ငလျင်ဒဏ်ကြောင့် လေးဖက်လေးတန်မှ ပြိုကျခဲ့သည်။ ၁၉ ရာစုနှစ် မြန်မာဘုရင်ကောင်းမှုတော်ဖြစ်သော ဤစေတီမျိုးကား ဤကမ္ဘာ၌ ရှာမှရှားဟု အာရှဗိသုကာသမိုင်းစာအုပ်၌ မာဂူဆင်ဆိုသူက ရေးသားထားကြောင်း လေ့လာသိရှိရသည်။

### rif;uGef;jcaoGfuD;

မင်းကွန်းပုထိုးတော်ကြီး၏ အရှေ့ဘက် မြစ်ကမ်းနဖူးတွင် ၉၅ ပေအမြင့် ရှိသောကေသရာဇာ ခြင်္သေ့ပုံသဏ္ဌာန် အုတ်ခြင်္သေ့ကြီးနှစ်ကောင်ကို ဘိုးတော်ဘုရားသည် မြန်မာသက္ကရာဇ် ၁၁၅၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့က စတင်တည်ဆောက်ခဲ့ပြီး အုတ်ပေါင်း ရှစ်သိန်းကုန်ခဲ့ကြောင်း သိရှိရသည်။ ခြင်္သေ့ကြီးနှစ်ကောင်သည် ၄၅ နှစ်ပတ်လုံး အကောင်းပကတိ တည်ရှိနေရာမှ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၇ ရက်၊ ၈ ရက်နေ့တို့၌လှုပ်သော ငလျင်ဒဏ်ကြောင့် ရှေ့ပိုင်းကိုယ်များ ပြိုကျမြေခခဲ့ရသည်။ နှစ်ပေါင်းများစွာ ဂုဏ်မြင့်ထည်ဝါ ဝင့်ကြွားခဲ့သော်လည်း ယခုပျက်စီးယိုယွင်းနေပြီဖြစ်သော ခြင်္သေ့ကြီးနှစ်ကောင်က ဘုရားရှင်တော်ဟောကြားတော်မူခဲ့သော ပျက်စီးတတ်သည့် သင်္ခါရသဘောတရားကို လာရောက်လေ့လာသူတိုင်းအား အသံတိတ် တရားပြလျက်ရှိနေသည်။

### rif;uGef;acgif;avmif;awmfuD;

မြန်မာပြည်ရှိ စေတီ၊ ပုထိုး၊ သိမ်၊ ကျောင်း၊ ဇရပ်တို့၌ ခေါင်းလောင်းများကို ချိတ်ဆွဲလှူဒါန်းလေ့ရှိရာ မင်းကွန်းခေါင်းလောင်းတော်ကြီးသည် မြန်မာပြည်၌ အကျော်ကြားဆုံး အကြီးမားဆုံးဖြစ်သည်။ မင်းကွန်းခေါင်းလောင်းတော်ကြီးကို ဘိုးတော်ဘုရား အမိန့်တော်အရ ပန်းတဉ်းဝန်မဟာနန္ဒကျော်သူက ကြပ်မတ်၍ မြန်မာသက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်နေ့က သွန်းလုပ်ခဲ့သည်။

ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်ရာ၌ ကြေးပိဿာချိန်ပေါင်း ၅၅၅၅၅ ပိဿာဖြင့်သွန်းလုပ်ခဲ့၍ လွယ်ကူစွာ မှတ်သားနိုင်စေရန် မင်း-ဖြူ-မှန်-မှန်-ပြော ဟူသော သင်္ကေတတစ်ခု တီထွင်ခဲ့သည်။ အလေးချိန်ကို သွန်းလုပ်ပြီးမှ ချိန်တွယ်ခြင်းမဟုတ်ဘဲ ကြေးများကို စာရင်းများဖြင့် မှတ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။ ပထမဦးဆုံး ခေါင်းလောင်းတော်ကြီးကို အုတ်တံတိုင်းပေါ်၌ သစ်သားရက်မကြီးတပ်၍ ချိတ်ဆွဲလှူဒါန်းခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၀၀ပြည့်နှစ် (ခရစ်နှစ် ၁၈၃၈ ခုနှစ်)၌ လှုပ်သောငလျင်ဒဏ်ကြောင့် ခေါင်းလောင်းတော်ကြီး ပြုတ်ကျမြေခခဲ့ရာ ကြေးချိန် ငါးပိဿာခန့် ပဲ့ထွက်သွားခဲ့သည်။ ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် ဧရာဝတီသင်္ဘောကုမ္ပဏီမှ မစ္စတာစီဂျီဂွန်ဦးဆောင်ပြီး မူလသစ်သား ရက်မ၊ အုတ်တိုင်တို့ကို သံရက်မ၊ သံတိုင်တို့ဖြင့် ပြောင်းလဲတပ်ဆင်ပေးခဲ့ရာ ယနေ့မြင်နေရသည့် ပုံအတိုင်း ဖြစ်ပေသည်။

> **အံ့ဖွယ်မငြီး မင်းကွန်းပုထိုးတော်ကြီးသည် အဝေးက ဖူးမြော်လျှင်လည်းကောင်း၊ အနီးကပ် ဖူးမြော်လျှင် လည်းကောင်း ထုထည်ကြီးမားနေသည်မှာ အခြားစေတီတော်တို့ထက် ထူးခြားပြီး ထုံးရောင်၊ ရွှေသင်္ကန်းရောင် မတောက်ဘဲ ရဟန်းတော်တို့ ဝတ်ဆင်သော သင်္ကန်းရောင် တောက်ပနေသည်။**

### urmhtuD;qHk;acgif;avmif;awmfuD;rsm;

ကမ္ဘာ့သမိုင်းဝင် ခေါင်းလောင်းတော်ကြီးများအနက် ရုရှားနိုင်ငံ မော်စကိုမြို့ ကရင်မလင်နန်းတော်က ဇာကိုလိုကော့အမည်ရှိ ခေါင်းလောင်းကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးဖြစ်ပြီး အလေးချိန် တန် ၂၀၀ ကျော်၊ အမြင့် ၁၉ ပေ၊ ၃ လက်မရှိသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး ခေါင်းလောင်းတော်ကြီးမှာ မော်စကိုမြို့၌ပင်ရှိ၍ အလေးချိန် ၁၂၈ တန်ရှိသည်။ ကမ္ဘာ့တတိယအကြီးဆုံး ခေါင်းလောင်းတော်ကြီးမှာ မင်းကွန်းခေါင်းလောင်းတော်ကြီးဖြစ်ပြီး အလေးချိန် ၉၀ ဒသမ ၅၂ တန်၊ အမြင့် ၂၇ ပေ၊ ၈ လက်မရှိသည်။ ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းတော်ကြီးနှစ်ခုမှာ တီးနိုင်၊ ထိုးခေါက်နိုင်ခြင်းမရှိဘဲ မြေစိုက်ခေါင်းလောင်းကြီးများသာ ဖြစ်ကြသည်။ မင်းကွန်းခေါင်းလောင်းတော်ကြီးသည် တီးနိုင်၊ ထိုးခေါက်နိုင်သော ကမ္ဘာပေါ်၌ အကြီးဆုံးခေါင်းလောင်းတော်ကြီးဖြစ်သည်။

### uuf;xmif;uef;awmfuD;

ဘိုးတော်ဘုရားသည် ကြက်ထောင့်စေတီအနီး၌ ယာယီစံမြန်းတော်မူစဉ် မြန်မာသက္ကရာဇ် ၁၁၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်နေ့တွင် ကြက်ထောင့်ကန်တော်ကြီးကို စတင်တူးဖော်ပြီး ကန်ဘောင်ရိုး၊ တံတိုင်း၊ မုခ်တိုင်၊ ကျောက်လှေကား စသည်တို့ဖြင့် တခမ်းတနား တည်ဆောက်ခဲ့သည်။ အကျယ် ၄၂၀ ပေ၊ အနက် ၃၁ ပေ ၈ လက်မရှိသဖြင့် အနက်ဆုံးကန်တော်ကြီးဟု ဆိုရမည်ဖြစ်သည်။ ထူးခြားချက်တစ်ရပ်မှာ မြစ်နှင့်အလှမ်းဝေးနေသော်လည်း မြစ်ရေတိုးလျှင် ကန်ရေတိုးလာပြီး မြစ်ရေနည်းလျှင် ကန်ရေနည်းလာသော်လည်း ရာသီမပြတ် ရေရှိနေတတ်သည်။ ကြက်ထောင့်ကန်တော်ကြီးကို ဘိုးတော်ဘုရား၏ ကောင်းမှုတော်စာရင်း အမှတ်(၆၇)၌ သမိုင်းဝင် မှတ်တမ်းတင်ထားခြင်း၊ နောက်မင်းအဆက်ဆက်တို့က အရေးတယူ သွားရောက်ရှုစားကြခြင်းတို့ ကြောင့် သမိုင်းဝင်ကန်တော်ကြီးအဖြစ် သမိုင်းပညာရှင်တို့က လက်ခံကြသည်။

### jroef;wef;apwD;awmf

မြသိန်းတန်စေတီတော်ကြီးသည် မင်းကွန်းခေါင်းလောင်းတော်ကြီး၏ မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာတွင်ရှိပြီး ဉာဏ်တော်အမြင့် ၃၂၁ ပေရှိကာ တည်ဆောက်ပုံ ဆန်းကြယ်လျက် မြန်မာပြည်၌ အသပ္ပာယ်ဆုံးနှင့် ဘုရားဖူးလာသူတို့၏ စိတ်နှလုံးကို ညှို့ယူဖမ်းစားနိုင်သော စေတီတော်ကြီးတစ်ဆူဖြစ်သည်။

မြသိန်းတန်စေတီတော်ကြီးကို ဘိုးတော်ဘုရား၏ မြေးတော် စစ်ကိုင်းမင်းသားသည် မြန်မာသက္ကရာဇ် ၁၁၆၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သည်။ မြသိန်းတန်စေတီတော်ကြီးသည် တာဝတိံသာနတ်ပြည်ကို ပုံစံချတည်ဆောက်ခဲ့သဖြင့် ဆန်းကြယ်လှပါသည်။ အခြားစေတီတော်များကဲ့သို့ တံတိုင်းလေးထောင့်မဟုတ်ဘဲ အဝိုင်းလုပ်ထားသည်မှာ စကြာဝဠာကို ရည်ရွယ်သည်။ စေတီတော်ကြီး၏ အောက်ခြေက တရွေ့ရွေ့ မြင့်တက်လာသော ရေလှိုင်းအတွန့်သဏ္ဌာန် ပစ္စယံ(၇)ဆင့်မှာ သီတာ(၇)တန်၊ တောင်ရံ(၇)လုံးကို ရည်ရွယ်သည်။ ထိုပစ္စယံ (၇)ဆင့်မှာ ကျယ်ပြန့်လှသဖြင့် ပရိသတ်များ လှည့်လည်သွားလာနိုင်ပေသည်။

စာမျက်နှာ ၁၁ သို့



# ဧပြီလအတွင်း ဓာတ်မြေသြဇာနှင့် ဘိလပ်မြေ တင်သွင်းမှု အခြေအနေ

**ဓာတ်မြေသြဇာ**

ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၀၃၁ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာ တန်ချိန် ၅၅၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် အိုမန်နိုင်ငံမှ တန်ချိန် ၂၂၀၀၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၇၀၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၆၂၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၆၀၀၀ခန့်၊ လာအိုနိုင်ငံမှ တန်ချိန် ၁၂၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀ခန့်၊ ဖင်လန်နိုင်ငံမှ တန်ချိန် ၂၀၀ ခန့်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၂၀ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၆၀၀ ကျော်၊ ပိုလန်နိုင်ငံမှ တန်ချိန် ၄၅၀ ကျော်၊ ဥဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၆၀၀ခန့် တင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

နယ်စပ်ကုန်သွယ်မှုမှ ဧပြီ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၇၄၂ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာ တန်ချိန် ၉၀၀၀ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၈၉၀၀ ခန့်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၁၀၀ ခန့် တင်သွင်းခဲ့သည်။

ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၀ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၄၀၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၂၆၀၀ ကျော်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ တန်ချိန် ၁၁၅၀ ခန့်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၅၀ ကျော်၊ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုလ၌ နယ်စပ်ကုန်သွယ်မှုမှ ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၉ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၈၀၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ဧပြီလအတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**နို့ဆီ၊ နို့မှုန့်**

ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၈ သန်းတန်ဖိုးရှိ နို့ဆီတန်ချိန် ၁၃၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် စင်ကာပူနိုင်ငံမှ တန်ချိန် ၁၀၀၀ ခန့်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၅၀ ခန့်နှင့် မလေးရှားနိုင်ငံမှ တန်ချိန် ၂၅၀ ကျော် တင်သွင်းခဲ့သည်။ ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈၆ သန်း တန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၀၀၀ ခန့် တင်သွင်းခဲ့သည်။

**ဆေးဝါးပစ္စည်း**

ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၈၃ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၄၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

**စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**(၁၅.၅.၂၀၂၃)ရက်နေ့မှ (၂၁.၅.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်**
**ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု**

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1003 |
| ပျမ်းမျှငွေလဲနှုန်း | 2488 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,119,330 | 5.09 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 12,477,320 | 20.37 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 105,315,000 | 171.97 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,837,200 | 12.80 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **135,231,570** | **220.83** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,495,464,000 | 4,074.96 |
| | **စရိတ်စုစုပေါင်း** | | **2,630,695,570** | **4,295.78** |

## ပြည်တွင်းရွှေဈေး ကျပ် သိန်း ၃၀ ကျော် ပြင်ပပေါက်ဈေးရှိ

လက်ရှိ ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သား ကျပ်သိန်း ၃၀ ကျော်တွင်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့် နှစ်ပတ်တာကာလအတွင်း ကျပ်သိန်း ၃၀ နီးပါး ဖြစ်ပေါ်ခဲ့ သည့် ပြည်တွင်းရွှေဈေးနှုန်းမှာ မေ ၈ ရက်မှစတင်ကာ ကျပ်သိန်း ၃၀ ကျော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ မေ ၁၁ ရက်တွင် တစ်အောင်စ ၂၀၁၃ ဒေါ်လာ၊ ၁၂ ရက်တွင် ၂၀၀၈ ဒေါ်လာ၊ ၁၃ ရက်တွင် ၂၀၁၀ ဒေါ်လာ၊ ၁၄ ရက်တွင် ၂၀၁၄ ဒေါ် လာ၊ ၁၅ ရက်တွင် ၂၀၁၈ ဒေါ်လာ၊ ၁၆ ရက်တွင် ၂၀၂၀ ဒေါ်လာ၊ ၁၇ ရက်တွင် ၁၉၈၈ ဒေါ်လာ၊ ၁၈ ရက်တွင် ၁၉၉၁ ဒေါ်လာဖြစ်ကြောင်း သိရသည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းရွှေဈေးနှုန်းများအနေဖြင့် မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၃၀၀၅၀၀၀၊ ၁၃ ရက်တွင် ကျပ် ၃၀၀၂၀၀၀၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျပ် ၃၀၀၇၀၀၀၊ ၁၆ ရက်တွင် ကျပ် ၃၀၂၃၀၀၀၊ ၁၇ ရက်တွင် ကျပ် ၃၀၂၀၀၀၀၊ ၁၈ ရက်တွင် ကျပ် ၃၀၁၇၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ပြည်တွင်း ငွေကြေးဈေးကွက် တည်ငြိမ်ပြီး ဈေးကွက်အေးနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းငွေလဲနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်လျက်ရှိရာ လက်ရှိ ငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးကွက် တည်ငြိမ်စေရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အတူ ဆက်လက်ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် ဗဟိုဘဏ်အနေဖြင့် ပြင်ပဈေးအတိုင်း ရောင်းဝယ်မှုများ ပြုလုပ်နေသည့် လိုင်စင်ရ ငွေလဲကောင်တာများကိုလည်း အရေး ယူမှုများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် လက်ရှိ ဗဟိုဘဏ်က မှတ်ပုံတင်ထုတ်ပေးထားသည့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် Money Changer လုပ်ငန်း ဆောင်ရွက်လိုပါက ဘဏ်မဟုတ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းအောက်မှ မဟုတ်ဘဲ သီးခြားကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီအမည်ဖြင့် လျှောက်ထားရန် မူဝါဒချမှတ်ထားကြောင်း သိရသည်။

**ပန်းဆု**

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၈၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

မေ ၄ ရက်မှ ၁၇ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုးကျပ်သန်း ၁၈၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၇၅၆၇၈ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၈၇ ဒသမ ၇၁ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၆၃၅၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅၁ ဒသမ ၅၄ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၁၉၆၉၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅၅ ဒသမ ၅၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၅၁၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၆၃ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၄၅၃၃၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆၅ ဒသမ ၆၆ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၂၃၆၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးကျပ် ၅ ဒသမ ၉၁ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၅၇၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၄၆ သန်း၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၈၃၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၉၇ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၂၆ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မေ ၁၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၈ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၃၀၀၇၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မေ ၁၇ ရက်တွင် ကျပ် ၃၀၁၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ယခု ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) သည် တိုးတက်မှုနှုန်း ၃ ဒသမ ၃ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိလာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ခန့်မှန်းထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် မေ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်သည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် မေ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၈၆၀-၂၈၆၅ ကျပ်ကြားရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၁-၅-၂၀၂၃ | ၁၂-၅-၂၀၂၃ | ၁၅-၅-၂၀၂၃ | ၁၆-၅-၂၀၂၃ | ၁၇-၅-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၃.၇၀၅ | ၃၃.၉၈၅ | ၃၃.၇၉၅ | ၃၃.၉၅၀ | ၃၄.၂၆၀ | ၁.၆၅ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၂၀ | ၁.၃၃၄ | ၁.၃၃၈ | ၁.၃၃၆ | ၁.၃၄၃ | ၁.၁၃ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၄၆၂ | ၄.၄၇၉ | ၄.၄၈၇ | ၄.၄၉၆ | ၄.၅၂၄ | ၁.၃၉ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၇၂၃ | ၁၄၇၅၀ | ၁၄၈၀၀ | ၁၄၈၂၀ | ၁၄၈၆၅ | ၀.၉၆ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၉၃၇ | ၆.၉၅၂ | ၆.၉၅၃ | ၆.၉၆၇ | ၆.၉၉၅ | ၀.၈၄ | ↑ |
| ၇ | Indian Rupee | INR | ၈၂.၀၈၃ | ၈၂.၁၆၀ | ၈၂.၂၉၀ | ၈၂.၂၄၃ | ၈၂.၃၇၉ | ၀.၃၆ | ↑ |
| ၈ | Japanese Yen | JPY | ၁၃၄.၆၉၃ | ၁၃၄.၇၂၀ | ၁၃၆.၂၄၉ | ၁၃၅.၇၄၇ | ၁၃၆.၈၈၈ | ၁.၆၃ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၈၄ | ၁.၄၉၆ | ၁.၄၉၇ | ၁.၄၉၅ | ၁.၅၀၄ | ၁.၃၅ | ↑ |
| ၁၀ | Euro | EUR | ၀.၉၁၅ | ၀.၉၁၇ | ၀.၉၂၀ | ၀.၉၁၈ | ၀.၉၂၃ | ၀.၈၇ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၄ | ၀.၇၉၉ | ၀.၈၀၁ | ၀.၇၉၈ | ၀.၈၀၄ | ၁.၂၆ | ↑ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် Thai Rice Exporter Association Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၇ ဒေါ်လာဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၂ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၀ ဖြင့်လည်းကောင်း၊ ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၅ ဒေါ်လာဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၈ ဒေါ်လာဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၄ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့ သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဒေါ်လာ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဒေါ်လာ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ်ဆန်၊ ညှော့မထ ၅ ရာခိုင်နှုန်းဆန်၊ ညှော့မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ မြင့်တက်ခဲ့ပြီး ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ဝယ်လိုအားများလာသောကြောင့် ယခုတစ်ပတ်တွင် ဗီယက်နမ်ဆန်နှင့် ထိုင်းဆန်ဈေးနှုန်းများသည် ဈေးနှုန်းမြင့်မားလာကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံတွင် အရောင်းအဝယ် စာချုပ်များ အတိုင်း ဖြည့်ဆည်းတင်ပို့ရန် ဆန်များ အဝယ်သွက်နေခြင်းကြောင့် ယခုတစ်ပတ်အတွင်း ဆန်ဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံတွင်လည်း အင်ဒိုနီးရှားနိုင်ငံမှ ဆန် အဝယ်များလာခြင်းကြောင့် ထိုင်းဆန်ဈေးနှုန်း မြင့်မားလာခြင်းဖြစ်ကြောင်း သိရှိရသည်။


ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ မှ ၈၈၀၀၀ ကြားနှင့် ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ မှ ၁၀၅၀၀၀ ကြား ပေါက်ဈေးရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ ဆန်ကြမ်းဖြစ်သော ညှော့မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၅၄၀၀၀ မှ ၅၅၀၀၀ ကြား ပေါက်ဈေးရှိကာ ညှော့မထ ရိုးရိုးဆန် တစ်အိတ်လျှင် ကျပ် ၅၇၀၀၀ မှ ၅၈၀၀၀ ကြား ပေါက်ဈေးရှိနေပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ မေ ၁၂ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၆၈၇၃၂ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၈၈၇ သန်း၊ ဆန်ကွဲ တန်ချိန် ၆၈၅၄၄ ဒသမ ၂၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂၄၁ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၃၇၂၇၆ ဒသမ ၇၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၁၂၈ သန်းရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၉၆၁၁၃ ဒသမ ၉၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၃၇၁ သန်း၊ ဆန်ကွဲ တန်ချိန် ၁၂၇၃၃၀ ဒသမ ၂၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၉၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၃၂၃၄၄၄ ဒသမ ၁၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၃၆၃ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၂၇၃၈၁ ဒသမ ၄၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၄၈၄ သန်းနှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲ တန်ချိန် ၅၈၇၈၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၅၁ သန်း လျော့နည်းတင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့၌ မေ ၁၈ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ညှော့မထဆန် တစ်အိတ်လျှင် ၁၅၅ - ၁၆၀ ယွမ် (ပြင်ပ ငွေလဲနှုန်း တစ်ယွမ်လျှင် ၄၁၇ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ၆၄၆၃၅ ကျပ်မှ ၆၆၇၂၀ ကျပ်ကြား) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ညှော့မထ ဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ညှော့မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၄၃၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး မန္တလေးမြို့တွင် ညှော့မထဆန် တစ်ပြည်လျှင် ၂၅၀၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၃၁ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ်၊ မေလ တတိယပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ဆီနေကြာများ ရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ



ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နေကြာ စိုက်ပျိုးမှု ၅၅၄ ဧကသာရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နေကြာစိုက်ပျိုးမှုမှာ ၇၈၁၈ ဧကကျော်အထိ တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ သိရှိရသည်။

နေကြာစိုက်ပျိုးရာတွင် ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီမှ နေကြာစိုက် တောင်သူများအား ကူညီပံ့ပိုးမှုအနေဖြင့် တစ်ဧကလျှင် နေကြာမျိုးစေ့ သုံးကီလိုဂရမ်၊ ပုလဲဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ် တစ်အိတ်နှုန်းကို သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူဖြန့်ဖြူးရောင်းချခြင်း၊ စိုက်ပျိုးမှုနည်းပညာများ ဖြန့်ဝေအသိပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် လယ်ယာမြေများတွင် စပါးအပြီး ထယ်ထိုးထွန်မွှေ၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးခဲ့ကြကြောင်း၊ တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၄၅၀၀၀၀ ကျော်ခန့် ကုန်ကျခဲ့ပြီး တစ်ဧကလျှင် နေကြာစေ့ ၁၈ တင်းထွက်ရှိကြောင်း သိရှိရသည်။ စိုက်ပျိုးထွက်ရှိသည့် နေကြာများကို အများအားဖြင့် စားသုံးဆီ ဖူလုံနိုင်ရန် ဆီနေကြာအဖြစ် ကြိတ်ခွဲကြကြောင်း၊ နေကြာ သုံးတင်းလျှင် နေကြာဆီ ၁၀ ပိဿာ ကြိတ်ခွဲထွက်ရှိကြောင်း၊ နေကြာဆီ ၁၀ ပိဿာပုံး တစ်ပုံးလျှင် လက်ရှိဒေသတွင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၁၃၀၀၀၀ ရှိခဲ့သောကြောင့် နေကြာစိုက် တောင်သူများအနေဖြင့် စားသုံးဆီ ဖူလုံရေးအတွက် အထောက်အကူပြုပြီး အပိုဝင်ငွေများ ရရှိနေသောကြောင့် နောင်နှစ်များတွင် ပိုမိုတိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း နေကြာစိုက်တောင်သူများထံမှ သိရသည်။

**ဝင်းသိန်းဦး (မိုးညှင်း)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ဇင်ဘာဘွေနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆွာဇီလန်နိုင်ငံတွင် ၆ ဒသမ ၇၀ ရာခိုင်နှုန်း၊ Seychelles နိုင်ငံတွင် ၅ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် Curacao နိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၇ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ အန်ဒိုရာ၊ ဩစတြေးလျ၊ ဘာဘေဒို၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ အီတလီနှင့် ပိုလန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၇ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဂျပန်၊ ဘရာဇီး၊ အိုက်စလန်၊ အိုင်ယာလန်၊ ပေါ်တူဂီ၊ ဂရိ၊ နယ်သာလန်၊ ဟန်ဂေရီ၊ လက်ဘနွန်၊ ပြင်သစ်နှင့် ခရိုအေးရှား အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၇၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မေ ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၇ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများ အားလုံးတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် အီဂျစ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၁၃ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဇင်ဘာဘွေနိုင်ငံတွင် ၁၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ ကင်ညာနိုင်ငံတွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ဖင်လန်နိုင်ငံတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဒိန်းမတ်၊ ဂျာမနီ၊ အီတလီ၊ ဂျော်ဒန်၊ မိုနာကို၊ နယူးဇီလန်၊ တောင်အာဖရိကနှင့် တူရကီ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၆ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ကမ္ဘောဒီးယား၊ ဂျပန်၊ စပိန်၊ ဂရိ၊ ဟန်ဂေရီ၊ လက်ဘနွန်၊ နယ်သာလန်၊ ဘရာဇီး၊ ပြင်သစ်နှင့် ပီရူးအပါအဝင် နိုင်ငံပေါင်း ၄၀ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများ အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၆ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများအားလုံးတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၉၉ | ၀.၉၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၄ | ၀.၉၈ |
| ၃ | ထိုင်း | လီတာ | ၁.၂၆ | ၀.၉၅ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၈ | ၀.၇၉ |
| ၅ | စင်ကာပူ | လီတာ | ၁.၉၆ | ၁.၇၀ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၄၈ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၄ | ၀.၉၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၃ | ၀.၉၂ |
| ၉ | လာအို | လီတာ | ၁.၅၁ | ၁.၀၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၉၉ ဒေါ်လာနှုန်းဖြင့် ၃၆ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၉၂ ဒေါ်လာနှုန်းဖြင့် ၃၃ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၀ | ၁.၀၆ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၉ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၇ | ၁.၁၄ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၉၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၀၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၁၈၈၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၁၉၆၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၉၅၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၈၈၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၈၈၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၉၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၀၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၁၈၉၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၀၁၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၁၉၀၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၁၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ငါးကျပ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

DOT (P&S)

**စာမျက်နှာ-၈ ဆောင်းပါးမှအဆက်**

စစ်ကိုင်းမင်းသားသည် အိမ်ရှေ့စံဘဝ၌ ဘိုးတော်ဘုရား၏ အမြတ်နိုးဆုံးမြေးတော် ဆင်ဖြူမယ်နှင့် စုလျားရစ်ပတ် လက်ထပ်ခဲ့ရာ သားတော်စကြာမင်းလေး ဖွားမြင်ပြီး ခုနစ်ရက်လည်ချိန်၌ နတ်ရွာစံခဲ့သဖြင့် အိမ်ရှေ့စံမင်းသားက မင်းသမီးအား လွမ်းဆွတ်တသ သတိရသောအားဖြင့် လွမ်းစေတီသဖွယ် အမှတ်တရ တည်ထားကိုးကွယ်ခြင်းဖြစ်သည်။ ဆင်ဖြူမယ်ဝတ်ဆင်နေကျ တစ်သိန်းတန် မြရတနာကို ဌာပနာထားသောကြောင့် မြသိန်းတန်စေတီတော်ဟုလည်းကောင်း၊ မူလရှိရင်းစွဲ ဆင်းတုတော်ကို အစွဲပြု၍ ရှင်ဖြူဘုရားဟုလည်းကောင်း၊ ဘုရားတကာ၏ ရည်ရွယ်ချက်ကို အစွဲပြု၍ ဆင်ဖြူမယ်ဘုရားဟုလည်းကောင်း အမည်သုံးပါးဖြင့် ခေါ်ဝေါ်နေကြသည်။

မြသိန်းတန်စေတီတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၃၈ ခုနှစ်)၌ လှုပ်သော ငလျင်ဒဏ်ကြောင့်ပြိုကျခဲ့ရာ ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးက ထပ်မံပြုပြင်ခဲ့သဖြင့် ယနေ့တိုင် သပ်ရပ်ဖြူဖွေး ဖူးမြင်သူအပေါင်းတို့၏ စိတ်နှလုံးကို ကြည်နူးအေးမြစေသည်။

### urÇSwfÓPftaumifqkyk&ÅKxlu;DSnifue©wydu"&Anmefawmf

မြန်မာနိုင်ငံ၌ ပထမဦးဆုံး ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်တော်မူသည့် ဆရာတော်ကြီးမှာ မင်းကွန်းတောင်ရိုးဓမ္မနာဒ ကျောင်းတိုက်နှင့် တိပိဋကနိကာယကျောင်းတိုက်ကြီးများ၏ မဟာနာယက ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဖြစ်သည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက ပိဋကတ်သုံးပုံပါဠိတော် အုပ်ရေ ၂၀၊ စာမျက်နှာပေါင်း ၈၀၂၇ မျက်နှာကို အထောက်အမကင်းစွာ အာဂုံပြန်ဆိုတော်မူ၍ ဝိသိဋ္ဌတိပိဋကဓရဘွဲ့တော်ကို ရရှိရုံသာမက ယင်းပါဠိတော်များနှင့် အတူ ပိဋကတ်သုံးပုံ အဋ္ဌကထာ၊ ဋီကာ စာအုပ်ပေါင်း ၂၄ အုပ်၊ စာမျက်နှာပေါင်း ၉၉၃၄ မျက်နှာတို့ကိုလည်း ဂုဏ်ထူးမှတ်များဖြင့် ဖြေဆိုအောင်မြင်တော်မူ၍ မဟာတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်တို့ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးရရှိတော်မူခဲ့သည်။ မင်းကွန်းပုထိုးတော်ကြီးနှင့် ခေါင်းလောင်းတော်ကြီးအကြားတွင် မြန်မာ့အနုပညာလက်ရာတို့ဖြင့် ခြယ်မှုန်းထားသော မင်းကွန်းတိပိဋကဓရဗိမာန်တော်ကြီးကို ဖူးမြော်ရမည်ဖြစ်သည်။ ဤဗိမာန်တော်ကို နိုင်ငံတော်အစိုးရဦးဆောင်ပြီး ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးက ဆရာတော်ကို မင်းကွန်းဒေသ သမိုင်းဝင် 'ကြီး' တစ်ပါးအဖြစ် မော်ကွန်းထိုးလိုခြင်း၊ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို သမိုင်းချီ၍ ပူဇော်လိုခြင်းတို့ကြောင့် တည်ဆောက်ခဲ့ပြီး ဆရာတော်ဘုရား၏ မွေးရက်ဖြစ်သော ၁၃၅၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

### e*dkH

ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သောစက်ရုံဟု တင်စားလေ့ရှိပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များတည်ရှိသည့် စစ်ကိုင်း-မင်းကွန်းဒေသသည် နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းဘုရားဖူးများ လာရောက်လည်ပတ်သဖြင့် ဒေသထွက်ကုန် အစားအစာများ၊ အမှတ်တရ ပစ္စည်းများ၊ ရှုမျှော်ခင်းပန်းချီကားများ ရောင်းချခြင်းဖြင့် ဒေသခံပြည်သူတို့ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ ရရှိနေကြသည်။ သို့ပါ၍ စစ်ကိုင်း-မင်းကွန်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိသည့်ဒေသသို့ ဧရာဝတီမြစ်ကမ်းဘေး အသစ်ဖောက်လုပ်ထားသော ကားလမ်းသစ်မှ လာရောက်ရင်း ဧရာဝတီမြစ်ကမ်း၏ လှပပုံရှုခင်းများ၊ ကျေးလက်တောရွာများ၏ သဘာဝအလှများ၊ ကားလမ်းပေါ်ရှိ ခိုတောင်ကျေးရွာမှ ရောင်းချနေသော ခိုတောင်မုန့်တီသုတ်ကို စားသောက်ရင်း မင်းကွန်းဒေသရှိ ကမ္ဘာ့ကျော်ကြီးလေးကြီးသာမက အထင်ကရ သမိုင်းဝင် အခြားအဆောက်အအုံများလည်း များစွာရှိ၍ လာရောက်လည်ပတ်နိုင်ရန် ရေးသားတင်ပြ ဖိတ်ခေါ်လိုက်ရပါသည်။

# ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ မေ ၆ ရက်မှ ၁၂ ရက်အထိ တစ်ပတ်အတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ မြေပဲဆန် ၇၆၉ တန်၊ တန်ဖိုး ၁ဒသမ၁၉၃ ဒေါ်လာသန်း၊ ပဲတီစိမ်း ၁၂၅၆ဒသမ ၇၅၀ တန်၊ တန်ဖိုး သုည ဒသမ ၇၅၆ ဒေါ်လာသန်း၊ ဆန်ကွဲ ၁၃၅၀ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုည ဒသမ ၅၂၂ ဒေါ်လာသန်း၊ နှမ်းနက် ၂၀၁ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုညဒသမ ၂၉၂ ဒေါ်လာသန်း၊ လက်ဖက်ခြောက် ၂၃၃ ဒသမ ၃၅၂ တန်၊ တန်ဖိုး သုည ဒသမ ၂၂၅ ဒေါ်လာသန်း၊ ဝဥခြောက် ၁၀၃ ဒသမ ၁၂၀ တန်၊ တန်ဖိုး သုည ဒသမ ၁၇၇ ဒေါ်လာသန်း၊ ရော်ဘာ ၁၃၈ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုည ဒသမ ၁၆၀ ဒေါ်လာသန်း၊ ရော်ဘာကြမ်း ၁၅၄ တန်၊ တန်ဖိုး သုည ဒသမ ၁၁၂ ဒေါ်လာသန်း၊ ပဲယင်း ၆၈ တန်၊ တန်ဖိုး သုည ဒသမ ၀၅၅ ဒေါ်လာသန်း၊ ပြောင်း ၁၃၇ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုည ဒသမ ၀၄၅ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀မျိုးမှာ ချည်ထည်များ ၂ဒသမ ၉၁၁ ဒေါ်လာသန်း၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ ၂ဒသမ ၂၈၂ ဒေါ်လာသန်း၊ သံနှင့် သံမဏိပစ္စည်း ၁ ဒသမ ၉၀၇ ဒေါ်လာသန်း၊ ဇာနှင့် ဇာထိုးထားသော အထည်အလိပ်များ ၁ဒသမ ၈၁၂ ဒေါ်လာသန်း၊ ဓာတ်မြေသြဇာ ၁ ဒသမ ၃၅၂ ဒေါ်လာသန်း၊ အခြားပစ္စည်းများ သုည ဒသမ ၅၃၀ ဒေါ်လာ သန်း၊ အချိုမှုန့် သုည ဒသမ ၄၂၉ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ သုည ဒသမ ၃၉၇ ဒေါ်လာသန်း၊ စက်နှင့် စက်ပစ္စည်းများ သုည ဒသမ ၃၈၆ ဒေါ်လာသန်း၊ လေအေးပေးစက်များ သုည ဒသမ ၂၃၀ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

ကုန်စည်သယ်ယူစရိတ်အနေဖြင့် မန္တလေးမှ ချင်းရွှေဟော်သို့ ယခုပတ်တွင် ပို့ကုန်တစ်တန်လျှင် ကျပ် ၆၀၀၀၀ ရှိကြောင်း သိရှိရသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ ဆန် ၃၂၀၀ ယွမ်နှုန်း၊ ဆန်ကွဲ ၃၁၀၀ ယွမ်နှုန်း၊ ပဲတီစိမ်း ၅၉၀၀ ယွမ်နှုန်း၊ မြေထောက်ပဲ ၈၀၀၀ ယွမ်နှုန်း၊ ပဲလွမ်းဖြူ ၄၂၀၀ ယွမ်နှုန်း၊ ပြောင်း ၂၃၀၀ ယွမ်နှုန်း၊ နှမ်း ၁၂၀၀၀ ယွမ်နှုန်း၊ ရော် ဘာ ၈၀၀၀ ယွမ်နှုန်း၊ ငရုတ်အစို ၅၀၀၀ ယွမ်နှုန်း၊ ငရုတ်ခြောက် ၉၀၀၀ ယွမ်နှုန်း ရှိခဲ့ကြောင်း သိရှိရသည်။

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

# ပြေလအတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှု အခြေအနေ

**ရော်ဘာ**

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၁၉ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၉၆၄၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုများ အနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၇၉၆၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၇၀၀ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၀၀ ခန့်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ခန့်၊ ဂျပန်နိုင်ငံသို့ ရော်ဘာ တန်ချိန် ၁၂၀ ခန့်နှင့် ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။

ယခုလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာ ၁၂၀၉ တန်နှင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၁၇၀ ကျော် တင်ပို့ခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ စုစုပေါင်း ရော်ဘာ တန်ချိန် ၁၃၈၀ ခန့် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၃ သန်းရရှိသည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု စုစုပေါင်း တန်ချိန် ၁၁၀၂၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ဒသမ ၆၃၂ သန်း ရရှိကြောင်း သိရသည်။

**ပြောင်း**

ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၈၆ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၅၁၁၂၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၄၈၂၅၀ခန့်၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၂၇၇၀ ကျော် နှင့် ဗီယက်နမ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၀၀ ခန့် တင်ပို့ခဲ့သည်။

ယခုလအတွင်း နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂၁၅ သန်း တန်ဖိုးရှိ ပြောင်း ၆၈၂၇၈ တန် တင်ပို့ခဲ့သည်။ တင်ပို့မှုများမှာ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၆၁၄၂၀ ကျော်နှင့်တင်ပို့ပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၆၈၅၀ ကျော် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှုတန်ချိန် ၁၁၉၃၉၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇ သန်းကျော် ရရှိကြောင်း သိရသည်။

**အေးအေးသန့် (DOT)**

# မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၆ ရက်မှ ၁၂ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသ မ ၁၀၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၉၉ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁၀၆ သန်းဖြစ်၍ ယခင်တစ်ပတ်ထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၀၅ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှု ပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၇ဒသမ ၅၉၃ သန်းလျော့နည်းခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် အနီးစပ်ဆုံးကာလထက် လျော့နည်းရခြင်းမှာ ပဲတီစိမ်း၊ မြေပဲဆန်၊ နှမ်းနက်နှင့် နနွင်းတက် တင်ပို့မှုတွင် ပိုမိုခဲ့သော်လည်း အဓိက ပို့ကုန်အမယ်များဖြစ်သည့် ဆန်၊ ပြောင်း၊ ရော်ဘာ၊ မြေထောက်ပဲ၊ နိုင်လွန်ပဲ၊ ပဲလွမ်းဖြူနှင့်အခြားလယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခုတစ်ပတ်တွင် သွင်းကုန်ပိုင်း လျော့နည်းရခြင်းမှာ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ တွင်းထွက် (သတ္တုမှုအပ)၊ ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်များနှင့် အခြားယာဉ်များ၊ ရေနံထွက်ပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ အခြားစက္ကူများ၊ အင်ဂျင်များ၊ တာယာနှင့် ကျွတ်များ ပိုမိုတင်သွင်းခဲ့သော်လည်း မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့သောကြောင့် ဖြစ်သည်။

**အိမ့် (DOT)**

ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း (တန်/ ဒေါ်လာ) (၁၉.၅.၂၀၂၃)

| စဉ် | အမျိုးအစား | ယခင်တစ်ပတ် | ယခုတစ်ပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| 1 | RSS-1 | 1250-1300 | 1300-1350 | ↑ |
| 2 | RSS-2 | 1200-1250 | 1250-1300 | ↑ |
| 3 | RSS-3 | 1150-1200 | 1200-1250 | ↑ |
| 4 | RSS-4 | 1100-1150 | 1150-1200 | ↑ |
| 5 | RSS-5 | 1050-1100 | 1100-1150 | ↑ |

Source: MRPPA

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးနှုန်း (အိတ်/ကျပ်) ၁၈.၅ .၂၀၂၃)

| စဉ် | လိုင်းအမည် | ပေါ်ဆန်း | | နှိုင်းယှဉ်ချက် | ကြားပျံ/ တောင်ပျံ | | နှိုင်းယှဉ်ချက် | ခွံနီ/ ပေါ်ကွဲ | | နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | |
| ၁ | ဖျာပုံ | 88,000 | 88,000 | — | 93,000 | 93,000 | — | 78,000 | 78,000 | — |
| ၂ | မော်ကျွန်း | 87,000 | 87,000 | — | 93,000 | 93,000 | — | 75,000 | 75,000 | — |
| ၃ | ဘိုကလေး | 84,000 | 84,000 | — | 89,000 | 89,000 | — | 74,000 | 74,000 | — |
| ၄ | ဒေးဒရဲ/ ကွန်းခြံကုန်း | 90,000 | 90,000 | — | 91,000 | 91,000 | — | | | |
| ၅ | ကော့မှူး/ တွံတေး | 90,000 | 90,000 | — | 90,000 | 90,000 | — | 75,000 | 75,000 | — |
| ၆ | ဝါးခယ်မ | | | | | | | | | |
| ၇ | မြောင်းမြ | 92,000 | 92,000 | — | 93,000 | 93,000 | — | 75,000 | 75,000 | — |
| ၈ | ကျိုက်လတ် | | | | | | | | | |
| ၉ | လပွတ္တာ | 89,000 | 89,000 | | 91,000 | 91,000 | — | 75,000 | 75,000 | — |
| ၁၀ | ရွှေဘို | 105,000 | 105,000 | — | | | | | | |

Source: Myanmar Rice

ရန်ကုန်သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

| စဉ် | သစ်သီးအမျိုးအမည် | ၁၂-၅-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | ၁၉-၅-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဖရဲသီး | ၃၀၀၀-၁၃၀၀၀ | ၃၀၀၀-၁၂၀၀၀ | ၁၉-၅-၂၀၂၃ နေ့တွင် ရန်ကုန်သီရိမင်္ဂလာဈေးသို့ ဝင်ရောက်သည့် သစ်သီးဝလံ ဟင်းသီးဟင်းရွက် ကုန်ပိုသဘာချိန် ခန့်မှန်း ၂၅၉၀၀၀၀ ဝင်ရောက်ကြောင်း သိရှိရသည်။ ကုန်ဈေးနှုန်းများ အနေနှင့် နယ်စုံမှ ဝင်ရောက်လာသော ကုန်ပစ္စည်း အနည်းအများပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အတက်အကျ ရှိနိုင်ကြောင်း ဈေးများဌာနမှ သိရှိရသည်။ |
| ၂ | ကျွဲကောသီး | ၁၅၀၀-၃၅၀၀ | ၁၅၀၀-၃၀၀၀ | |
| ၃ | ထောပတ်သီး | ၈၀၀-၁၀၀၀ | ၅၀၀-၁၂၀၀ | |
| ၄ | ရွှေလိမ္မော်သီး(ပိသဘာ) | ၅၀၀၀-၈၀၀၀ | ၆၀၀၀-၈၀၀၀ | |
| ၅ | သရက်သီး | ၄၀၀-၂၀၀၀ | ၃၀၀-၁၈၀၀ | |
| ၆ | သဘော်သီး | ၈၀၀-၂၀၀၀ | ၅၀၀-၁၅၀၀ | |
| ၇ | နာနတ်သီး | ၇၀၀-၁၀၀၀ | ၅၀၀-၁၀၀၀ | |

သစ်သီးဝလံဈေးနှုန်းနှိုင်းယှဉ်ဖော်ပြချက်

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဒေါ်လာ) ၂၉-၄-၂၀၂၃ မှ ၅-၅-၂၀၂၃ ထိ | ဈေးနှုန်း(ကီလို/ဒေါ်လာ) ၆-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃ ထိ | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| (က) | မူဆယ် တင်ပို့မှု | | | | မူဆယ် ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ယွမ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| | သခွားမွေး | ၀.၂၂ | – | - | |
| | ဖရဲသီး | ၀.၁၀၂ | ၀.၁၀၂ | - | |
| | သရက်သီး | ၀.၄၂၁ | ၀.၄၁၉ | ↓ | |
| (ခ) | တင်သွင်းမှု | | | | |
| | ပန်းသီး | ၀.၄၁၃ | ၀.၄၁၁ | ↓ | |
| | လိမ္မော်သီး | ၀.၃၂၃ | ၀.၃၂၁ | ↓ | |
| | ပန်းသစ်တော်သီး | ၀.၃၆၃ | ၀.၃၆၂ | ↓ | |

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဘတ်) ၂၉-၄-၂၀၂၃ မှ ၅-၅-၂၀၂၃ ထိ | ဈေးနှုန်း(ကီလို/ဘတ်) ၆-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃ ထိ | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| | မြဝတီ တင်သွင်းမှု | | | | မြဝတီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ဘတ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| | ပန်းသီး | ၂၀.၆၈၅ | ၂၀.၆၀၃ | ↓ | |
| | နဂါးမောက်သီး | ၁၃.၇၃၃ | ၁၃.၈၂၂ | ↑ | |
| | နန်းမြားသီး | ၆.၈၉၂ | ၆.၈၆၈ | ↓ | |
| | သရက်သီး | ၁၃.၇၇၅ | ၁၃.၈၄ | ↑ | |
| | လိမ္မော်သီး | ၂၀.၄၉၁ | ၂၀.၅၂၃ | ↑ | |
| | သစ်တော်သီး | ၂၀.၃၃၃ | ၂၀.၄၇၃ | ↑ | |
| | တည်သီး | ၁၃.၆၈၄ | ၁၃.၇၂၂ | ↑ | |
| | ရေငန်းသီး | ၆.၈၈၄ | ၆.၈၈၄ | – | |
| | စပျစ်သီး | ၄၀.၉၆၃ | ၄၁.၂၉၈ | ↑ | |

# တောင်ငူဒေသထွက် ပဲတောင့်ရှည်

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ပေါင်းလောင်းတိန်ကျေးရွာတွင် ပဲတောင့်ရှည်များ စိုက်ပျိုးထားကြသည်။ ထိုကျေးရွာတွင် နွေစပါးနှင့် မတ်ပဲတင်မကဘဲ အသီးအရွက်များစွာကို တစ်ရွာလုံးနီးပါး စိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးကြသည့်သီးနှံများတွင် ယခုအချိန်ဈေးကွက်၌ ဈေးကောင်းရရှိနေသည့် ပဲတောင့်ရှည်များကိုလည်း စိုက်ပျိုးထားကြသည်။ ပဲတောင့်ရှည်ကို စိုက်ပျိုးမည်ဆိုလျှင် တစ်ဧကလျှင် ပဲမျိုးစေ့ ၂၅ ထုပ် စိုက်ပျိုးရသည်။

ထိုင်းပဲမျိုးစေ့တစ်ထုပ်လျှင် ပဲစေ့ အစေ့ ၆၀၀ ခန့်ရှိသည်။ ပဲတောင့်ရှည်ကို စိုက်မည်ဆိုပါက စိုက်မည့်မြေကို ပေါက်တူးဖြင့် ကျင်းများ ပေါက်ပေးရသည်။ ကျင်းတစ်ကျင်းနှင့် တစ်ကျင်းအား တစ်လက်မစီခြားပြီး တစ်ကျင်းလျှင် ပဲမျိုးစေ့နှစ်စေ့ထည့်၍ မြေကြီးပြန်အုပ်ပေးရသည်။ စိုက်ပြီးနောက်နေ့တွင် ရေတင်၍ ပဲစေ့လေးများ အညှောင့်ထွက်ပြီး အညွန့်များထွက်လာလျှင် ထိုကျင်းတစ်ကျင်းတွင် ပဲတိုင်ထောင်ဝါးတစ်ချောင်းစီ ထောင်ပေးရသည်။ အညွန့်များရှည်လာလျှင် ထိုဝါးတွင် အညွန့်ကို ရစ်ပတ်ပေးရသည်။

ထို့နောက် ပိုးမွှားအန္တရာယ်များမှ ကင်းဝေးရန်နှင့် အသီးများလှပစေရန် အသီးအားဆေး ဖျန်းပေးရသည်။ ထို့နောက် စိုက်ပျိုးပြီး နှစ်လအကြာတွင် ခူးရောင်းရသည်။ ယခုအချိန်တွင် ပဲတောင့်ရှည်သည် အတောင့် ၅၀ စည်း တစ်စည်းလျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် တောင်ငူမြို့ ညောင်ပင်လေးဈေးတွင် လက်ကားရောင်းချကြောင်း သိရှိရသည်။

ပျမ်းမျှအားဖြင့် တစ်ဧကလျှင် အတောင့် ၅၀ စည်း အစည်း ၁၀၀၀ ခန့် ထွက်ရှိသည်ဟု သိရသည်။ ထိုပဲတောင့်ရှည်အား နှစ်ရက်ခြား တစ်ကြိမ် ခူးရသည်။ ပဲတောင့်ရှည် တစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်အနေဖြင့် ကျပ်၁၅ သိန်းခန့်ကုန်ကျပြီး အသားတင်အကျိုးအမြတ်အားဖြင့် ကျပ် သိန်း ၂၀ ခန့်ရရှိကြောင်း သိရှိရသည်။ ယခင်နှစ်များ၌ တွင်ကျယ်စွာစိုက်ပျိုးကျသော်လည်း ယခုနှစ်ကဲ့သို့ ဈေးကောင်းမရကြောင်းသိရသည်။ ထို့ကြောင့် ယခုအချိန်အခါတွင် ပဲတောင့်ရှည်များအား တွင်ကျယ်စွာ စိုက်ပျိုးနေကြသည်။ ဖြန့်ဖြူးမှုအနေဖြင့် တောင်ငူ ပဲတောင့်ရှည်ကို တောင်ငူမြို့တွင်း သာမက ရန်ကုန်၊ ပဲခူးနယ်များသို့လည်း ရောင်းချလျက် ရှိကြောင်း သိရှိရသည်။

**နှင်းမွှန် (DOCA)**

# မအူပင်မြို့နယ်၏ မတ်ပဲ၊ ပဲတီစိမ်း ဈေးကွက်နှင့် ဝယ်လိုအား အခြေအနေ



မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိပြီး ယခုနှစ်တွင် စိုက်ဧက ၆၁၁၈၈ ရှိပြီး ပျမ်းမျှအထွက်နှုန်း ၁၇ ဒသမ ၂၉ တင်းနှုန်းဖြင့် ၁၀၅၇၉၄၁ တင်း ထွက်ရှိပြီး ပဲတီစိမ်း စိုက်ဧက ၂၃၄၈ ဧကရှိပြီး ပျမ်းမျှအထွက်နှုန်း ၁၈ဒသမ ၃၆)ထွက်ပြီး ၄၃၁၀၉ တင်း ထွက်ရှိနိုင်ကြောင်း မအူပင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။

မအူပင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် မေလ ဒုတိယပတ်တွင် မအူပင်မြို့နယ်ရှိ မတ်ပဲ၊ ပဲတီစိမ်းရောင်းဝယ်မှုပြုလုပ်နေသည့် တပင်ရွှေထီး မတ်ပဲ၊ ပဲတီစိမ်းရောင်းဝယ်ရေး၊ ထွန်းသူဇာမတ်ပဲ၊ ပဲတီစိမ်းရောင်းဝယ်ရေး၊ AAA မတ်ပဲ၊ ပဲတီစိမ်းရောင်းဝယ်ရေးနှင့် ရေလဲကျေးရွာရှိ ရွှေကုလားကျွန်း မတ်ပဲ၊ ပဲတီစိမ်းရောင်းဝယ်ရေး၊ တက်နေဝန်း ပွဲရုံများသို့ကွင်းဆင်းလေ့လာဆောင်ရွက်မှုများပြုလုပ်ခဲ့သည့်အပြင် မတ်ပဲ၊ ပဲတီစိမ်းစိုက်ပျိုးသော စစ်ချောင်း၊ နတ်စဉ်၊ ရေလဲ၊ အင်းတေး၊ အင်းမနှင့် ရွှေတောင်မှော်ရွာများသို့ ကွင်းဆင်း၍ မတ်ပဲ၊ ပဲတီစိမ်း ဈေးကွက်ရရှိမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု၏ အားနည်းချက်၊ အားသာချက်များကို ကွင်းဆင်းမေး မြန်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းလေ့လာမှုတွင် ယခုနှစ်တွင် မတ်ပဲ၊ ပဲတီစိမ်း များမှာ ယခုနှစ် ပေါ်ဦးအစမှစ၍ ဈေးအဖွင့်၊ မတ်ပဲ တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ကျော်ဈေးနှင့် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ကျော်ဖြင့် အဖွင့်ဈေးမှစ၍ ဈေးကောင်းရရှိခဲ့ပြီး နေ့စဉ်ပွဲရုံသို့ တင်း ၁၀၀၀ ကျော်ဝယ်ယူရရှိပြီး ရန်ကုန်သို့တင်ပို့လျက်ရှိကြောင်း တက်နေဝန်းပွဲရုံပိုင်ရှင် ဦးရင်ထွေး၏ ပြောပြချက်အရ သိရှိရသည်။

မတ်ပဲနှင့် ပဲတီစိမ်းလှိုင်လှိုင်ပေါ်သော ဖေဖော်ဝါရီလနှင့် မတ်လများတွင် တောင်သူများ၏ ရောင်းချမှု များပြားလာသည့်အချိန်တွင် မိမိတို့ပွဲရုံပိုင်ရှင်များအနေဖြင့် ငွေကြေးအလျဉ်မမီမှုများရှိခဲ့သည့် အခြေအနေများကို ထည့်သွင်းဆွေးနွေးမှုအပေါ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးအောင်ဇော်ဦးက မတ်ပဲရောင်းချမှု အခက်အခဲများ အဆင်ပြေစေနိုင်သည့် သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ရန်ကုန် ဘုရင့်နောင်ပွဲရုံမှ ငွေကြေးကြိုတင်ရရှိနိုင်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

စစ်ချောင်းကျေးရွာမှ တောင်သူ ဦးအောင်ကြည်၏ မတ်ပဲ ရောင်းချမှုတွင် မတ်ပဲကို မိုးစပါးရိတ်သိမ်းပြီး ပပ်ကြားအပ်မြေတွင် စတင်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် မတ်ပဲစိုက်ပျိုးသည့် အချိန်၌ မြေမှီသဖြင့် အပင်ကောင်း၊ အောင်မြင်ပြီး တစ်ဧကလျှင် ၁၇ တင်း ကျော်ထွက်ခဲ့ပြီး ယခုအချိန်တွင် ရောင်းချရသောကြောင့် တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ကျော်ရရှိသဖြင့် ဈေးကောင်းရရှိကြောင်းနှင့် မတ်ပဲ၊ ပဲတီစိမ်းများ စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မတ်ပဲ မျိုးကောင်းရရှိနိုင်မှု၊ မြေဩဇာ လိုအပ်ချက်နှင့် မြေပြုပြင်မှုအခြေအနေများကို ထည့်သွင်းဆွေးနွေးခဲ့ရာ မအူပင်မြို့နယ်တာဝန်ခံ ဦးအောင်ဇော်ဦးက မတ်ပဲမျိုးကောင်း ရရှိနိုင်မှု မြေပြုပြင်မှုများအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Consumer (MT)**

မန္တလေးကုန်စည်ဒိုင်၏ ယခင်တစ်ပတ်၊ ယခင်လ ကုလားပဲ ဈေးနှုန်းနှိုင်းယှဉ်ချက်

၁၇.၅.၂၀၂၃

| စဉ် | သီးနှံ | ဈေးနှုန်း (အမြင့်ဆုံးဈေး) | | | | | | (+/-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ယနေ့ ၁၇.၅.၂၀၂၃ | | ယခင်ပတ် ၁၀.၅.၂၀၂၃ | | ယခင်လ ၁၇.၄.၂၀၂၃ | | week | | Month | |
| | အမျိုးအမည် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် |
| ၁ | ကုလာပဲ (V2) | ၂၂၆၀၀၀ | ၂၂၅၀၀၀ | ၂၂၁၀၀၀ | ၂၂၀၀၀၀ | ၂၁၃၀၀၀ | ၂၁၅၀၀၀ | ↑ ၅၀၀၀ | ↑ ၅၀၀၀ | ↑ ၁၃၀၀၀ | ↑ ၁၀၀၀၀ |
| ၂ | ကုလားပဲ (ထိုင်ဝမ်) | ၂၁၇၀၀၀ | ၂၁၅၀၀၀ | ၂၀၈၀၀၀ | ၂၀၈၀၀၀ | ၂၀၇၀၀၀ | ၂၀၂၀၀၀ | ↑ ၉၀၀၀ | ↑ ၇၀၀၀ | ↑ ၁၀၀၀၀ | ↑ ၁၃၀၀၀ |
| ၃ | ကုလားပဲ(929) | ၂၂၅၀၀၀ | ၂၂၄၀၀၀ | ၂၁၆၀၀၀ | ၂၁၆၀၀၀ | ၂၁၀၀၀၀ | ၂၁၀၀၀၀ | ↑ ၉၀၀၀ | ↑ ၈၀၀၀ | ↑ ၁၅၀၀၀ | ↑ ၁၄၀၀၀ |
| ၄ | ကုလားပဲ (V7) | ၂၂၆၀၀၀ | ၂၂၅၀၀၀ | ၂၂၁၀၀၀ | ၂၂၀၀၀၀ | ၂၁၅၀၀၀ | ၂၁၃၀၀၀ | ↑ ၅၀၀၀ | ↑ ၅၀၀၀ | ↑ ၁၁၀၀၀ | ↑ ၁၂၀၀၀ |

မန္တလေးကုန်စည်ဒိုင်၏ ယခင်တစ်ပတ်၊ ယခင်လ နှမ်းဈေးနှုန်းနှိုင်းယှဉ်ချက်

၁၈.၅.၂၀၂၃

| စဉ် | သီးနှံ | ဈေးနှုန်း (အမြင့်ဆုံးဈေး) | | | | | | (+/-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ယနေ့ ၁၈.၅.၂၀၂၃ | | ယခင်ပတ် ၁၀.၅.၂၀၂၃ | | ယခင်လ ၁၈.၄.၂၀၂၃ | | week | | Month | |
| | အမျိုးအမည် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် |
| ၁ | နှမ်းညို | ၂၇၀၀၀၀ | ၂၇၀၀၀၀ | ၂၆၈၀၀၀ | ၂၆၈၀၀၀ | ၂၆၀၀၀၀ | ၂၅၅၀၀၀ | ↑ ၂၀၀၀ | ↑ ၂၀၀၀ | ↑ ၁၀၀၀၀ | ↑ ၁၅၀၀၀ |
| ၂ | နှမ်းဖြူ | ၃၂၀၀၀၀ | ၃၂၀၀၀၀ | ၂၉၅၀၀၀ | ၂၅၅၀၀၀ | ၃၁၅၀၀၀ | ၃၁၀၀၀၀ | ↑ ၂၅၀၀၀ | ↑ ၆၅၀၀၀ | ↑ ၅၀၀၀ | ↑ ၁၀၀၀၀ |
| ၂ | နှမ်းနက်(စမုံ) | ၃၄၀၀၀၀ | ၂၇၀၀၀၀ | ၂၉၅၀၀၀ | ၂၅၅၀၀၀ | ၂၉၈၀၀၀ | ၂၄၀၀၀၀ | ↑ ၄၅၀၀၀ | ↑ ၁၅၀၀၀ | ↑ ၄၂၀၀၀ | ↑ ၃၀၀၀၀ |


# အောင်ပန်းဈေးကွက် ဒေသထွက် သီးနှံများ၏ မေလတတိယပတ် ဈေးနှုန်းများ


ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းဈေးကွက်သည် ဒေသထွက်သီးနှံများကို မြန်မာနိုင်ငံ အနှံ့အပြားသို့ အများဆုံး တင်ပို့ရောင်းချနေသော ဈေးကွက်တစ်ခု ဖြစ်သည်။ မေလ တတိယပတ်အတွင်းတွင် ဒေသထွက်သီးနှံများဖြစ်သော အာလူး ဈေးနှုန်းမှာ S2 တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၁၉၅၀ ထိ၊ ကြက်သွန်ဖြူ ထူး-၅ ကျပ် ၆၆၀၀၊ ထူး-၄ ကျပ် ၅၂၀၀၊ ထူး-၃ ကျပ် ၄၀၀၀၊ ထူး-၂ ကျပ် ၃၅၀၀၊ ထူး-၁ ကျပ် ၃၀၀၀၊ ချင်း အဆင့်(၁) ကျပ် ၄၂၀၀ အဆင့် (၂) ကျပ် ၂၅၀၀၊ နနွင်း (ဆင်တောင်) ကျပ် ၃၈၀၀၊ မုန်ညင်း(သေး) ကျပ် ၉၅၀၊ မုန်ညင်း(ကြီး) ကျပ် ၁၁၅၀၊ ခရမ်းချဉ် သီး(မှည့်) ကျပ် ၇၀၀ အစိမ်း ကျပ် ၈၅၀၊ ဂေါ်ဖီထုပ် ကျပ် ၁၆၀၀၊ ဂေါ်ဖီပန်း (ပန်းမုန်လာ) ကျပ် ၈၀၀၊ ရွှေပဲသီး ကျပ် ၃၅၀၀ မှ ၄၀၀၀၊ ငရုတ်ပွ ကျပ် ၂၀၀၀၊ မုန်လာဥနီ ကျပ် ၂၂၀၀၊ ခရမ်းသီး ကျပ် ၁၄၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

အာလူး၊ ချင်း၊ နနွင်း၊ ခရမ်းချဉ်သီး၊ မုန်ညင်း၊ ဂေါ်ဖီပန်း(ပန်းမုန်လာ)၊ ရွှေပဲသီး၊ ခရမ်းသီး၊ ငရုတ်ပွသီးနှံများမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေခဲ့ပြီး ကြက်သွန်ဖြူ၊ ဂေါ်ဖီထုပ်သီးနှံများမှာ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

**နန်းခမ်းဗွေ**


YEE SHIN CO.,LTD.
နေ့စဉ်လိုအပ်သော သံဓာတ် ပမာဏကို ဖြည့်ဆည်းပေးသည့်အတွက်
နေ့စဉ် သံဓာတ်လိုအပ်ချက်အတွက်
ဗိုက်တာဂလိုဗင်
Vita globin
Iron


New Golden Gate (1991)
COMPANY LIMITED
Export & Import
No. 57-59, 4th Street, Lanmadaw Township, Yangon. Myanmar.
Tel : 951 2302138, 951 2314373
E.mail : newgoldengate1991@gmail.com
Website : www.agribizmm.com


TUN ARKAR
TRANSPORTATION
TO GROW YOUR
BUSINESS
Hostel (AA) Room (6) Swe Taw Kar Win,
(Pyi Gyi Mingalar Kar Win) Mandalay, Myanmar.
092051780 09424261200
No. (B-131) Kar Gyi Win Pat Road, Bayintnaung
Theater, Mayangone Township, Yangon, Myanmar.
095117853 09425027736


AGX Logistics (Myanmar) Co.,Ltd
• Air • Sea • Land
Export
Import
Add : No.(214), Room (501/502), 5th Floor, Min Ye Kyaw Swar Road, Lanmadaw Township, Yangon, Myanmar.
Ph : 09 443077522, 09 443077533, 09 443077544
Mail : anne.ygn@agxlogistics.com, hnin.ygn@agxlogistics.com kathy.ygn@agxlogistics.com










AGGC
www.aungyigroup.com

Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com



# a&awmif'oxGfvbdk;aom စည်းလုံချည်

ဝေဝေမင်း(ပြည်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်ရှိ ကျိုးသဲရွာနှင့်မြို့မရွာတို့တွင် စီးပွားဖြစ်ရက်ကန်းစင်များရှိသကဲ့သို့ တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်ရက်ကန်းစင်များရှိကြောင်းသိရသည်။ ရှေးယခင်ကပင် ရက်ကန်းလုပ်ငန်းဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော ကျေးရွာများဖြစ်သည်။ ရွှေတောင်မြို့နယ် ကျိုးသဲနှင့်မြို့မကျေးရွာတို့မှ ထွက်ရှိသော စည်းလုံချည်သည် အထူးနာမည်ရသော အဝတ်အထည်ဖြစ်သည်။

ရွှေတောင်မြို့နယ် ကျိုးသဲရွာမှထွက်ရှိသော မြန်မာ့ရိုးရာ စည်းလုံချည်သည် နာမည်ကြီးသည်။ ကျိုးသဲဆိုသည့်စကားမှာ ရှမ်းဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး ယခင်က ကျိုးသဲကျေးရွာတွင် မြန်မာများသာမက ရှမ်းတိုင်းရင်းသားများပါ နေထိုင်ကြသည်။ ထိုရှမ်းတိုင်းရင်းသားများနှင့်အတူ ပိုးထည်ရက်လုပ်ခြင်းလုပ်ငန်းလည်း ပါလာသဖြင့် ယခင်က ကျိုးသဲရွာတစ်ရွာလုံး၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ ပိုးထည်ရက်လုပ်ခြင်း လုပ်ငန်းဖြစ်သည်။ နောက်ပိုင်းတွင် ပိုးထည်အစား ချည်ထည်များကို ပြောင်းလဲ ရက်လုပ်လာကြောင်းသိရသည်။ ထိုသို့ ချည်ထည်များအဖြစ် ပြောင်းလဲထုတ်လုပ်ရာတွင် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ချည်ချောနှင့် ချည်ကြမ်းလုံချည်များကို ရက်လုပ်လာကြပြီး နောက်ပိုင်းတွင် ရိုးရိုးချည်ထည်များအစား သားရေပင်ဖြင့် စည်း၍ ပုံဖော်ရက်လုပ်ရသော စည်းလုံချည်ကို မြန်မာတစ်နိုင်ငံလုံးတွင် ကျိုးသဲရွာတစ်ခုတွင်သာ တီထွင်ရက်လုပ်လာကြကြောင်း သိရသည်။ စည်းလုံချည်၏အဓိကပညာရပ်မှာ သားရေပင် ဖြင့်စည်း၍ လိုချင်သောအပွင့်အမျိုးမျိုးကိုပုံဖော်ပြီး ဆေးရောင်အမျိုးမျိုးဖြင့် လိုက်ဖက်အောင် ဆေးဆိုးပေးရသည်။ ကျိုးသဲစည်းလုံချည်မှာ စက်ရက်ကန်းဖြင့်ရက်လုပ်၍ မရဘဲ လက်ရက်ကန်းဖြင့်သာ ရက်လုပ်ရသော မြန်မာ့ရိုးရာစစ်စစ် ချည်လုံချည်ဖြစ်သည်။

## xkwfvkyfyHk qifrQifh

စည်းလုံချည်ပြုလုပ်ရာတွင် အဓိကလိုအပ်သည့် ကုန်ကြမ်းပစ္စည်းမှာ (၂/၈၀)ချည် အမျိုးအစားဖြစ်ပြီး ဆိုးဆေးမှာ ဓာတ်ဆေး၊ ဆိုးဆေးတို့ဖြစ်သည်။ ချည်ထည်ရက်လုပ်ရာတွင် ပထမဦးစွာ ချည်ကိုပြုတ်၍ နေလှန်းပြီး ချည်ချရသည်။ ထို့နောက် ပြုတ်ပြီးသော ချည်အဖြူထွေးအား လိုအပ်သောပုံစံဖြစ်စေရန် သားရေပင်ဖြင့် စည်းပြီးပါက ဆေးရောင်ကိုဆိုး၍ ပြန်လည်ပြုတ်ရသည်။ ထိုချည်များကိုလျှော်၍ နေထပ်လှန်းပြီး စည်းပွင့်ခွဲခြင်းနှင့် စည်းပွင့်ချည်ခြင်းများကို လုပ်ရသည်။ ပြီးလျှင် လိပ်တုံးဖြင့် ရစ်ပတ်ပြီး ရက်ကန်းစင်တင်၍ ရက်ကန်းခေတ်ခြင်း စတင်ပြုလုပ်ကြောင်း သိရသည်။ စံချိန်မီ စည်းလုံချည်တစ်ကွင်း၏ အတိုင်းအတာမှာ ကွင်းအကျယ် လေးတောင်၊ အနံ ၄၂ လက်မ၊ ချည်ပင်တစ်လက်မ၊ အတိုင် ၇၂ ပင်၊ အဖောက် ၆၈ ပင်ရှိရမည်ဖြစ်သည်။ ချည်ခင်အနေအထားမှာ စည်းလုံချည်တစ်ကွင်းဖြစ်လာရန် အဆင့်(၁၀)အား ဖြတ်ကျော်ရမည်ဖြစ်ပါသည်။ ထိုအဆင့်(၁၀)မှာ (၁)ချည်ချခြင်း၊ (၂)အဖြူရက်ကန်းရှည်ခြင်း၊ (၃) စည်းကားသွင်းခြင်း၊ (၄) စည်းပွင့်ဖော်ခြင်း၊ ပန်းဖော်ခြင်း၊ (၅) ဆေးဆိုးခြင်း၊ (၆) ဆေးရောင်သွင်းခြင်း၊ (၇)အခြောက်ခံနေလှန်းပြီး စည်းကားခြင်း၊ (၈) ရက်ကန်းရှည်ခြင်း၊ (၉) လိပ်တုံးသွင်းခြင်းနှင့် (၁၀) ရက်ကန်းစင်တင်၍ ရက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ရက်ကန်းစင် တစ်စင်လျှင် လုပ်သားဦးရေ ၁၀ ဦးဖြင့် ရက်လုပ်ရသည်။ စည်းလုံချည် တစ်ထည်ဖြစ်မြောက်စေရန်အတွက် လုပ်သားများ စည်းလုံးညီညွတ်မှုရှိမှသာ သေသပ်လှပသော စည်းလုံချည်တစ်ထည် ရရှိမည်ဖြစ်သည်။ ရက်ကန်းစင် တစ်စင်လျှင် တစ်ပတ်ကို စည်းလုံချည်ကွင်း(ဝမ်းဆက်) ၃၀ခန့် ထွက်ရှိကြောင်း သိရသည်။

## ukefusp&dwfESifh ukef;djrwf

ရက်ကန်းစင်တစ်စင်လျှင် လုပ်သား ၁၀ ဦးခန့်ဖြင့် ပြုလုပ်ရပြီး ရက်ကန်းစင်တစ်စင်အတွက် ကုန်ကျစရိတ်မှာ -

(၁) တိုင်ချည် သုံးထုတ်လျှင် ၈၅၀၀၀ကျပ် -၂၅၅၀၀၀ ကျပ်

(၂) အဖောက်ချည်သုံးထုတ်လျှင် ၅၅၀၀၀ ကျပ်-၁၆၅၀၀၀ ကျပ်

(၃) စည်းပွင့်ဖော်ခနှစ်ဦး တစ်ဦးလျှင် ၅၀၀၀ကျပ်-၁၀၀၀၀ကျပ်

(၄) စည်းပွင့်အထွေးချည်ခ နှစ်ဦးတစ်ဦးလျှင် ၅၀၀၀ကျပ်-၁၀၀၀၀ ကျပ်

(၅) စည်းကားခွဲခ နှစ်ဦး တစ်ဦးလျှင် ၂၅၀၀ကျပ် -၅၀၀၀ ကျပ်

(၆) ရစ်လုံးချည်ချခ နှစ်ဦး တစ်ဦးလျှင်၅၀၀၀ကျပ်-၁၀၀၀၀ ကျပ်

(၇) ရက်ကန်းခတ်ခ တစ်ဦး ၃၀၀၀၀ ကျပ် - စုစုပေါင်း ကျပ် ၄၈၅၀၀၀ ကုန်ကျကြောင်း သိရသည်။

> ရိုးရိုးချည်ထည်များအစား သားရေပင်ဖြင့်စည်း၍ ပုံဖော်ရက်လုပ်ရသော စည်းလုံချည်ကို မြန်မာတစ်နိုင်ငံလုံးတွင် ကျိုးသဲရွာတစ်ခုတွင်သာ တီထွင်ရက်လုပ်လာကြကြောင်း သိရသည်။ စည်းလုံချည်၏ အဓိကပညာရပ်မှာ သားရေပင်ဖြင့်စည်း၍ လိုချင်သော အပွင့်အမျိုးမျိုးကိုပုံဖော်ပြီး ဆေးရောင်အမျိုးမျိုးဖြင့် လိုက်ဖက်အောင် ဆေးဆိုးပေးရသည်။ ကျိုးသဲ စည်းလုံချည်မှာ စက်ရက်ကန်းဖြင့် ရက်လုပ်၍မရဘဲ လက်ရက်ကန်းဖြင့်သာ ရက်လုပ်ရသော မြန်မာ့ရိုးရာစစ်စစ် ချည်လုံချည်ဖြစ်သည်။

ရက်ကန်းစင်တစ်စင်လျှင် တစ်ပတ်လျှင် ဝမ်းဆက်လုံချည်ကွင်း ၃၀ထွက်ရှိကြောင်း သိရသည်။ ရောင်းဈေးမှာ ချည်လုံချည်တစ်ကွင်းလျှင် ကျပ် ၁၀၀၀၀၊ ချည်ဝမ်းဆက်တစ်စုံလျှင် ကျပ် ၁၈၀၀၀-၂၀၀၀၀ ဖြင့် ရောင်းချသဖြင့် အကျိုးအမြတ်မှာ ကျပ် ၅၅၀၀၀-၅၇၀၀၀ ခန့် အမြတ်အစွန်းရှိကြောင်း သိရသည်။ ရက်ကန်းစင်တစ်စင်တွင် တစ်ပတ်လျှင် လုံချည်ကွင်း/ ဝမ်းဆက် ၃၀ ခန့် ထွက်ရှိလျှင် တစ်လလုံးအလုပ်ရှိ၍ ရက်လုပ်မည်ဆိုလျှင် ကွင်းပေါင်း ၁၂၀ ခန့် ထွက်ရှိမည်ဖြစ်ပြီး အကျိုးအမြတ်မှာ ပျမ်းမျှတစ်လလျှင် ကျပ် ၂၂၀၀၀၀-၂၃၀၀၀၀ ခန့် ရရှိမည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရသည်။

## pnf;vkH;nf ap;uGuf

လူတို့အတွက် အဝတ်အစားမှာ ဒုတိယအရေးကြီးသောအရာဖြစ်သည်။ ရာသီဥတုမှာလည်း တစ်နှစ်နှင့်တစ်နှစ် ပူပြင်းလာသဖြင့် လူအများလည်းချည်ဖြင့်ရက်လုပ်သော အဝတ်အစားများကို ရှာဖွေဝတ်ဆင်လာကြသည်။ ယခုနောက်ပိုင်းတွေင် ရွှေတောင်မြို့၌ စက်ရက်ကန်းဖြင့် ရက်လုပ်သော (၂/၁၀၀)ချည်ကို ကျစ်ပိုးများဖြင့် ရက်လုပ်ထားသော လုံချည်များလည်း ရောင်းချကြပြီး ရောင်းဈေးမှာ ချည်ကျစ်ပိုး လုံချည်တစ်ကွင်းလျှင် ကျပ် ၁၁၀၀၀၊ ချည်ကျစ်ပိုးဝမ်းဆက်တစ်စုံလျှင် ကျပ် ၂၃၀၀၀ ဖြင့်ရောင်းချကြောင်းသိရသည်။ ရွှေတောင် စည်းလုံချည်မှာ ပွဲတိုးပြီး ဝတ်ဆင်ရတာ သက်သောင့်သက်သာရှိကာ မြန်မာအမျိုးသမီးများ ကြိုက်နှစ်သက်ကြသည်။ ထို့ကြောင့် ဈေးကွက်အနေဖြင့် ရွှေတောင်မြို့ပေါ်နှင့် အနီးအနားရှိမြို့များ၊ ပြည်မြို့၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချသည့်အပြင် ကမ္ဘာလှည့်ခရီးသွားများကလည်း ရက်ကန်းစင်များသို့ ကိုယ်တိုင်လာရောက်လေ့လာပြီး နှစ်ခြိုက်စွာ ဝယ်ယူကြသည်။ ရွှေတောင် စည်းလုံချည်မှာ နာမည်ရသော ဒေသထုတ်ကုန်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင်သာမကဘဲ နိုင်ငံခြားသို့လည်း ထိုးဖောက် ဝင်ရောက်နိုင်သည့် အထည်တစ်မျိုးဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

Source - facebook

# ကိုရီးယားနည်းပညာပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်

ကိုရီးယားသမ္မတနိုင်ငံ၊ Gwangju မြို့၊ Kimdaejung Convention Center ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပပြုလုပ်မည့် Artificial Intelligence Technology-Plus 2023 (AI TECH+ 2023)သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသည် ကိုရီးယားသမ္မတနိုင်ငံတွင် AI ကဏ္ဍအတွက် တစ်ကမ္ဘာလုံးမှ ပညာရှင်များ စုဝေးဆွေးနွေးရာနေရာတစ်ခုအဖြစ် ဖန်တီးသွားမည့် ပထမခြေလှမ်းပင်ဖြစ်ကြောင်း၊ AI TECH+ 2023 ကို လာရောက်မည့်သူများသည် စီးပွားရေးအချိတ်အဆက်များရရှိနိုင်ပြီး ၎င်းတို့၏စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရရှိနိုင်မည်ဖြစ်ကြောင်း၊ ပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက် တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲ၌ပြသမည့်လုပ်ငန်းရှင်များအား ဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် ခန်းမများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

MOC (IR)

## မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

မော်လမြိုင်မြို့၌ မေလတတိယပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ ယခုအပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၂၀၀၀၊ ဆင်(ထိုင်း) ကျပ် ၁၆၅၀၀၊ ကြံ့တံဆိပ်(အပြာ)ကျပ် ၁၁၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ် အေးနေပြီး ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရှိရသည်။ အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ကွန်ပေါင်း (မြန်မာ့ဩဘာရွှေကောမက်) ၁၅း၁၅း၁၅ 50kg ပါတစ်အိတ် ကျပ် ၁၂၄၀၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ 50kg ပါ တစ်အိတ်မှာ ကျပ် ၁၃၅၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ 50kg ပါတစ်အိတ် ကျပ် ၁၃၀၀၀၀၊ ယူရီးယား(အသေး) ၄၆% မြန်မာ (MPE)50kg ပါ တစ်အိတ် ကျပ် ၇၅၀၀၀၊ ယူရီးယား(အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50kg ပါ တစ်အိတ် ကျပ် ၈၃၀၀၀၊ ပိုတက် (အာမို) 50kgပါ တစ်အိတ် ကျပ်၁၂၃၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 100cc ပါ တစ်ပုလင်း ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်း ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ် ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 ကျပ် ၁၀၈၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၁၀၀ ပေါက်ဈေးရှိခဲ့ပြီး ယခုမေ ၁၈ ရက်မှ ၂၂ ရက်ထိဈေးနှုန်း မှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၄၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၃၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50 Kg)ပါ တစ်ထုပ်လျှင် ကျပ် ၁၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ 50 Kg ပါ တစ်ထုပ်လျှင် ကျပ် ၂၅၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၅၀၀၀၀ဖြင့် သယ်ယူပို့ဆောင် ပေးရကြောင်း ရော်ဘာကုန်သည်များထံမှ သိရှိရသည်။ **အောင်မြင့်မြတ်(မွန်)**



## အညာမြေ၏ဆီးသီးဈေးကွက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသည် စားဖိုဆောင်သီးနှံမျိုးစုံကို ဧကထောင် ပေါင်းများစွာ စိုက်ပျိုးလျက်ရှိသည်။ ထို့ပြင် ထန်း၊ မန်ကျည်း၊ တမာနှင့် ဆီးကဲ့သို့သော သီးနှံပင်များသည် သဘာဝအလျောက် အလေ့ကျပေါက်ရောက် ပြန့်ပွားခြင်းကြောင့်လည်းကောင်း၊ လူတို့စိုက်ပျိုးခြင်းကြောင့်လည်းကောင်း တိုင်းဒေသကြီးအတွင်း နေရာအနှံ့အပြားတွင် ဖြစ်ထွန်းလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း၌ ပခုက္ကူခရိုင်နှင့် မကွေးခရိုင်တို့သည် ဆီးသီးပင်များကို စိုက်ပျိုးလျက်ရှိရာ စိုက်ဧကအများဆုံးဖြစ်ကြောင်း သိရှိရသည်။

ဆီးရိုင်းပင်များသည် သဲနုန်းမြေ၊ ကိုင်းမြေရင့်၊ ယာမြေများတွင် ပေါက်ရောက်ပြီး တစ်ဧကလျှင် အပင် ၇၀ ဝင်ဆံ့ကြောင်းသိရသည်။ ဆီးသီးပင်သည် နှစ်စဉ် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စတင်ဖူးပွင့်၍ ရက်ပေါင်း ၉၀ အကြာ ဒီဇင်ဘာလတွင် သီးကင်းများစုံလင်ကာ ဖေဖော်ဝါရီလမှ စတင်၍ အများဆုံး ရင့်မှည့်သည်။ ဆီးပင်သက်သုံးနှစ်သားအရွယ်တွင် အသီးစတင် သီးပြီး ငါးနှစ်သားအရွယ်တွင် သီးအား အကောင်းဆုံးဖြစ်သည်။ မိုးနှောင်းရာသီ၊ မိုးနည်းချိန်တွင် သီးပွင့်ဖြစ်ထွန်းမှု ကောင်းမွန်သည်။ ဆီးသီး(သီးစို)များကို မိုးမကျမီ နေပြင်းပြင်းနှင့် ခြောက်သွေ့အောင် လှန်းပြီး ကုန်လှောင်ရုံများအတွင်း ထည့်သွင်းသိုလှောင်ကြသည်။ ဆီးသီးများအား အလုံးအတိုင်း စားသုံးရန်အတွက်သော်လည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ အဓိက တင်ပို့ရောင်းချရန်အတွက်လည်းကောင်း စိုက်ပျိုးလျက်ရှိသည်။

ဆီးသီးရောင်းဝယ်ပြုလုပ်ကြရာတွင် ဒေသခံ ဆီးခြံပိုင်ရှင်များက ဆီးခွဲစက်၊ ဆီးကုန်သည်များထံသို့ ရောင်းချခြင်း၊ ဆီးခွဲစက်များမှ ဆီးဆန်အဖြစ်ထုတ်လုပ်၍ မန္တလေးမြို့သို့လည်းကောင်း၊ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတွင် ဆီးသီးအလုံးအတိုင်း တင်ပို့ရောင်းချခြင်းများ ပြုလုပ်ကြကြောင်း လေ့လာသိရှိရသည်။ ဆီးသီး(အစို)တစ်တင်းအား အခြောက်လှန်းပါက ၁၀/၁၂ ပြည် ကျန်ရှိကြောင်းလည်း သိရှိရသည်။ ဆီးသီးခြောက်များကို ဆီးခွဲစက်များသို့ ကုန်ကြမ်းအဖြစ်တင်ပို့လျက်ရှိပြီး ဆီးသီးကုန်သည်များမှာ မိမိတို့ရွေးချယ်သန့်စင်ရရှိသော အလုံးကောင်းဆီးသီးများကို ရန်ကုန်၊ မန္တလေးမြို့များရှိ ဆီးယို၊ဆီးဖျော်ရည်လုပ်ငန်းများအတွက် ဒေသတွင်း တင်ပို့ရောင်းချခြင်းများရှိသည့်အပြင် ပြည်ပတင်ပို့ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။

ပခုက္ကူခရိုင်တွင်မူ ဆီးသီးများကို ဆီးဖျော်ရည်၊ချင်းဆီးပြား၊ဆီးတော်ဖီ၊ဆီးယို၊ ဆီးပေါင်း၊ဆီးငံစေ့ စသည့် သရေစာအဖြစ် စားသုံးနိုင်သည့် အသေးစား အိမ်တွင်းစီးပွားရေးအဖြစ် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ယခုနှစ်တွင် ဆီးသီး(အခြောက်)တစ်တင်းလျှင် ကျပ် ၁၃၀၀၀-၁၄၀၀၀ နှုန်း၊ ဆီးဆန်တစ်ပိဿာလျှင်ကျပ် ၆၀၀၀၀-၆၄၀၀၀နှုန်းအထိ ဈေးနှုန်းရရှိနေသည်ကိုတွေ့ရှိရပြီး ဆီးဆံဈေးနှုန်းမှာတက်ဈေးဖြင့်သာ ဆက်လက်ရပ်တည်နေမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးရှိ ဆီးခွဲစက်လုပ်ငန်းရှင်တစ်ဦးထံမှသိရှိရသည်။ **ဆုလပြည့်ဝင်း(မကွေး)**

## နေပြည်တော်ကောင်စီနယ်မြေအတွင်း ရောင်းချလျက်ရှိသော အခြေခံစားကုန်များ၏ ဈေးနှုန်းများ

၂၀၂၃ခုနှစ် မေလ တတိယပတ်အတွင်း နေပြည်တော် ကောင်စီနယ်မြေတွင် အခြေခံစားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်း တစ်ပြည် ၄၄၅၀ကျပ်၊ ဧည့်မထ တစ်ပြည် ၂၆၅၀ကျပ်၊ မနောသုခ တစ်ပြည် ၂၄၅၀ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်နီလက်လီဈေးမှာ (ကြီး) တစ်ပိဿာ ၂၆၀၀ကျပ်၊ (လတ်)တစ်ပိဿာ ၂၄၀၀ကျပ်၊ (သေး)တစ်ပိဿာ ၂၂၀၀ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်ဖြူ လက်လီဈေးမှာ (ကြူကုတ်) တစ်ပိဿာ ၄၂၀၀ ကျပ်မှ ၅၂၀၀ကျပ်ထိ၊ (ရှမ်း)တစ်ပိဿာ ၃၇၀၀ကျပ်မှ ၄၂၀၀ကျပ်ထိ၊ ငရုတ်သီးခြောက် လက်လီဈေးမှာ(အရှည်)တစ်ပိဿာ ၁၂၅၀၀ကျပ်မှ ၁၆၅၀၀ကျပ်ထိ၊(အပု)တစ်ပိဿာ ၁၄၀၀၀ကျပ်မှ ၁၈၅၀၀ကျပ်ထိ၊ အာလူးလက်လီဈေးမှာ ၂၀၀၀ကျပ်မှ ၂၄၀၀ကျပ်ထိ၊ ခရမ်းချဉ်သီး တစ်ပိဿာ ၉၀၀ကျပ်မှ ၁၅၀၀ကျပ်ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်ဥလက်လီဈေးမှာ တစ်လုံး၂၁၅ကျပ်မှ၂၄၀ကျပ်ထိဖြစ်သည်။ အသား/ငါးဈေးနှုန်းများမှာ ကြက်သား(CP) တစ်ပိဿာ ၈၁၀၀ကျပ်မှ ၁၁၀၀၀ ကျပ်ထိ၊ ကြက်သား(ဗမာ) တစ်ပိဿာ ၁၄၀၀၀ကျပ်မှ ၁၈၀၀၀ကျပ်အထိ၊ ဝက်သား တစ်ပိဿာ ၁၄၅၀၀ကျပ်မှ ၁၈၀၀၀ကျပ်အထိ၊ အမဲသား တစ်ပိဿာ ၁၂၀၀၀ကျပ်မှ ၁၆၅၀၀ကျပ်အထိ၊ ငါးမြစ်ချင်း တစ်ပိဿာ ၆၈၀၀ ကျပ်မှ ၁၁၅၀၀အထိ၊ ငါးကြင်း တစ်ပိဿာ ၁၁၂၀၀ကျပ်မှ ၁၆၅၀၀ကျပ်အထိ ရောင်းဝယ်နေကြောင်းသိရသည်။

စားသုံးဆီဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာလျှင် ၁၄၅၀၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာလျှင် ၆၃၀၀ ကျပ်နှင့်နှမ်းဆီတစ်ပိဿာလျှင် ၁၄၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ထွန်းမင်းသန့်(နေပြည်တော်)**



## ငါန်းဇွန်မြို့မဈေးတွင် ရောင်းချနေသော အခြေခံစားသောက်ကုန် ဈေးနှုန်းများ

ငါန်းဇွန်မြို့ရှိမြို့မဈေးတွင် ယခု ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေခံစားသောက်ကုန်များ၏ လက်လီဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း(ဟောင်း) တစ်ပြည်လျှင်ကျပ် ၄၅၀၀၊ (အသစ်)တစ်ပြည်လျှင်ကျပ် ၃၈၀၀၊ မဂျမ်းတော(ဟောင်း)တစ်ပြည်လျှင် ကျပ် ၄၂၀၀၊ (အသစ်)တစ်ပြည်လျှင် ကျပ် ၃၇၀၀၊ ပုသိမ်ပေါ်ဆန်း(ဟောင်း) တစ်ပြည်လျှင် ကျပ် ၄၀၀၀ ၊ မနောသုခတစ်ပြည်လျှင် ကျပ် ၂၇၀၀၊ ၃၀၀၀၊ကုလားပဲခြမ်း တစ်ပြည်လျှင် ကျပ် ၆၄၀၀၊ ပဲထောပတ် တစ်ပြည်လျှင် ကျပ် ၅၀၀၀၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၂၅၀၊၂၈၀၊ ဘဲဥ တစ်လုံးလျှင် ကျပ် ၃၅၀၊ ၄၀၀၊ သားငါးဈေးများအနေဖြင့် ငါးကြင်း တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၈၀၀၀ ၊ငါးခူ တစ်ပိဿာလျှင် ကျပ် ၆၅၀၀-၈၀၀၀၊ ငါးမြင်းတစ်ပိဿာလျှင် ကျပ် ၆၅၀၀ ၊ ကြက်သား(CP)အကောင်လိုက် တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ရင်ပုံသား တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ပေါင်သား တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ဗမာကြက်တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၅၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊၁၆၀၀၀ ၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၂၅၀၀၀ ဝန်းကျင်များရှိသည်။

ကြက်သွန်နီလက်လီဈေးနှုန်းများအနေဖြင့် အကြီး တစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ အလတ် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ အသေး တစ်ပိဿာလျှင် ကျပ် ၁၃၀၀၊ ကြက်သွန်ဖြူလက်လီ တစ်ပိဿာ ဈေးနှုန်းများမှာ(ဗမာ)တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ၄၅၀၀၊ ကြူကုတ်တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ၅၅၀၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၄၅၀၀-၅၀၀၀၊ ချင်းတစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ငရုတ်သီးခြောက်တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ ခရမ်းချဉ်သီးတစ်ပိဿာလျှင်ကျပ် ၁၃၀၀၊ စားသုံးဆီဈေးနှုန်းများအနေဖြင့် ပဲဆီသန့် တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ ၁၅၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဝန်းကျင်များဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။

**သင်းသင်းဆွေ**

# ယခုဘဏ္ဍာနှစ် မိုးရာသီအတွက် ဓာတ်မြေသြဇာ တန်ချိန် ၁ ဒသမ ၂ သန်းခန့်နှင့် ပိုးသတ်ဆေး တန်ချိန် ၃၈၀၀၀ ကျော် ခွင့်ပြုထောက်ခံပေးရန် တင်ပြထား

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးရာသီအတွက် ကနဦးအနေဖြင့် ဓာတ်မြေသြဇာ တန်ချိန် ၁ ဒသမ ၂ သန်းခန့်နှင့် ပိုးသတ်ဆေး တန်ချိန် ၃၈၀၀၀ ကျော် ခွင့်ပြုထောက်ခံပေးရန် ယူရီးယား ဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီသို့ တင်ပြထားကြောင်း မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်တွင်း၌ ယခုဘဏ္ဍာနှစ် မိုးရာသီအတွင်း စိုက်ပျိုးမည့် စပါးအပါအဝင် အခြားသီးနှံ ရှစ်မျိုးအတွက် လျာထားစိုက်ဧက ၂၂ ဒသမ ၄၈ သန်းရှိကြောင်း သိရသည်။ အဆိုပါ စိုက်ပျိုးမြေများအတွက် ယူရီးယား၊ ကွန်ပေါင်း၊ တီစူပါနှင့် ပိုတက်စုစုပေါင်း ဓာတ်မြေသြဇာ တန်ချိန် ၂ ဒသမ ၈၇ သန်းခန့်နှင့် ပိုးသတ်ဆေး မတ်ထရစ်တန် ၃၄၄၈၉ တန် လိုအပ်နိုင်ခြေရှိနေကြောင်း သိရသည်။

ထို့ကြောင့် လိုအပ်နိုင်ခြေရှိ စာရင်းများကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြထားပြီး ယခုနှစ် မိုးရာသီအတွက် ဓာတ်မြေသြဇာ တန်ချိန် ၁ ဒသမ ၂ သန်းခန့်နှင့် ပိုးသတ်ဆေးတန်ချိန် ၃၈၈၅၀ တန်ကို ကနဦး ခွင့်ပြုထောက်ခံပေးနိုင်ရေး ဦးဆောင်ကော်မတီကို တင်ပြထားကြောင်း သိရသည်။

လက်ရှိတွင် ဦးဆောင်ကော်မတီအနေဖြင့် ယူရီးယားဓာတ်မြေသြဇာ တန်ချိန် ၁၁ ဒသမ ၂၂ သိန်းနှင့် ကွန်ပေါင်းဓာတ်မြေသြဇာ တန်ချိန် ၁၁ ဒသမ ၁၁ သိန်း တင်သွင်းနိုင်ရန် ယခု ၂၀၂၃ ခုနှစ်၊ ဧပြီလကုန်အထိ စိစစ်ထောက်ခံဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့်အပြင် ပိုးသတ်ဆေးများ တင်သွင်းနိုင်ရန်ကိုလည်းထောက်ခံပေးခဲ့ကြောင်းသိရသည်။

ယင်းအပြင် တောင်သူများအတွက် စံချိန်စံညွှန်းပြည့်မီသည့် ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများကို ဈေးနှုန်းသက်သာစွာဖြင့် အချိန်မီ ဖြန့်ဖြူးရောင်းချနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဦးဆောင်ကော်မတီအနေဖြင့် ရည်ညွှန်းဈေးနှုန်းများကိုလည်း နှစ်ပတ်လျှင် တစ်ကြိမ် နေပြည်တော်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များထံသို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်မှစတင်ကာ ထုတ်ပြန်ပေးလျက်ရှိရာ ယခုအချိန်ထိ (၇)ကြိမ်မြောက် ထုတ်ပြန်ပြီးဖြစ်ကာ ယူရီးယား ၅၀ ကီလို တစ်အိတ်လျှင် ၇၆၀၀၀ကျပ်၊ ကွန်ပေါင်း တစ်အိတ်လျှင်၁၂၀၀၀၀ကျပ်နှုန်းဖြင့်ရန်ကုန်အထိုင်ဈေးနှုန်းအဖြစ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင်လည်း တောင်သူများအတွက် ပြင်ပပေါက်ဈေးအောက် ၃ ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်း လျှော့ချ၍ ရောင်းချနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ယခုဆိုလျှင် နိုင်ငံတကာဈေးနှုန်းမှာ ယူရီးယားမြေသြဇာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှင့် ၄၀၀ ကြား တည်ရှိနေသည့်အတွက် လာမည့်မိုးစပါးရာသီတွင် သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး မျှော်မှန်းထားကြောင်းသိရသည်။

## နယ်စပ်ဂိတ်များ ပုံမှန်ပြန်ဖြစ်ပြီးနောက် ကချင်ပြည်နယ်တွင် တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးသူ ပြန်များလာ

တရုတ်-မြန်မာနယ်စပ်ဂိတ်များ ပုံမှန်ပြန်ဖြစ်ပြီးနောက်ပိုင်း ကချင်ပြည်နယ်အတွင်း တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်းများ ပုံမှန်ပြန်လည်စိုက်ပျိုးလာကြောင်း ဒေသခံလုပ်ငန်းရှင်များထံမှ သိရသည်။ ကိုဗစ်ကာလအတွင်းက ကုန်သွယ်မှုများ နှောင့်နှေးခဲ့ပြီးနောက် ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်ခင်းများ ထက်ဝက်ကျော် ကျဆင်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များတွင် နယ်စပ်ဂိတ်များ ပုံမှန်ပြန်လည် လည်ပတ်ခဲ့ပြီးနောက် တစ်သျှူးငှက်ပျောများ အရောင်းအဝယ်ဖြစ်ထွန်းခဲ့သည့်အတွက် ယခုနှစ်တွင် နေရာအားလုံး၌ ပုံမှန်အတိုင်း စိုက်ပျိုးမှုပြုလုပ်နေကြကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် တစ်သျှူးငှက်ပျောကို လွန်ခဲ့သည့် ၂၀၀၆ခုနှစ်မှစတင်ကာ "ဘိန်းအစားထိုးသီးနှံ"အဖြစ် ကချင်ပြည်နယ်အတွင်း စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး နယ်စပ်လမ်းကြောင်းမှနေ၍ တရုတ်နိုင်ငံအတွင်းသို့ တင်ပို့နေခြင်းဖြစ်သည်။

တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မံစီမြို့နယ်နှင့် ရွှေကူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး တရုတ်ကုန်သည်များက ဈေးကွက်အတွင်းဆင်းကာ ထွက်ရှိသည့်ငှက်ပျောများအား ကွင်းပြတ်ဝယ်ယူလေ့ရှိသည့်အပြင် ကြိုတင်မှာယူဝယ်ယူမှုများလည်းရှိကြောင်း သိရသည်။ ထို့ပြင် တစ်သျှူးငှက်ပျောကို စစ်ကိုင်းတိုင်းဒေသကြီးရှိ ငါးအိုးမြို့နယ်တွင်လည်း စိုက်ပျိုးပြီးထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို လွယ်ဂျယ်နယ်စပ်ဂိတ်မှနေ၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

## မြန်မာသီလဝါ SEZ က ရှယ်ယာတစ်စုအတွက် အမြတ်ဝေစု ကျပ် ၅၀နှုန်း ခွဲဝေပေးရန် ဆုံးဖြတ်

ရန်ကုန်စတော့အိပ်(စ်)ချိန်း (YSX) စာရင်းဝင် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) က ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် သာမန် အစုရှယ်ယာတစ်စုကို ကျပ် ၅၀နှုန်း ခွဲဝေရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

MTSH အနေဖြင့် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက် ဘဏ္ဍာရေးအခြေအနေများအပေါ် အခြေခံ၍ ယခုဘဏ္ဍာနှစ်အတွက် ကျပ် ၅၀ နှုန်း အဆိုပြု အမြတ်ဝေစု ပမာဏကို ခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကာ ယင်းအတွက် ကျပ် ၁ ဒသမ ၉ ဘီလီယံကျော် (ကျပ်သန်းပေါင်း ၁၉၄၆ ဒသမ ၄၅၇) လျာထားကြောင်း သိရသည်။

အဆိုပါ အမြတ်ဝေစုများကို ကိုဗစ်(၁၉)ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် ဇွန် ၂၂ ရက်တွင် အွန်လိုင်းမှပြုလုပ်မည့် ဒသမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ အစုရှယ်ယာရှင်များအား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

အမြတ်ဝေစုခံစားခွင့်ရှိသည့် ရှယ်ယာရှင်များကို ၂၀၂၃ ခုနှစ် မေ ၄ ရက်အထိ အရောင်းအဝယ်ပြုလုပ်ထားပြီး မေ ၉ ရက်တွင် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) တွင်ရှိသည့် အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို MTSH ကုမ္ပဏီသည် ပထမမြန်မာရင်းနှီးမြှုပ်နှံမှု(FMI)ပြီးနောက် ရန်ကုန်စတော့အိပ်(စ်)ချိန်းသို့ တက်လှမ်းခဲ့သည့် ဒုတိယမြောက်ကုမ္ပဏီဖြစ်ပြီး လက်ရှိစာရင်းဝင်ကုမ္ပဏီ ခုနစ်ခုထဲတွင် အစုရှယ်ယာအရောင်းအဝယ်အများဆုံးဖြစ်သည့် အများပိုင်ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။






## မြန်မာ့ချုပ်ထည်များကို Made in Myanmar အဖြစ် ဥရောပဈေးကွက် တင်ပို့နိုင်ရန် အဆင့်မြှင့်တင်နေ

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)အနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့်အထည်များကို Made in Myanmar ထုတ်ကုန်အဖြစ် ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရန် အဆင့်မြှင့်တင် ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းအတွက် လက်ရှိတွင် မြန်မာ့အထည်ချုပ်ကဏ္ဍအနေဖြင့် ဥရောပဈေးကွက်၌ နိုင်ငံတကာဝယ်လက်အဖြစ် platform တစ်ခုကို ခိုင်မာစွာ တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

အထည်ချုပ်ကဏ္ဍသည် နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှုတွင် နိုင်ငံခြားဝင်ငွေရရှိရေးကို များစွာအထောက်အကူပြုနေသည့် Sector အဖြစ် တည်ရှိနေခြင်းဖြစ်သည်။

လက်ရှိမြန်မာ့အထည်ချုပ်လုပ်ငန်းများ၏CMP လက်ခစားချုပ်ပြီး အထည်များမှာ တရုတ်နှင့် ထိုင်းနိုင်ငံသာမက ဥရောပဈေးကွက်ကိုလည်း အခိုင်အမာ ရရှိထားပြီးဖြစ်သည့်အတွက် အဆိုပါဈေးကွက်များတွင် မြန်မာ့ချုပ်ထည်များကို Made in Myanmar ထုတ်ကုန်အဖြစ် နေရာတစ်နေရာ အခိုင်အမာရရှိရန် ဆက်လက် ကြိုးပမ်းနေခြင်းကြောင်း သိရသည်။

ထိုသို့ပြည်တွင်းထုတ်ကုန်အဖြစ် အဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းမှုနှင့်အတူ နိုင်ငံတကာ Brands များ၏ အမှာစာများကိုလည်း ဆက်လက်ချုပ်လုပ်နိုင်ရန်အတွက် ဥရောပသမဂ္ဂ (European Union) အောက်ရှိ နိုင်ငံတကာမိတ်ဖက်များနှင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့အထည်ချုပ်လုပ်ငန်းများသည် လုပ်သားများနှင့် ၎င်းတို့ မိသားစုဝင်များ၏ စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိနေခြင်းဖြစ်သည်။

ပြည်တွင်း၌ အထည်ချုပ်လုပ်ငန်းများကို မှီခိုလုပ်ကိုင်နေရသည့် လုပ်သားပေါင်း သိန်းချီရှိနေပြီး ယခုကဲ့သို့ မြန်မာ့ထုတ်ကုန်အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခြင်းဖြင့်လည်း အရည်အချင်းပြည့်မီသည့် လုပ်သားများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်စ ဧပြီလအတွင်း၌ပင် မြန်မာနိုင်ငံအနေနှင့် CMP လက်ခစား ချုပ်ပြီးအထည်များ ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈၄ သန်းအထိ ရရှိထားပြီး ယခင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် CMP ပို့ကုန်ဝင်ငွေ စုစုပေါင်း၏ လေးပုံ တစ်ပုံခန့် ရရှိထားကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

# “တချို့အာရှနိုင်ငံတွေကတော့ မြန်မာနိုင်ငံရဲ့ အသေးစား၊ အလတ်စား ထုတ်ကုန်တွေကို စိတ်ဝင်စားကြတယ်”

## အောင်မြင်သူ Wholesale ကုမ္ပဏီ စီနီယာဒါရိုက်တာ ဦးစိုးငွေရန်နှင့် တွေ့ဆုံမေးမြန်းခြင်း

**အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်အခွင့်အလမ်းများ ရရှိရေး၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးကွန်ရက်များ ချိတ်ဆက်နိုင်ရေးအတွက် UMFCCI MSME Fair 2023 ပြပွဲကို မေ ၇ ရက်မှ ၈ ရက်ထိ နှစ်ရက်တာခင်းကျင်းပြသခဲ့သည်။ ယင်းပြပွဲတွင် ပြည်တွင်းဖြစ် ထုတ်ကုန်များဖြစ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်များနှင့် အလှဆင်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ လက်မှုအနုပညာပစ္စည်းများ၊ မြန်မာတိုင်းရင်းဆေးဝါးများ ပါဝင်ပြသခဲ့သည်။ သို့ဖြစ်ရာ ယင်းပြပွဲတွင် ပြည်တွင်းထုတ်စားသောက်ကုန်ပစ္စည်းများ ပါဝင်ပြသခဲ့သလို စားသောက်ကုန်များအား ကိုယ်ပိုင်ထုတ်လုပ်ဖြန့်ချိလျက်ရှိသည့် အောင်မြင်သူ Wholesale ကုမ္ပဏီမှ စီနီယာဒါရိုက်တာ ဦးစိုးငွေရန်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ပြည်တွင်းဈေးကွက်မှာ အောင်မြင်သူ Wholesale အနေနဲ့ ဘယ်လို စားသောက်ကုန်ပစ္စည်းတွေ ထုတ်လုပ်နေပါသလဲ။**

အောင်မြင်သူ Wholesale ကတော့ မိရိုးဖလာ မိသားစု လုပ်ငန်းကနေ ကုမ္ပဏီပုံစံလုပ်ငန်းအဖြစ် တဖြည်းဖြည်းပြောင်းလဲလာခဲ့တာ ဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှာ လုပ်ခဲ့တယ်ဆိုပေမယ့် အောင်မြင်သူအနေနဲ့ မဟုတ်ဘဲနဲ့ စခဲ့တာကတော့ ၁၉၇၉ ခုနှစ်လောက်ကတည်းက စခဲ့တာပေါ့။ စခဲ့ပြီးတော့မှ အောင်မြင်သူနာမည်နဲ့ ပွဲရုံကနေ စခဲ့တာပါ။ ပွဲရုံကနေ စတာဖြစ်တဲ့အတွက် အောင်မြင်သူနာမည်နဲ့ ၁၉၈၉ ခုနှစ် မန္တလေးမှာ တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်းထုတ်ကုန်အနေနဲ့ ကိုယ်ပိုင်ထုတ်တာကတော့ စည်သွတ်ဘူးရှိမယ်။ နောက်တစ်ခု စားဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ ချိုချဉ်၊ ခေါင်းလျှော်ရည်တွေထုတ်တာရှိတယ်။ အခုလက်ရှိကတော့ ကျွန်တော်တို့အနေနဲ့ ပြည်တွင်းထုတ်ကုန်တွေ ပိုပြီးထုတ်လာနိုင်အောင် အသေးစား၊ အလတ်စား လုပ်ငန်းတွေကို အားပေးပြီးတော့ ကူညီဖြန့်ဖြူးပေးတာလုပ်နေပါတယ်။ ပြည်တွင်းထုတ်ကုန်တွေအနေနဲ့ ပြောရမယ်ဆိုရင် တကယ် အရည်အသွေးလည်း ထိန်းသိမ်းနိုင်မယ်။ ပြီးလို့ရှိရင် ဈေးနှုန်းအားဖြင့်လည်း သွင်းကုန်ပစ္စည်းတွေထက် ဈေးတန်းတစ်ခုကို အောက်မှာထားနိုင်မယ်ဆိုလို့ရှိရင် ချိုသာအောင်ရောင်းပေးနိုင်မယ့် ထုတ်လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင် အစားထိုးကုန်အနေနဲ့ အောင်မြင်နိုင်ပါတယ်။ ကျွန်တော်တို့ အဓိကရောင်းနေတာကတော့ ပြည်တွင်းထုတ်ကုန်တွေရှိတယ်။ ပြည်ပသွင်းကုန်တွေမှာတော့ အခုထုတ်တဲ့ စည်းမျဉ်းစည်းကမ်းလေးတွေအပေါ်မှာ အချိန်နဲ့တစ်ပြေးညီပေါ့ လိုက်လုပ်ရတဲ့အခါမှာတော့ ပစ္စည်းပြတ်လပ်တဲ့ အခက်အခဲလေးတွေတော့ ရှိပါတယ်။

**အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအနေနဲ့ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး ဘယ်လို အခက်အခဲတွေ ရှိနေပါသလဲ။**

နိုင်ငံတော်အဆင့်အနေနဲ့တော့ မပြောလိုပါဘူး။ ဒါပေမဲ့ အခက်အခဲလို့ ပြောရပြီဆိုလို့ရှိရင်တော့ ကုန်ကျစရိတ်တော့ ပိုတက်တာပေါ့လေ။ တစ်နေကုန် မီးနဲ့လုပ်ရမယ့်နေရာမှာ မီးစက်နှိုးပြီး လုပ်ရမယ်ဆိုရင်တော့ ကုန်ကျစရိတ်ပိုတက်တာပေါ့။ ပိုတက်တဲ့အခါကျတော့




ကျွန်တော်တို့က လက်ကားဖြန့်ချိရေးဖြစ်တဲ့အတွက် အမြတ်မှာလည်း အများကြီးယူလို့မရဘူးပေါ့နော်။ ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်း ဒီလောက်နဲ့ပဲ ယူပြီးတော့ ရောင်းရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အမြတ်နည်းနည်းနဲ့ လုပ်ကိုင်ရတာဖြစ်တဲ့အတွက်ကြောင့်မို့ ရုန်းကန်ရတာပေါ့နော်။ ပြီးတော့ ဒီကုန်ကျစရိတ်တွေ လျှော့ချနိုင်မယ်ဆိုလို့ရှိရင်တော့ မီးစက်ဆီဖိုးတွေ လျှော့ချနိုင်မယ်။ ကျန်တဲ့ အသုံးစရိတ်တွေ လျှော့ချနိုင်မယ်ဆိုလို့ရှိရင်တော့ လုပ်ငန်းတစ်ခုအနေနဲ့ ပိုပြီးတော့ ကောင်းမွန်တဲ့ခြေလှမ်းလှမ်းလို့ ရတာပေါ့။ ကျွန်တော်တို့အနေနဲ့ မီးစက်နှိုးပြီး သုံးစွဲရတဲ့အတွက် ကုန်ကျစရိတ်ကတော့ ပိုပြီးတော့ တက်လာနေတာ အမှန်ပါပဲ။

**ပြည်ပနိုင်ငံတွေဆီကို ပြည်တွင်းထုတ်ကုန်တွေ တင်ပို့သွားဖို့ ရှိပါသလား။**

ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ ရည်မှန်းထားပါတယ်။ ဒါကတော့ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ပြည်တွင်း အသေးစား၊ အလတ်စား ထုတ်ကုန်လေးတွေ နိုင်ငံတကာမှာ ထိုးဖောက်လို့ရတဲ့ ထုတ်ကုန်တွေအဖြစ် ပြည်ပကိုတင်ပို့ဖို့ စဉ်းစားထားပါတယ်။ အရင်တုန်းက ဒီလိုမျိုး စီစဉ်ဖူးပါတယ်။ အာရှနိုင်ငံတချို့က ကျွန်တော်တို့ရဲ့ အသေးစား၊ အလတ်စားထုတ်ကုန်တွေကို ဆက်သွယ်ဖူးတာရှိပါတယ်။ ဒါပေမဲ့ တင်ပို့တဲ့အထိတော့ မလုပ်ဖြစ်လိုက်ဘူး။ တချို့ အာရှနိုင်ငံတွေကတော့ မြန်မာနိုင်ငံရဲ့ အသေးစား၊

**ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ပြည်တွင်း အသေးစား၊ အလတ်စား ထုတ်ကုန်လေးတွေ နိုင်ငံတကာမှာ ထိုးဖောက်လို့ရတဲ့ ထုတ်ကုန်တွေအဖြစ် ပြည်ပကိုတင်ပို့ဖို့ စဉ်းစားထားပါတယ်။ အရင်တုန်းက ဒီလိုမျိုး စီစဉ်ဖူးပါတယ်။ အာရှနိုင်ငံတချို့က ကျွန်တော်တို့ရဲ့ အသေးစား၊ အလတ်စား ထုတ်ကုန်တွေကို ဆက်သွယ်ဖူးတာရှိပါတယ်။**

**တိုပ**

အလတ်စား ထုတ်ကုန်တွေကို စိတ်ဝင်စားကြတယ်။

**ဈေးကွက်ထဲမှာ စားသောက်ကုန်တွေကို အွန်လိုင်းကနေ တင်ပို့ရောင်းလာတဲ့အပေါ် ဘယ်လိုမျိုး မြင်ပါသလဲ။**

ဒါကတော့ တစ်နိုင်တစ်ပိုင်လုပ်နေတဲ့ ပုံစံမျိုးပါ။ အဓိကတော့ မြန်မာအစားအသောက်တွေ များပါတယ်။ ဆိုတော့ မြန်မာအစားအသောက်ပဲဖြစ်ဖြစ်၊ ကျန်တဲ့ ဘယ်လိုမျိုး စားသောက်ကုန်ပဲဖြစ်ဖြစ်ပေါ့နော်။ တင်ပို့မယ့် နိုင်ငံနဲ့ ကိုက်ညီတဲ့ဟာမျိုးဆိုရင်တော့ ပိုကောင်းတာပေါ့နော်။ ဥပမာ မြန်မာပါးစပ်နဲ့ပဲ ကိုက်ညီပြီးတော့ တင်ပို့မယ့်ဒေသ အဲဒီနိုင်ငံရဲ့ ပါးစပ်နဲ့မကိုက်တဲ့ စားသောက်ကုန်မျိုး ဆိုရင်တော့ တစ်နိုင်တစ်ပိုင်လောက်နဲ့တင်ပဲ ကိုယ့်မြန်မာဈေးကွက်လောက်တင်ပဲ ရောင်းပြီးတဲ့ အခြေအနေလောက်ထိပဲ ရှိမှာပေါ့လေ။ အဲဒါကြောင့်မို့ ကိုယ့်မြန်မာပါးစပ်နဲ့လည်း ကိုက်ညီတဲ့ ကျွန်တော်တို့ တင်ပို့နိုင်မယ့် နိုင်ငံတွေရဲ့ စားသောက်မှုပုံစံနဲ့လည်း ကိုက်ညီတဲ့ စားသောက်ကုန်မျိုး တင်ပို့နိုင်မယ်ဆိုရင်တော့ တစ်နိုင်တစ်ပိုင် လုပ်တာထက် ပိုကောင်းတာပေါ့လေ။ အဲလိုမျိုးဆိုရင်တော့ ပိုပြီးတော့ ထဲထဲဝင်ဝင် လုပ်နိုင်မယ်။ ပိုပြီးတော့ အောင်မြင်မယ်လို့ မြင်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ပြည်တွင်းထုတ်ကုန်တွေကို အများကြီး တိုးတက်လာစေချင်တယ်။ ပြည်တွင်းထုတ်ကုန်တွေကို Promote လုပ်ပေးပြီးတော့ တောက်လျှောက်ဖြန့်ဖြူးပေးတယ်။ တော်တော်များများလည်း အောင်မြင်သွားတယ်။ Brand တွေ ပေါက်သွားတယ်။ အဲဒါကျတော့ ဒီဟာလေးကို ထဲထဲဝင်ဝင် ပံ့ပိုးပေးစေချင်တယ်။ အဲဒါကြောင့်မို့ နောင်လာမယ့် အသေးစား၊ အလတ်စားလုပ်ငန်းတွေရော တက်သစ်စ အသေးစား၊ အလတ်စား လုပ်ငန်းတွေရော၊ အောင်မြင်ပြီးတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေပါ ဒါတွေကို ပံ့ပိုးပေးချင်ပါတယ်။

♦ ♦ ♦

# (၂၆)ကြိမ်မြောက် အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

(၂၆) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မေ ၁၅ ရက်မှ ၁၇ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။



အစည်းအဝေးသို့ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့များတွင် အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာ လုပ်ငန်းစီမံချက် ၂၀၁၆-၂၀၂၅ ပါ နှစ်အလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ နည်းပညာအကူအညီပေးအပ်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် စားသုံးသူကာကွယ်ရေးဥပဒေ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ကိုဗစ်(၁၉) ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

၂၀၂၃ ခုနှစ်တွင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအနေဖြင့် တရားမျှတမှု မရှိသော စာချုပ်စာတမ်း ဝေါဟာရများဆိုင်ရာ အာဆီယံလမ်းညွှန်ချက်ရေးဆွဲသည့် လုပ်ငန်းကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းကို ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဂျာမနီအခြေစိုက် နည်းပညာအကူအညီ ပေးအပ်သည့် အဖွဲ့အစည်း (GIZ) ၏ နည်းပညာအထောက်အပံ့ဖြင့် အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီ အဖွဲ့ဝင်နိုင်ငံအားလုံးက လိုက်ပါဆောင်ရွက်သွားရမည်ဖြစ်သည်။ အဆိုပါ လမ်းညွှန်ချက် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ တရားမျှတမှုမရှိသော စာချုပ်စာတမ်း ဝေါဟာရများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ အဖွဲ့အစည်းများသို့ ရှင်းလင်းပြည့်စုံသော သတင်းအချက်အလက်ပေးအပ်နိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များက ၎င်းဝေါဟာရများကို သိမြင်ပြီးရှောင်ရှားနိုင်ရန်၊ စားသုံးသူများက အငြင်းပွားမှု ဖြေရှင်းဆောင်ရွက်ရာတွင် နည်းလမ်းများကို ရွေးချယ်ဆောင်ရွက်နိုင်ရန်၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းများအတွက် ဥပဒေမူဘောင်ကွာဟချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာ အကောင်းဆုံးအလေ့အထများကို လေ့လာဆောင်ရွက်နိုင်ရန်တို့အတွက်ဖြစ်သည်။

အာဆီယံစားသုံးသူ စွမ်းဆောင်နိုင်မှုအညွှန်းကိန်း စစ်တမ်းကောက်ယူသည့် လုပ်ငန်းကို အာဆီယံနိုင်ငံများအလိုက် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံအဆင့် အပြီးသတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအဆင့် စားသုံးသူစွမ်းဆောင်နိုင်မှုအညွှန်းကိန်း စစ်တမ်း ကောက်ယူသည့်လုပ်ငန်းကို ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ကိန်းဂဏန်းအချက်အလက်ကာကွယ် ထိန်းသိမ်းမှုနှင့် ကြော်ငြာနှင့်ဈေးကွက်ကဏ္ဍတို့တွင် သင်ခန်းစာများ ရေးဆွဲပြုစုသည့်လုပ်ငန်းကို ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ စားသုံးသူကာကွယ်ရေး အဖွဲ့အစည်းများအား ပိုမိုထိရောက်သော စားသုံးသူဥပဒေတွန်းအားပေးဆောင်ရွက်သောလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို ထောက်ပံ့ပေးနိုင်ရန်အတွက်ဖြစ်သည်။

ဆက်စပ်အစည်းအဝေးများဖြစ်သော (၅) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ စားသုံးသူရေးရာ အစီအစဉ်ဆွေးနွေးပွဲနှင့် အာဆီယံ-ဂျာမန် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအတွက် (၉) ကြိမ်မြောက် စီမံကိန်းဦးဆောင်ကော်မတီ အစည်းအဝေးတို့ကို မေ ၁၇ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးများတွင် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှု ဒေသစားသုံးသူရေးရာ အစီအစဉ်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ စားသုံးသူကာကွယ်ရေး အဖွဲ့အစည်းများနှင့် စားသုံးသူကာကွယ်ရေးဥပဒေများ ခိုင်မာအားကောင်းလာစေရေးအတွက် ထောက်ပံ့ပေးနေမှုများ၊ စားသုံးသူရေးရာအစီအစဉ်အဆင့်(၃)အရ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကူအညီပေးအပ်သွားမည့် အစီအစဉ်များ၊ ဂျာမနီနိုင်ငံအခြေစိုက် နည်းပညာအကူအညီပေးအပ်သည့် အဖွဲ့အစည်း (GIZ) က အာဆီယံစားသုံးသူကာကွယ်ရေးမဟာဗျူဟာ လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီ အဖွဲ့ဝင်နိုင်ငံများအား လိုအပ်သည့်အကူအညီများ ထောက်ပံ့ပေးသွားမည့်အစီအစဉ်များအား ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံစားသုံးသူကာကွယ်ရေးမဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ပါ လုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများနှင့် အတူလိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်ပြီး နိုင်ငံအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ စသည့် ကဏ္ဍစုံမှ သက်ဆိုင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားရမည်ဖြစ်သည်။ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ ဖြစ်ပေါ်တိုးတက်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားပေးဆောင်ရွက်ခြင်းနှင့် စားသုံးသူကာကွယ်ရေးဥပဒေနှင့် မူဝါဒဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်သွားရမည်။ အွန်လိုင်းစနစ်ဖြင့် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းများ၊ နိုင်ငံဖြတ်ကျော် စားသုံးသူအရေးယူဆောင်ရွက်မှုလုပ်ငန်းများ အပါအဝင် စားသုံးသူများအတွက် ထိရောက်သော စားသုံးသူအရေးယူဆောင်ရွက်မှုယန္တရားများ ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဝင်းစုခိုင်(စားသုံး)**

**ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ**

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု | | |
|---|---|---|---|---|---|---|---|---|
| | | ၁၁/၀၅/၂၀၂၃ | ၁၈/၀၅/၂၀၂၃ | | | ယခင်အပတ် | ယခုအပတ် | ခြားနားချက် |
| | ကြက်သွန်ဖြူ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | | |
| ၁ | ကြူကုတ်ရှယ် | ၇၀၀၀ | ၆၈၀၀ | ↓ | ၂၀၀ | အိတ် ၃၂၀၀ ၉၆၀၀၀ ပိဿာ | အိတ် ၃၂၀၀ ၉၆၀၀၀ ပိဿာ | — |
| ၂ | အောင်ပန်း ထူး ၂ | ၄၈၀၀ | ၄၂၀၀ | ↓ | ၆၀၀ | | | |
| ၃ | အောင်ပန်း ထူး ၃ | ၅၅၀၀ | ၅၃၀၀ | ↓ | ၂၀၀ | | | |
| ၄ | အောင်ပန်း ထူး ၄ | ၅၈၀၀ | ၅၇၀၀ | ↓ | ၁၀၀ | | | |
| ၅ | အောင်ပန်း ထူး ၅ | ၆၂၀၀ | ၆၀၀၀ | ↓ | ၂၀၀ | | | |
| | ကြက်သွန်နီ | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | | |
| ၁ | မုံရွာရှယ် | ၂၁၅၀ | ၂၀၀၀ | ↓ | ၁၅၀ | ကား ၉၅ စီး ၅၇၀၀၀၀ ပိဿာ | ကား ၁၄၅ စီး ၈၇၀၀၀၀ ပိဿာ | ကား ၅၀ စီး ၃၀၀၀၀၀ ပိဿာ |
| ၂ | မုံရွာလတ်ကြီး | ၂၁၅၀ | ၂၀၅၀ | ↓ | ၁၀၀ | | | |
| ၃ | မုံရွာလတ်သန့် | ၂၁၅၀ | ၂၀၅၀ | ↓ | ၁၀၀ | | | |
| ၄ | မုံရွာလတ်ချော | ၁၈၀၀ | ၁၈၀၀ | — | | | | |
| ၅ | ဆိပ်ဖြူရှယ် | ၂၁၀၀ | ၂၀၀၀ | ↓ | ၁၀၀ | | | |
| ၆ | ဆိပ်ဖြူလတ်ကြီး | ၂၁၀၀ | ၂၁၀၀ | — | | | | |
| ၇ | ဆိပ်ဖြူလတ်သန့် | ၂၁၀၀ | ၂၁၀၀ | — | | | | |
| ၈ | ဆိပ်ဖြူလတ်ချော | ၁၈၀၀ | ၁၈၀၀ | — | | | | |
| | အာလူး | တစ်ပိဿာဈေးနှုန်း (ကျပ်) | | ကျပ် | | | | |
| ၁ | အောင်ပန်း A1 | ၁၃၅၀ | ၁၅၅၀ | ↑ | ၂၀၀ | ကား ၄၃ စီး ၂၅၈၀၀၀ ပိဿာ | ကား ၅၉ စီး ၃၅၄၀၀၀ ပိဿာ | ကား ၁၆ စီး ၉၆၀၀၀ ပိဿာ |
| ၂ | အောင်ပန်း OK | ၁၆၅၀ | ၁၈၀၀ | ↑ | ၁၅၀ | | | |
| ၃ | အောင်ပန်း S1 | ၁၇၅၀ | ၁၈၀၀ | ↑ | ၅၀ | | | |
| ၄ | အောင်ပန်း S2 | ၁၆၅၀ | ၁၄၀၀ | ↓ | ၂၅၀ | | | |
| ၅ | ဟဲဟိုး A1 | ၁၅၀၀ | — | | | | | |

SWTun (Domestic Ygn) MITC

# ပြည်မြို့နယ်အတွင်းရှိ ဝါး/ဝါးကပ် ဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းသို့ ဝါး/ဝါးကပ်များ နေရာအနှံ့အပြားမှ ဝင်ရောက်လျက်ရှိရာ ရခိုင်ရိုးမလမ်းပေါ်ရှိ ညောင်ချိုးဒေသမှထွက်ရှိသော ခရင်ဝါးမှာ အခေါင်းပွသောကြောင့် ထရံရက်လုပ်ရာတွင် အသုံးပြုသည်။ ခရင်ဝါးကို ရခိုင်ပြည်နယ်တွင် အများဆုံး တွေ့ရှိရသည်။ ရခိုင်လူမျိုး အများစုအနေဖြင့် ခရင်းဝါးကို အလုံးလိုက်သော်လည်းကောင်း၊ ငြမ်းဆင်ရာတွင်လည်းကောင်း အသုံးပြုကြသည်။ ပြည်ခရိုင်အတွင်းရှိ ဝါး၊ ဝါးကပ်ဆိုင်များအနေဖြင့် ခရင်ဝါးကို ထရံရက်လုပ်ရာတွင် အသုံးပြုသည်။

ခရင်ဝါးသည် အအေးပိုင်းဒေသတွင်သာ ပေါက်ရောက်ပြီး မျိုးစေ့မှာ မက်မန်းသီးအရွယ်ခန့်ရှိကာ စ၍အပင်ပေါက်ခါစ နှစ်နှစ်အကြာတွင် ဝါးပင်ကို အသုံးပြု၍ရသည်။ ခရင်ဝါး တစ်ပင်လျှင် နှစ် ၅၀ ခန့် သက်တမ်းရှိကြောင်းလည်း သိရှိရ သည်။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းမှ ထွက်ရှိသော တင်းဝါး၊ သနက်ဝါးတို့နှင့် အရည်အသွေးတူညီမှုရှိသော်လည်း ခရင်းဝါးမှာ ဝါးကြော မာသောကြောင့် ထရံရက်လုပ်ရာတွင် အများဆုံး အသုံးပြုကြောင်း သိရှိရသည်။ ပြည်ခရိုင်အတွင်းမှ ထွက်ရှိသော မျှင်ဝါးကိုမူ ဝါးကပ်အနေဖြင့် အသုံးမပြုကြောင်း သိရှိရသည်။ ဝါး၊ ဝါးကပ်များကို ၁၂ ဘီးကားဖြင့် တစ်ခေါက်သယ်ယူလျှင် ဝါးအလုံးရေ ၂၀၀၀ ခန့်နှင့် ဝါးကပ်အချပ်ရေ ၉၀၀ ခန့် သယ်ယူနိုင်ကြောင်းလည်း သိရှိရသည်။

ညောင်ချိုးဒေသမှ ထွက်ရှိသော ခရင်းဝါး တစ်လုံးလျှင် ကျပ် ၂၅၀ ခန့်ရှိပြီး ဝါးကပ်တစ်ချပ်လျှင် ကျပ် ၇၅၀-၈၀၀ ခန့် ရောင်းချကြောင်း သိရှိရသည်။ မျှင်ဝါး(အိမ်သုံးဝါး) ဈေးနှုန်းအနေဖြင့် တစ်လုံးလျှင် ကျပ် ၄၀၀ ခန့်နှင့် မျောတစ်လုံးလျှင် ကျပ် ၁၅၀၀ ဖြင့် ရောင်းချကြောင်း သိရှိရ သည်။

**ယဉ်သိမ့်နွေး (ပြည်)**

# စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး

ယနေ့ကမ္ဘာပေါ်တွင် လူသားအားလုံးအတွက် လွန်စွာအရေးထားရမည့် ထိပ်တန်းအကြောင်းအရာတစ်ခုမှာ အစားအစာနှင့် သောက်သုံးရေဖူလုံရေးဖြစ်သည်။ ယခု ဆယ်စုနှစ်အတွင်း ရာသီဥတု အပြင်းအထန်ပြောင်းလဲခြင်းဖြစ်ရပ်များ အဆက်မပြတ် ဖြစ်ပေါ်ခဲ့ရာမှ အပူရှိန်လွန်ကဲ၍ စိုက်ပျိုးသီးနှံများ ပျက်စီးရခြင်း၊ ဒေသခံ လူနေနယ်မြေ ပျက်စီး၍ မြေဆီလွှာ ခန်းခြောက်ခြင်း၊ မြစ်ကြောင်းများ ပြောင်းလဲစီးဆင်း၊ ရေအိုင်၊ ချောင်းမြောင်းများ ခန်းခြောက်တိမ်ကောခြင်းနှင့် သဘာဝမုန်တိုင်းဘေးအန္တရာယ်များ ဖြစ်ပေါ်ကာ လူအမြောက်အမြား သေကျေပျက်စီး၍ နေရပ်မှ စွန့်ခွာရကာ အတိဒုက္ခရောက်ခြင်း၊ ရောဂါပိုးမွှား မျိုးစိတ်သစ်များ ပေါက်ဖွားလာ၍ လူများ၊ လယ်ယာချောင်းမြောင်းများမှ မွေးမြူရေးတိရစ္ဆာန်များ သေကျေ၍ သားငါးထွက်ကုန်များ လျော့နည်းလာခြင်းအပြင် အဆိုးရွားဆုံးမှာ ရေအောက် အရင်းအမြစ်များ ကွယ်ပျောက်ကုန်ခန်းခြင်း စသည့်ဖြစ်ရပ်များသည် ယနေ့ကမ္ဘာပေါ်တွင် နေထိုင်လျက်ရှိသော လူသားများအားလုံးကို ရောဂါ၊ အနာမွတ်သိပ်ခြင်း ကပ်သုံးပါးကို ခံစားရအောင် ဆွဲနေသော အခြေအနေများ ဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လယ်ယာသားငါးနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် တစ်နိုင်ငံလုံးထုတ်လုပ်မှု၏ GDP တွင် အများဆုံး ရပ်တည်လျက်ရှိသည်။ သဘာဝသယံဇာတများဖြစ်သော သစ်လုံး၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် သတ္တုသိုက်များ ထုတ်လုပ်ခြင်းသည် သဘာဝမူလအကြမ်းထည်အတိုင်း ဖော်ယူရောင်းချခြင်းသာ ဖြစ်သောကြောင့် ထုတ်လုပ်ခြင်း မဟုတ်ကြပါ။ မိမိ၏ အကျိုးစီးပွား၊ အကျိုးအမြတ်ဖြစ်ထွန်းမှုတစ်ခုတည်းကြည့်ပြီး စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲရောင်းချခြင်း၊ စက်မှုလုပ်ငန်းများနှင့် ယာဉ်ယန္တရားများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ (လေအေးပေးစက်၊ ရုပ်မြင်သံကြားစက်၊ မီးချောင်းမီးသီးများ) အတိုင်းအဆမရှိ အသုံးပြုနေထိုင်ခြင်းအပြင် တာဝန်သိစိတ်နှင့် အသိတရားမရှိဘဲ အဆင်ခြင်မဲ့ သတိလက်လွတ်ပြုမူခြင်း၏ ရလဒ်များပင်ဖြစ်သည်။

ထိုကဲ့သို့ ဖြစ်ပေါ်ခြင်းသည် လူသားများကိုယ်တိုင် ဖန်တီးလုပ်ဆောင်နေခြင်းကြောင့်ဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်သော စီးပွားရေးဝိသမလောဘဖြင့် သစ်ပင်များခုတ်လှဲ ထုတ်ယူခြင်း၊ မြစ်ချောင်း အင်းအိုင်နှင့် ပင်လယ်ရေပြင်တွင် အလွန်အကျွံ ငါးဖမ်းခြင်း စသော ရေထွက်ကုန်လွန်ကဲစွာ ထုတ်လုပ်ခြင်းနှင့် သတ္တုသိုက်များ၊ သဘာဝသယံဇာတများစည်းကမ်းမဲ့ ထုတ်ယူသုံးစွဲမှုများကိုလည်း လျှော့ချနိုင်ရန် လွန်စွာအရေးကြီးလှပါသည်။ ထိုကဲ့သို့မဖြစ်ပွားမီ အပြင်းအထန် ကြိုတင်ဆောင်ရွက်ပြင်ဆင် ကာကွယ်ရမည့် လုပ်ငန်းများမှာ အစာရေစာဖူလုံမှု ရရှိစေရေးနှင့် အစားအစာနှင့် ရေများ စုဆောင်းထိန်းသိမ်းထားရန်တို့ ဖြစ်ပါသည်။ အစားအစာ ပြုန်းတီးလေလွင့်မှုသည် လူသားတို့၏ အဆင်ခြင်မဲ့မှုကြောင့် ဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိအောင် စီမံခြင်းသည်လည်း ထိရောက်မှုရှိသော အစီအမံတစ်ရပ် ဖြစ်သည်။

**အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ထုတ်လုပ်စီမံရန်အတွက် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြု နိုင်ငံတကာအဆင့် စံချိန်စံညွှန်းမှာ HACCP Hazard Analysis Critical Control Points ဖြစ်သည်။ ထိုသတ်မှတ်ချက်ကို ဖော်ဆောင်ရာမှာ အစားအသောက်တိုင်းသည် ရုပ်ဝတ္ထုဘေးအန္တရာယ်၊ ဓာတုဘေးအန္တရာယ်၊ ဇီဝ ဘေးအန္တရာယ်တို့နှင့် ကင်းရှင်းအောင် စီမံထုတ်လုပ်ရမည်ဟု သတ်မှတ်ထားသည်။**

အစားအစာ လုံခြုံစိတ်ချရမှုသည် လုံလောက်သော အစားအစာထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးမှုကို တည်ငြိမ်သောဈေးနှုန်းဖြင့် ရရှိရေးအပြင် ကျန်းမာရေးနှင့်ညီညွတ်၍ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို မြှင့်တင်ခြင်း၊ စားသုံးသူများရရှိသင့်သော မူလအခြေခံ အခွင့်အရေးများကို ရရှိစေခြင်း စသောအချက်များ ပါဝင်သည်။ တစ်ချိန်တည်းတွင်လည်း နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် ထုတ်ကုန်အရည်အသွေးနှင့် ကုန်အမှတ်တံဆိပ်ကို ထိန်းသိမ်းကာကွယ် မြတ်နိုးတန်ဖိုးထားမှု လိုအပ်လှသည်။

ကုန်ကြမ်းအသုံးပြုမှု၊ ထုတ်လုပ်မှုအဆင့်ဆင့်၏ ဂရုစိုက် စေတနာထားမှု၊ ထုပ်ပိုးခွံပေါ်တွင် လိမ်ညာဖော်ပြခြင်းမပြုဘဲ အမှန်တကယ်ဖြစ်သော အချက်အလက်များကိုသာ စားသုံးသူများအား အသိပေးမှုနှင့် လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့် ကျင့်ဝတ်များကို လေးစားလိုက်နာမှုသည် နိုင်ငံတကာနှင့် ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်ရေးကိုပါ သက်ရောက်မှု ဖြစ်စေသောကြောင့် အစာရေစာ ဖူလုံမှုသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။

အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ထုတ်လုပ်စီမံရန်အတွက် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြု နိုင်ငံတကာအဆင့် စံချိန်စံညွှန်းမှာ HACCP Hazard Analysis Critical Control Points ဖြစ်သည်။ ထိုသတ်မှတ်ချက်ကို ဖော်ဆောင်ရာမှာ အစားအသောက်တိုင်းသည် ရုပ်ဝတ္ထု ဘေးအန္တရာယ်၊ ဓာတုဘေးအန္တရာယ်၊ ဇီဝ ဘေးအန္တရာယ်တို့နှင့် ကင်းရှင်းအောင် စီမံထုတ်လုပ်ရမည်ဟု သတ်မှတ်ထားသည်။

နိဂုံးချုပ်အားဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်သော အစားအသောက်ကို စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်စီမံ စားသုံးစေခြင်းအတွက် အစာရေစာဖူလုံမှု ရရှိစေရေးနှင့် ရေများ စုဆောင်းထိန်းသိမ်းထားရေး စသည့်အချက်များကို တစ်နိုင်ငံလုံးက အလေးထား ဆောင်ရွက်လိုက်နာပါက မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍ ဘေးကင်းရေးနှင့် စားသောက်ကုန် အရည်အသွေးထိန်းသိန်းမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရသည်။

**ငြိမ်းဝေနှင်း (ရန်ကုန်စားသုံး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center)၊ | ဖုန်း-၀၁ ၃၈၅၃၂၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |





# တန်ဖိုးရှိ ကမာကောင်များနှင့် အဖိုးတန်ပုလဲများ

ကျော်ဝင်းနိုင်(မြိတ်)

ကမာကောင်အမျိုးအစားကို ပင်လယ်ပြင် ကမ်းစပ်နေရာအနီးတွင် အများဆုံး တွေ့ရှိရပြီး အချို့ကိုမူ ရေချိုတွင် တွေ့ရှိရတတ်သည်။ ကမာကောင်များသည် ရေအောက်ရှိ သေးငယ်သော အပင်နှင့် ရေပိုးမွှားများကို စားသောက်ကြပြီး ထူးခြားချက်မှာ အဖို၊ အမ တစ်လှည့်စီပြောင်းလဲတတ်ကြသော မျိုးစိတ်ဖြစ်သည်။ ကမာကောင်များသည် တစ်ကြိမ်ပေါက်ဖွားလျှင် အကောင်ရေ သိန်းချီ ပေါက်ဖွားနိုင်ပြီး ပူနွေးသောဒေသတွင် ကြီးထွားမှုမြန်ဆန်ကြသည်။ စတင် အကောင်ပေါက်ချိန်တွင် အဖိုအဖြစ် မွေးလာရာမှ အရွယ်ရောက်ချိန်တွင် အမသို့ ကူးပြောင်းတတ်ကြပြီး အချို့မှာ တစ်နှစ်တွင် သုံးကြိမ်ခန့် လိင်ပြောင်းလဲတတ်ကြကြောင်း သိရှိရသည်။ ကမာကောင်အမျိုးအစားပေါင်း ၈၀၀၀ ခန့်ရှိသည့်အနက်မှ လူတို့စားသုံးနိုင်သော ကမာကောင်နှင့် တန်ဖိုးရှိပုလဲထုတ်လုပ်ပေးနိုင်သော ကမာကောင်များလည်း ရှိသည်။ ကမာကောင် အမျိုးမျိုးသည် ရေတွင်ပါဝင်သော အငန်နှုန်းနှင့် အပူချိန်ပေါ်မူတည်၍ ကွဲပြားလျက်ရှိပြီး နေရာအနှံ့တွင် တွေ့ရှိနိုင်သည်။ လူများစားသုံးကြသော ကမာကောင်များထဲမှ Pacific Oyster ခေါ် ပင်လယ်ကမာကောင်ကို အများဆုံး စားသုံးကြကြောင်းလည်းသိရှိရသည်။ ကမာကောင် အရည်အသွေးသည် ရေငန်နှုန်း၊ အစာစားသုံးမှု ပုံစံအပေါ် မူတည်ပြီး အရသာ ကွဲပြားလျက်ရှိသည်။ အငန်နှုန်း နည်းပါးသောနေရာတွင် ပေါက်ဖွားသောအကောင်များက ပို၍နူးညံ့ကြောင်း သိရှိရသည်။ ကမာကောင်သည် သံဓာတ်ကြွယ်ဝသည့်အတွက် သွေးအားနည်းသူများအတွက် စားသုံးရန်သင့်သော အစားအစာဖြစ်ပြီး ပင်လယ်စာဖြင့် ဓာတ်မတည့်သူများ စားသုံးရန်မသင့်ကြောင်း သိရှိရသည်။ ပုံမှန်ကမာတစ်ကောင်လျှင် ကျပ် ၂၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရှိရသည်။ လူတို့စားသုံးနေကြသော ကမာကောင်နှင့် ပုလဲထုတ်လုပ်ပေးသော ကမာကောင် အမျိုးအစားချင်း မတူညီကြပေ။ အခွံနှစ်ခုပါသော ကမာကောင် အမျိုးပေါင်း ၈၀၀၀ ခန့်ရှိသည့်အနက်မှ Mollusks ကမာကောင်မျိုးနွယ် ၂၀ ခန့်သာ ပုလဲထွက်ရှိနိုင်ပြီး ရေချိုတွင်ရှင်သန်၍ ပုလဲထုတ်လုပ်နိုင်သည့် ကမာကောင်မျိုးကို ခုံးကောင်(ဂုံး) Mussel ဟုခေါ်ပါသည်။ ရေငန်တွင် ရှင်သန်ပေါက်ဖွားပြီး ပုလဲထုတ်လုပ်နိုင်သည့် ကမာကောင်မျိုးကိုမူ မုတ်ကောင် Oyster ဟုခေါ်သည်။ ရေချိုခုံးကောင်မှထွက်ရှိသော ပုလဲ၏မျက်နှာပြင်သည် ညီညာမှုမရှိဘဲ ရေငန်မုတ်ကောင်မှ ထွက်ရှိသော ပုလဲတွင်မူ ညီညာလုံးဝန်းလျက်ရှိသည်။

ပုလဲကို ကမာကောင်လေးများ၏မျက်ရည်ဟုလည်း တင်စားပြောဆိုကြသည်။ အကြောင်းမှာ ကမာကောင်လေး၏ ခန္ဓာကိုယ်အတွင်းမှ ထွက်လာခြင်းကြောင့်ပင်ဖြစ်သည်။ ပုလဲတွင် သဘာဝပုလဲနှင့် မွေးပုလဲဟူ၍ နှစ်မျိုးရှိသည်။ သဘာဝပုလဲသည် မုတ်ကောင်၏ ခန္ဓာကိုယ်အတွင်းတွင် ဖြစ်ပေါ်ပြီး မွေးပုလဲဆိုသည်မှာ ပုလဲဖြစ်ပေါ်လာစေရန် လူတို့က ပြုပြင်ဖန်တီးထားခြင်းဖြစ်သည်။ သဘာဝပုလဲသည် ကမာကောင်များ၏ ကိုယ်တွင်းသို့ အမှုန်အမွှားဖြစ်စေ၊ ပိုးမွှားဖြစ်စေ၊ အခြားသေးငယ်သော အရာဝတ္ထုဖြစ်စေ ဝင်ရောက်လာပါက ကမာကောင်လေးများ၏ ကိုယ်သည် ပိုးမွှားဝင်သကဲ့သို့ ယားယံသလိုဖြစ်ပြီး နို့ရည်ကဲ့သို့ ဖြူဆွတ်ကြည်လင်သော အရည်များဖြင့် ယားယံစေသော အရာဝတ္ထုများကို ဖယ်ရှားရန် ကြိုးစားကြသည်။ ဖယ်ရှား၍ မရနိုင်သည့်အခါ ထိုအရာဝတ္ထုငယ်ကို အရည်ကြည်များဖြင့် အထပ်ထပ် ဖုံးအုပ်ကြပြီး အချိန်ကာလ ကြာမြင့်သောအခါ ပုလဲအဖြစ်သို့ ရောက်ရှိလာကြောင်း သိရှိရသည်။ မွေးပုလဲသည် သဘာဝပုလဲ ဖြစ်ပေါ်မှုဖြစ်စဉ်ကို လူတို့က ပြုပြင်ဖန်တီးထားခြင်းဖြစ်သည်။ ဝတ်ဆံလုံးကို မုတ်ကောင်၏ ခန္ဓာကိုယ်အတွင်းသို့ ထည့်သွင်းပေးခြင်းဖြစ်သည်။ ထိုသို့ ထည့်သွင်းရာတွင် ဝတ်ဆံလုံး အလွယ်တကူ ပြန်ထွက်မသွားစေရန်နှင့် လုံးဝန်းကြီးမားသော ပုလဲရရှိစေရန်အတွက် မုတ်ကောင်၏ ခန္ဓာကိုယ်အား ခွဲစိတ်၍ သတ်မှတ်နေရာသို့ ရောက်ရှိအောင် ကျွမ်းကျင်သူများက ဝတ်ဆံသွင်းယူရကြောင်း ပုလဲမွေးမြူသူထံက သိရှိရသည်။

ရေငန်ပုလဲမွေးမြူရေး ဆောင်ရွက်တွင် မုတ်ကောင်သားပေါက်များကို တစ်နှစ်ခွဲခန့်ကြာသည့်အချိန်တွင် ဝတ်ဆံသွင်းကြပြီး နှစ်နှစ်အချိန်တွင် ပုလဲဖော်ကြကြောင်း သိရှိရသည်။ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီနှင့် မေလများသည် သားပေါက်ရာသီဖြစ်သောကြောင့် ဝတ်ဆံသွင်းခြင်း မပြုလုပ်ကြဘဲ ကျန်လများတွင် ဝတ်ဆံသွင်းခြင်းနှင့် ပုလဲမွေးမြူခြင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။ မွေးမြူရန်နေရာ ရွေးချယ်ရာတွင် လှိုင်းလေအကာအကွယ်ရသည့် နေရာဖြစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ ရေကြည်နှုန်း ကောင်းမွန်ခြင်းနှင့် အောက်ခံကြမ်းပြင် ကောင်းမွန်ခြင်း၊ ရေချိုစီးဆင်းမှုနည်း၍ ရေငန်နှုန်းတည်ငြိမ်ခြင်း၊ ရေအပူချိန်တည်ငြိမ်ခြင်း၊ မုတ်ကောင်အစာ ပေါကြွယ်ဝခြင်း၊ သင့်လျော်သော ရေအတိမ်အနက်ရှိခြင်း၊ သင့်လျော်သော ရေပြင်ဧရိယာ အကျယ်အဝန်းရှိရန် လိုအပ်ခြင်း၊ ရေချိုရရှိ၍ စခန်းတည်ဆောက်ရန် မြေပြန့်နေရာရှိသော ကုန်းမြေလိုအပ်ခြင်း၊ လူနေထိုင်သည့် ကျေးရွာများနှင့် ဝေးကွာရန်လိုအပ်ခြင်းနှင့် သွားလာရလွယ်ကူသော နေရာဖြစ်ရန်လိုအပ်ကြောင်း သိရှိရသည်။ ပုလဲတစ်လုံး အရည်အသွေးသည် ပွင့်ရည်(ခေါ်)ပုလဲတောက်ပမှု၊ ပုလဲ မျက်နှာပြင် ချောမွေ့ပြေပြစ်မှု၊ ပုလဲသားအလွှာ၏ အထူအပါး၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရောင်၊ တူညီလိုက်ဖက်မှုအပေါ် မူတည်ပြီး ခွဲခြားကြသည်။ ပုလဲလုံးကိုရတီ ဖြင့်ဖော်ပြကြသည်။ တစ်ရတီတွင် ကျပ် ၅၀၀၀ မှ ၅၀၀၀၀ ခန့် တန်ဖိုးရှိပြီး အရည်အသွေးနိမ့်ပုလဲသည် ကျပ် ၅၀၀၀ နှင့်အထက်ရှိ၍ အရည်အသွေးကောင်းမွန်သော ပုလဲသည် ကျပ် ၅၀၀၀၀ ခန့်ဈေးပေါက်ကြောင်း ပုလဲရောင်းချသူထံမှ သိရသည်။ ပုလဲအလုံးကြီး တစ်လုံးတွင် ရတီ ၃၀ မှ ၄၀ ထိရှိကြောင်း သိရှိရသည်။ ပုလဲအမျိုးမျိုးအနက်မှ ရွှေအိုရောင်အဆင်းရှိပုလဲကို မြန်မာနိုင်ငံတွင်သာ တွေ့ရှိနိုင်သည်။ ပုလဲမွေးမြူခြင်းသည် ထုတ်သုံး၍မကုန်နိုင်သော သယံဇာတဖြစ်ပြီး လောင်စာနှင့် အဆင့်မြင့် စက်ကိရိယာများ အသုံးမပြုရသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု မရှိဘဲ မွေးမြူနိုင်သည့် နိုင်ငံခြားငွေ အလွယ်တကူရရှိနိုင်သော လုပ်ငန်းဖြစ်သည်။

> **ပုလဲကို ကမာကောင်လေးများ၏မျက်ရည်ဟုလည်း တင်စားပြောဆိုကြသည်။ အကြောင်းမှာ ကမာကောင်လေး၏ ခန္ဓာကိုယ်အတွင်းမှ ထွက်လာခြင်းကြောင့်ပင်ဖြစ်သည်။ ပုလဲတွင် သဘာဝပုလဲနှင့် မွေးပုလဲဟူ၍ နှစ်မျိုးရှိသည်။ သဘာဝပုလဲသည် မုတ်ကောင်၏ ခန္ဓာကိုယ်အတွင်းတွင် ဖြစ်ပေါ်ပြီး မွေးပုလဲဆိုသည်မှာ ပုလဲဖြစ်ပေါ်လာစေရန် လူတို့က ပြုပြင်ဖန်တီးထားခြင်းဖြစ်သည်။**

# ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသထွက် ပင်းတယရွှေဝါ သို့မဟုတ် ဖယောင်းပန်း ဈေးကွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ပင်းတယရွှေဝါ သို့မဟုတ် ဖယောင်းပန်းမျာကို များသောအားဖြင့် ဖယောင်းပန်းဟုခေါ် ဆိုကြပြီး ပင်းတယရွှေဝါအမည်ဖြင့်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ဈေးကွက်တွင် ဖယောင်းပန်းများ ဝင်ရောက်လျက်ရှိသည်။ ပင်းတယရွှေဝါ သို့မဟုတ် ဖယောင်းပန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အဓိကစိုက်ပျိုးသောဒေသများမှာ ပင်းတယ၊ ရွာငံ၊ အောင်ပန်း၊ ဟဲဟိုး၊ တောင်ကြီး၊ ရွှေညောင်၊ ဟိုပုံး စသည့်ဒေသများတွင် စိုက်ပျိုးလေ့ရှိသည်။ တစ်နှစ်မှ တစ်ခါသာ ပွင့်သော ပန်းအမျိုးအစားဖြစ်သည်။

ဖယောင်းပန်း၏ ပုံသဏ္ဌာန်မှာ ရိုးတံရှည်ရှည်နှင့် ရိုးတံ၏ ထိပ်ဖူးတွင် အဝါအပွင့် အသေးလေးများ ပွင့်လျက်ရှိကြပြီး သင်းပျံ့သော အနံ့ရှိသောကြောင့် ပင်းတယရွှေဝါဟုလည်း အမည်တွင်သည်။ ပင်းတယရွှေဝါ (ခေါ်)ဖယောင်းပန်းမှာ တန်ခူးလတွင် အထွက်များလေ့ရှိကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ဈေးကွက်အတွင်းသို့ ရောက်ရှိကြပြီး ဈေးကောင်းရရှိလျက်ရှိသည်။

လက်လီဈေးအနေဖြင့် အဖူးပါ(တစ်ဖူး) ၁၀ ပင် တစ်စည်းကို ကျပ် ၄၀၀၀ ဖြင့်လည်းကောင်း၊ အဖူးပါ (နှစ်ဖူး) ၁၀ ပင် တစ်စည်းကို ကျပ် ၈၀၀၀ ဖြင့်လည်းကောင်း၊ လက်ကားဈေးအနေဖြင့် အဖူးပါ (တစ်ဖူး) ၁၀ ပင် တစ်စည်းကို ကျပ် ၃၅၀၀၊ အဖူးပါ (နှစ်ဖူး) ၁၀ ပင် တစ်စည်းကို ကျပ် ၆၀၀၀ ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိပြီး ယခုအခါ ဘုရားပန်းအမျိုးအစားများတွင် ဈေးကောင်းရရှိသော ပန်းအမျိုးအစားဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးဈေးကွက်များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**ခိုင်ခိုင်သူ**

# ဟင်းသီးဟင်းရွက်နှင့် ပိုးသတ်ဆေးအန္တရာယ်

**Doca Kayah**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စီးပွားရေး၏ ကျောရိုးဖြစ်သည်။ စိုက်ပျိုးရေးသည် နိုင်ငံ GDP ၏ သုံးပုံတစ်ပုံကျော်ကို ပံ့ပိုးပေးပြီး သန်းနှင့်ချီသောလူများ၏ အသက်မွေးဝမ်းကျောင်းကို ထောက်ပံ့ပေးသည်။ ပိုးသတ်ဆေးများသည် မြန်မာနိုင်ငံတွင် ခေတ်မီစိုက်ပျိုးရေး အလေ့အထ၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။ သို့သော်လည်း ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းတွင် ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲခြင်းကြောင်း ပတ်ဝန်းကျင်နှင့် လူသားကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးအသုံးပြုမှုသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာ တိုးမြင့်လာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ပိုးသတ်ဆေး တန်ချိန် ၁၂၀၀ အသုံးပြုခဲ့ပြီး အများစုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းနေကြောင်း သိရသည်။ အဆိုပါဓာတုပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာခြင်းကြောင့် ယခုအခါ တောင်သူများက ၎င်းတို့၏အထွက်နှုန်း တိုးရန်နှင့် သီးနှံများကို ကာကွယ်ရန် ပိုးသတ်ဆေးကို အားကိုးအားထားလာကြသည်။

သို့သော် ပိုးသတ်ဆေး အသုံးပြုခြင်းသည် ပတ်ဝန်းကျင်နှင့် လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ပိုးသတ်ဆေးများ၏ အဓိကအန္တရာယ်တစ်ခုမှာ မြေဆီလွှာ၊ ရေနှင့် လေကို ညစ်ညမ်းစေနိုင်သည်။ ပိုးသတ်ဆေးများသည် ပိုးမွှားများကိုသတ်ရန် ဒီဇိုင်းထုတ်ထားသော်လည်း ၎င်းတို့သည် အကျိုးပြုအင်းဆက်များ၊ ငှက်များနှင့် နို့တိုက်သတ္တဝါများ အပါအဝင် အခြားသက်ရှိများကိုပါ ဒုက္ခပေးနိုင်သည်။ သီးနှံများပေါ်တွင် ပိုးသတ်ဆေးဖျန်းသောအခါ ၎င်းတို့သည် မြေဆီလွှာနှင့် ရေထဲသို့ စိမ့်ဝင်နိုင်ပြီး ယင်းအရင်းအမြစ်များကို ညစ်ညမ်းစေကာ အခြားသက်ရှိများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ပြင် ပိုးသတ်ဆေးများသည် လေဖြင့် သယ်ဆောင်နိုင်ပြီး လေထုကို ညစ်ညမ်းစေကာ လူနှင့် တိရစ္ဆာန်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်စေနိုင်သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များအပြင် ပိုးသတ်ဆေးများသည် လူသားများအပေါ် ဆိုးရွားသော ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ရှိနိုင်သည်။ ပိုးသတ်ဆေးများနှင့် ထိတွေ့မှုသည် ကင်ဆာ၊ အာရုံကြောဆိုင်ရာ ချို့ယွင်းမှု၊ မျိုးပွားမှုဆိုင်ရာ ပြဿနာများနှင့် မွေးရာပါ ချို့ယွင်းမှုများ အပါအဝင် ကျန်းမာရေးပြဿနာများစွာနှင့် ဆက်စပ်လျက်ရှိသည်။ လယ်သမားများနှင့် လယ်ယာလုပ်သားများသည် ၎င်းတို့၏လုပ်ငန်းခွင်အတွင်း ပိုးသတ်ဆေးများနှင့် တိုက်ရိုက်ထိတွေ့လေ့ရှိသောကြောင့် ထိတွေ့မှုအန္တရာယ်ကို အထူးခံစားရသည်။ သို့သော်လည်း စားသုံးသူများသည် ၎င်းတို့စားသော အစားအစာမှတစ်ဆင့် ပိုးသတ်ဆေးများနှင့်လည်း ထိတွေ့နိုင်သည်။ စင်စစ်အားဖြင့် ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုအရ ရန်ကုန်မြို့ရှိ ဈေးများတွင် ရောင်းချသည့် ဟင်းသီးဟင်းရွက် ၇၀ ရာခိုင်နှုန်းကျော်တွင် ပိုးသတ်ဆေးများ ပါဝင်နေကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များသည် ပိုးသတ်ဆေးများ ညစ်ညမ်းမှုအန္တရာယ်ရှိသည်။

စက်မှုနှင့် သယ်ယူပို့ဆောင်ရေး အရင်းအမြစ်များမှ လေထုနှင့် ရေထုညစ်ညမ်းမှု မြင့်မားသော နေရာများသည် မကြာခဏဆိုသလို ညစ်ညမ်းမှု ကြီးမားသည်။ ထို့ပြင် အဆိုပါဒေသများရှိ တောင်သူအများစုသည် ၎င်းတို့၏ သီးနှံများကို ပိုးမွှားနှင့် ရောဂါများမှ ကာကွယ်ရန် ပိုးသတ်ဆေးများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ ပိုးသတ်ဆေးများ၏ နောက်ထပ်အန္တရာယ်မှာ အစားအစာကွင်းဆက်တွင် စုပုံနေနိုင်သည်။ ပိုးသတ်ဆေးများသည် မကြာခဏ ခံနိုင်ရည်ရှိစေရန် ဒီဇိုင်းထုတ်ထားသောကြောင့် ၎င်းတို့သည် ပတ်ဝန်းကျင်တွင် အချိန်အကြာကြီး ရှိနေနိုင်သည်။ ၎င်းသည် အစားအသောက်ကွင်းဆက်တွင် ပိုးသတ်ဆေးများ အစုလိုက် အပြုံလိုက် ဖြစ်ပေါ်စေနိုင်ပြီး လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အကျိုးဆက်များ ဖြစ်လာနိုင်သည်။

မြို့ပြဒေသများတွင် ပိုးသတ်ဆေး အသုံးပြုခြင်းသည် လူသားတို့၏ကျန်းမာရေးကို အထူးအန္တရာယ်ဖြစ်စေသည်။ လေ့လာမှုများအရ အဆိုပါဒေသများတွင် နေထိုင်သူများသည် စိုက်ပျိုးမြေနှင့် နီးကပ်သောကြောင့် ပိုးသတ်ဆေးများ ထိတွေ့နိုင်ခြေပိုများကြောင်း လေ့လာမှုများကဖော်ပြသည်။ ထို့အပြင် အဆိုပါနေရာများတွင် လုံလောက်သော မိလ္လာနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေး အဆောက်အအုံများ မကြာခဏ ချို့တဲ့နေသဖြင့် ပိုးသတ်ဆေးနှင့် အခြားညစ်ညမ်းမှုများနှင့် ထိတွေ့နိုင်ခြေကို ပိုမိုမြင့်မားစေပါသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် စားသုံးသူများသည်လည်း ပိုးသတ်ဆေးနှင့် ထိတွေ့မှုအန္တရာယ်ကြုံ တွေ့နေရသည်။ အချို့သော ဟင်းသီးဟင်း ရွက်များတွင် နိုင်ငံတကာ စံနှုန်းအရ သတ်မှတ်ထားသော အကြွင်းအကျန်ကန့်သတ်ချက်ထက်ကျော်လွန်သော ပိုးသတ်ဆေးများမြင့်မားစွာ ပါရှိသည်ကို လေ့လာမှုကတွေ့ရှိခဲ့သည်။ ဤအချက်သည် မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးအသုံးပြုမှုကို ပိုမိုကောင်းမွန်သော စည်းမျဉ်းစည်းကမ်းနှင့် စောင့်ကြည့်စစ်ဆေးရန် လိုအပ်ကြောင်း မီးမောင်းထိုးပြသည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးနှင့် ဟင်းသီး၊ ဟင်းရွက် ထုတ်လုပ်မှု အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် အစီအမံများစွာကို ဆောင်ရွက်နိုင်သည်။ ပထမဦးစွာ နိုင်ငံအတွင်း ပိုးသတ်ဆေးသုံးစွဲမှု ပိုမိုကောင်းမွန်အောင် ကြပ်မတ်စစ်ဆေးရန် လိုအပ်ပါသည်။ ယင်းတွင် ရှိပြီးသား စည်းမျဉ်းများကို တင်းကျပ်စွာ ပြဋ္ဌာန်းခြင်းနှင့် အန္တရာယ်ရှိသော ပိုးသတ်ဆေး အသုံးပြုမှုကို ကန့်သတ်သည့် စည်းမျဉ်းအသစ်များ ရေးဆွဲခြင်းများနှင့် လယ်သမားများအား တိုးမြှင့်လေ့ကျင့်သင်ကြားခြင်းနှင့် ပညာပေးခြင်းများ၊ ပိုးသတ်ဆေး အသုံးပြုမှု တိုးမြှင့်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်းနှင့် ပိုးသတ်ဆေးအပေါ် မှီခိုမှု လျော့နည်းစေသည့် ပိုမိုရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များဆီသို့ ကူးပြောင်းရန် အရေးကြီးသည်။

# ဗန်းမော်မြို့၌ လိုင်ချီးသီးများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း ဒေသအခေါ် (လိုင်ချီးသီး/တရုတ်ဆီးသီး/ လေချူသီး)များ လှိုင်လှိုင်ထွက်ပေါ်နေပြီး ယခင်နှစ်ထက်ပို၍ ဈေးကောင်းရလျက်ရှိကြောင်း သိရှိရသည်။

ယခုမေလမှစတင်၍ အသီးများရင့်မှည့်လာသဖြင့် ဈေးများ၊ လူစည်ကားရာ နေရာများတွင် ပေါ်ဦးပေါ်ဖျား လိုင်ချီးသီး အလုံး ၅၀ ခန့်ပါတစ်တွဲလျှင် ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်ထိ ဈေးရရှိနေကြောင်း၊ ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဒေသအခေါ် ၁၇ မိုင်(ဂွယ်ကထောင်ကျေးရွာ ) ရှိ လိုင်ချီးသီးမှာ အသားထူချိုမွှေးပြီး အစေ့သေးသောကြောင့် စားသုံးသူများ ပိုမိုဝယ်ယူစားသုံးလျက်ရှိပြီး ဈေးကွက်တွင် ပိုမိုရောင်းအားကောင်းလျက်ရှိသည်။

ထို့အပြင် အပင်ပြတ်အနေဖြင့်လည်း ဝယ်ယူလျက်ရှိရာ အရွယ်ရောက်ပြီး အပင်တစ်ပင်လျှင် အသီးပါရှိမှုအပေါ် မူတည်၍ ကျပ် ၆၀၀၀၀ မှ ၈၀၀၀၀ အထိ ဝယ်ယူလျက်ရှိခြင်းကြောင့် ခြံစိုက်ပျိုးရောင်းချသော ပိုင်ရှင်များမှာလည်း မိသားစုဝင်ငွေ ပိုမိုရရှိလျက်ရှိကြောင်း သိရှိရသည်။

**ရဲရင့်ဖြိုး(ဗန်းမော်)**

## ပြည်ပဆန်ဈေးနှုန်းများ

၁၇-၅-၂၃ မှ ၂၃-၅-၂၀၂၃ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN


| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 505 - 510 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 495 - 505 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 485 - 495 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 475 - 485 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 470 - 475 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 485 - 490 | |
| 7 | Myanmar Long Grain White Rice 10% Broken (Reasonable Well Milled) | 480 - 485 | |
| 8 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 470 - 480 | |
| 9 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 460 - 465 | |
| 10 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 520 - 530 | |
| 11 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 510 - 520 | |
| 12 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 500 - 510 | |
| 13 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 490 - 500 | |
| 14 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 510 - 520 | |
| 15 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 500 - 510 | |
| 16 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 490 - 500 | |
| 17 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 480 - 490 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 520 - 530 | |
| 19 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 510 - 520 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 500 - 510 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 490 - 500 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Softexed) | 525 - 535 | |
| 23 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Softexed) | 515 - 520 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Softexed) | 510 - 520 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Softexed) | 500 - 510 | |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Softexed) | 550 - 560 | |
| 27 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Softexed) | 540 - 550 | |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460 - 470 | |
| 29 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Softexed) | 540 - 550 | |
| 30 | A-1 , 2 (Sortexed) | 440 - 445 | |
| 31 | B-1 , 2 (Sortexed) | 435 - 440 | |
| 32 | B-1,2 (Non-Sortexed) | 430 - 440 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၁၉-၅-၂၀၂၃)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၇၂၀၀ | ၆၈၀၀ | ↓ |
| ရန်ကုန် | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၇၂၀၀ | ၆၈၀၀ | ↓ |
| မန္တလေး | ၁၃၅၀၀ | ၁၃၅၀၀ | - | ၁၃၅၀၀ | ၁၁၀၀၀ | - | ၆၄၀၀ | ၆၄၀၀ | - |
| ပဲခူး | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၄၅၀၀ | ၁၃၅၀၀ | - | ၆၅၀၀ | ၆၂၀၀ | ↓ |
| မကွေး | ၁၁၀၀၀ | ၁၁၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၇၀၀၀ | ၆၆၀၀ | ↓ |
| မုံရွာ | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၅၀၀ | ၆၂၅၀ | ↓ |
| စစ်တွေ | ၁၅၀၀၀ | ၁၅၀၀၀ | - | - | - | - | ၈၀၀၀ | ၈၀၀၀ | - |



# ဝါးသယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် အသုံးချနိုင်ရန်ဆောင်ရွက်

ရီလင်းထွင့်(မုံရွာ)

ဝါးကို ဒေသရိုးရာအဖြစ် အဆောက်အအုံဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း အပါအဝင် လူ့အသုံးဆောင်အမျိုးမျိုး ထုတ်လုပ်သုံးစွဲခြင်းဖြင့် အသုံးဝင်ပြီး ထိုလုပ်ငန်းများကြောင့် ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်သည်။

ဝါးပင်များမှ ဝါးပန်းပု၊ ဝါးမီးသွေး၊ ဝါးဆပ်ပြာ၊ အပင်ပိုးသတ်ဆေး၊ အလှကုန်နှင့် ကျန်းမာရေးသုံး ပစ္စည်းများ၊ ဝါးကြမ်းခင်း၊ ယင်းလိပ်၊ စားပွဲတင်ဖျာ၊ ထိုင်ခုံနောက်မှီအခင်းပြား စသည့် ဝါးပရိဘောဂများ၊ နှီးဖြာ၍ ထုတ် လုပ်ရသော တန်ဖိုးမြှင့်ဝါးလက်မှုပစ္စည်းအမျိုးမျိုး၊ သွားကြားထိုးတံ၊ တူ၊ အသားကင်ဝါးချောင်းများ စသည့် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည်။ ဝါးပင် နှစ်နှစ်သားခန့်တွင် နှီးဖျာအဖြစ် ရက်လုပ်နိုင်ပြီး ငါးနှစ်သားခန့်တွင် ဝါးလုံး၊ ဝါးကပ်၊ ထရံ၊ ကုလားထိုင်၊ အိမ်အမိုးအကာ၊ တိုင်၊ ငြမ်းအသုံးပြုခြင်းဖြင့် အလွန်အသုံးဝင်သည်။

ဝါးဖြင့် ဖန်တီးပြုလုပ်လျက်ရှိသော နိုင်ငံတကာအဆင့်မီ အိမ်သုံးပရိဘောဂပစ္စည်း အသုံးအဆောင်များကိုလည်း ထုတ်လုပ်နိုင်သည်။ ဝါးပင်ပေါက်ကို စားစရာမျှစ်အဖြစ် အသုံးဝင်သည့်အပြင် မျှစ်ချဉ်၊ မျှစ်ခြောက်များအဖြစ် တာရှည်ခံအောင် တန်ဖိုးမြှင့်ဆောင်ရွက်ခြင်း၊ ပို့ကုန်အမယ်သစ်အဖြစ် မျှစ်စည်သွတ်ဘူး ထုတ်လုပ်ခြင်းကိုလည်း အားပေးနိုင်သည်။ ပြည်ပသွင်းကုန် အစားထိုးစက္ကူအမျိုးမျိုး ထုတ်လုပ်နိုင်ရေးကိုလည်း အားပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် တတိယဝါးသယံဇာတပေါများသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဝါးအချောထည် ထုတ်ကုန်ပစ္စည်း တင်ပို့မှု အနည်းငယ်သာရှိကြောင်း သိရသည်။ အရည်အသွေးကောင်းမွန်သော ဝါးကုန်ကြမ်းများကို ပြည်ပနိုင်ငံများမှလည်း ဝယ်ယူလေ့ရှိသဖြင့် အဆင့်မြင့်နည်းပညာများနှင့် အရည်အသွေးမြင့်စေသော ဝါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ပါက ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် များစွာအသုံးဝင်သော ဝါးပင်များကို ခုတ်ယူသုံးစွဲမှုများပြီး ပြန်လည်ပြုစုပျိုးထောင် စိုက်ပျိုးခြင်း မရှိသဖြင့် ယခင်က တောစပ်များတွင် ခုတ်ယူနိုင်သော ဝါးများကို တောအတွင်းပိုင်းအထိ ဝင်ရောက်ခုတ်ယူနေရခြင်းကြောင့် သယ်ယူစရိတ်များ ပိုမိုကုန်ကျကာ ဝါးဈေးများမြင့်တက်လာခြင်း၊ ဝါး အသုံးပြုရသည့် ပစ္စည်းများ ဈေးတက်ခြင်းများဖြစ်ပေါ်လာသည်။

**ဝါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးကို စနစ်တကျလုပ်ဆောင်နိုင်ပါက ပြည်ပပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း တိုးပွားစေမည်ဖြစ်သည်။ ရေရှည်တည်တံ့မှုကို စဉ်းစားပြီး သစ်ပင်ကဲ့သို့ နှစ်စဉ်ထွက်ရှိနိုင်မည့် ပမာဏထက် မကျော်ဘဲ ထုတ်လုပ်သွားနိုင်စေရန်အတွက် ဝါးကို သစ်ပင်အမျိုးအစားအဖြစ် ထည့်သွင်းထားပြီး စီမံဆောင်ရွက်ကြောင်း သိရသည်။**


ထို့ကြောင့် မြန်မာနိုင်ငံ၏ ဝါးသယံဇာတ အရင်းအမြစ်များနှင့် သဘာဝဝါးတောများ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် အသုံးချနိုင်ရန်၊ ဝါးကုန်ကြမ်းများကို သဘာဝတောမှအပြင် ဝါးစိုက်ခင်းများမှ စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရန်၊ ဝါးအချောထည် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် နိုင်ငံတော်အကြီးအကဲက ဝါးစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး၊ ဝါးစိုက်ခင်းများကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာရေး လမ်းညွှန်ထားသည်။

အဆိုပါလမ်းညွှန်ချက်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် ဝါးပျိုးပင် ၇၇၅၀၀ ပင် ပျိုးထောင်ထားရှိပြီး ၂၀၂၃ ခုနှစ် မိုးရာသီတွင် တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းဝန်းများ၌ ဖြန့်ဝေစိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။ ပုဂ္ဂလိက ဝါးစိုက်ခင်းတည်ထောင်ခွင့်အတွက် စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၀ ခုနှစ် စိုက်ပျိုးပြီးအပါအဝင် ကနီမြို့နယ်နှင့် ကောလင်းမြို့နယ်မှ လုပ်ငန်းရှင်ရှစ်ဦးအား ဧက ၄၀၀ ကို ပုဂ္ဂလိကဝါးစိုက်ခင်းများအဖြစ် တည်ထောင်ခွင့်ပြုထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ဝါးထုတ်လုပ်မှုမှာ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် ဝါးလုံးရေထောင်ပေါင်း ၁၂၉၀၀ ကျော် ထုတ်ပြီး၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ဝါးလုံးရေထောင်ပေါင်း ၉၆၀၀ ကျော် ထုတ်ခဲ့ကြောင်း သိရသည်။ နှစ်စဉ် ဝါးလုံးရေပေါင်း ၁၈၆၀၀ ခန့် ထုတ်ရန် လျာထားရာ ကလေးခရိုင်၊ ယင်းမာပင်ခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့သည် ဝါးထွက်ရှိမှုအများဆုံး ဒေသများဖြစ်သည်။ ဝါးဈေးနှုန်းအနေဖြင့် ရိုးရိုးဝါး ၁၀ တောင်အရှည်ခန့် တစ်လုံးလျှင် ကျပ် ၉၀၀၊ ၁၂ တောင်အရှည်ခန့်မှာ ကျပ် ၁၃၀၀ နှင့် လှော်ရက်သုံးနိုင်သော တင်းဝါးတစ်လုံးလျှင် ကျပ် ၂၀၀၀ ဖြစ်ကြောင်း မုံရွာမြို့ရှိ ဝါးဆိုင်မှသိရသည်။

ဝါးရုံသည် မြေဆီလွှာနှင့် ရေတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ဝါးပင်များသည် ကမ္ဘာကြီး ပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်ပင်များထက် ပိုမိုစုပ်ယူပေးထားနိုင်ခြင်း၊ ဝါးရွက်ကြွေများသည် အလွယ်တကူဆွေးမြည့်နိုင်ပြီး မြေဆီလွှာအာဟာရကို ဖြည့်တင်းပေးခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအတွက်လည်း အသုံးဝင်သည်။ ဝါးသယံဇာတများကို လေးစားတန်ဖိုးထားတတ်ကြစေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၈ ရက်ကို World Bamboo Day အဖြစ် သတ်မှတ်ထားရာ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဝါးချစ်သူများ စုဝေး၍ အသိပညာဖြန့်ဝေခြင်းများ ဆောင်ရွက်မှုရှိကြောင်း သိရသည်။

အချို့ဝါးခုတ်သူများသည် ဝါးပင်များအား ပြန်လည်အစားထိုးစိုက်ပျိုးလေ့မရှိသကဲ့သို့ စိုက်ပျိုးရေး နည်းစနစ်များကိုလည်း သေချာစွာ သိရှိသူနည်းပါးကြောင်း တွေ့ရသည်။ ဝါးပျိုးထောင်မှုနည်း(၄)နည်းမှာ ဝါးဘေးကိုင်းတက် အသုံးပြု မျိုးပွားခြင်းနည်း၊ ဝါးအဆစ်ဖြတ်ပိုင်းများ အသုံးချမျိုးပွားနည်း၊ ပင်ပွားခွဲ၍မျိုးပွားနည်းနှင့် တစ်နှစ်သား ဝါးအမြစ်ဆုံကို အသုံးပြုမျိုးပွားနည်းများ ဖြစ်သည်။ ဝါးများကို မေလနှင့်ဇွန်လများတွင် မျိုးပွားပျိုးထောင်ရကာ တည်ထောင်ပြီး ၅-၇ နှစ်အတွင်း စီးပွားဖြစ်ဝါးထုတ်ယူနိုင်မည်ဖြစ်သည်။ ဝါးသယံဇာတများ ရေရှည်တည်တံ့ပြီး အရည်အသွေးမီဝါးများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရန် စနစ်ကျသောဝါးခုတ်ယူမှုကို ဆောင်ရွက်သင့်ပါသည်။ ဝါးရုံများအား အရုံလိုက် အပြောင်ခုတ်လှဲခြင်း မပြုဘဲ ဝါးရုံသန်စွမ်းမှုအတွက် ချန်လှပ်ထိန်းသိမ်းထားရပါမည်။ မုတ်သုံမိုးကျပြီး ဇွန်၊ ဇူလိုင်လ မျှစ်ထွက်ချိန်နှင့် ဝါးပင်ကြီးထွားရာသီ ဇွန်လမှ အောက်တိုဘာလ ကြားကာလအတွင်း ဝါးခုတ်ယူမှု မပြုသင့်သေးဘဲ နိုဝင်ဘာလမှစ၍ မေလအထိ ဝါးထုတ်ယူပါက ဝါးတွင်းအချိုဓာတ်ကျဆင်းချိန်ဖြစ်၍ အသုံးပြုရာတွင်လည်း တာရှည်ခံနိုင်မည် ဖြစ်သည်။



ဝါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုး ရေးကို စနစ်တကျလုပ်ဆောင်နိုင်ပါက ပြည်ပပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း တိုးပွားစေမည်ဖြစ်သည်။ ရေရှည်တည်တံ့မှုကို စဉ်းစားပြီး သစ်ပင်ကဲ့သို့ နှစ်စဉ်ထွက်ရှိနိုင်မည့် ပမာဏထက် မကျော်ဘဲ ထုတ်လုပ်သွားနိုင်စေရန်အတွက် ဝါးကို သစ်ပင်အမျိုးအစားအဖြစ် ထည့်သွင်းထားပြီး စီမံဆောင်ရွက်ကြောင်း သိရသည်။ ဝါးစိုက်ခင်းများ ယခုထက် ပိုမိုဆောင်ရွက်လာနိုင်ရန်၊ ဝါးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရန် သက်ဆိုင်ရာဌာနများက နည်းပညာများ ပံ့ပိုးပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံခြင်း၊ ဝါးစိုက်တောင်သူများက ပူးပေါင်းပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဝါးအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။



# ကော်ပိုရိတ်ဖွဲ့စည်းမှု ပြင်ဆင်ခြင်း

ကော်ပိုရိတ်ဖွဲ့စည်းမှု ပြင်ဆင်ခြင်းဆိုရာတွင် ကုမ္ပဏီများ ဒေဝါလီခံယူခြင်းနှင့်ဆက်နွယ်သောကိစ္စများ (သို့မဟုတ်) ဗျူဟာမြောက် အခွင့်အလမ်းများ ဖန်တီးခြင်း စသည်တို့ပါဝင်ပါသည်။ အထူးသဖြင့် ကုမ္ပဏီ၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်များကို ပြောင်းလဲလိုက်ခြင်းကြောင့် ရှယ်ယာရှင်တို့၏ ပိုင်ဆိုင်မှုတန်ဖိုး မည်မျှမြင့်တက်လာမည်ကို လေ့လာတွက်ချက်သည့် လုပ်ငန်းဖြစ်ပါသည်။ ကုမ္ပဏီ၏ လက်အောက်ခံဌာနခွဲတစ်ခုကို မိခင်ကုမ္ပဏီမှ ခွဲထုတ်ရောင်းချလိုက်ခြင်းကြောင့် ကုမ္ပဏီဒေဝါလီခံရမည့် အရေးမှ မည်သို့ ကင်းဝေးစေနိုင်မည်၊ ရှယ်ယာရှင်တို့၏ တန်ဖိုး မည်သို့ အမြင့်ဆုံးရောက်ရှိနိုင်မည် ဆိုသည်ကို စီမံခန့်ခွဲရေးအဖွဲ့ (သို့) ဒါရိုက်တာအဖွဲ့က စဉ်ဆက်မပြတ် လေ့လာသုံးသပ်နေရန်လိုအပ်သည်။

ဗျူဟာမြောက်အခွင့်အလမ်းဘက်မှ ကြည့်ပါက လက်ရှိကုမ္ပဏီအုပ်စုကြီးထဲမှ ကုမ္ပဏီ တစ်ခု သို့မဟုတ် အချို့ကို အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီသို့ ပြောင်းလဲခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ တစ်ခါတစ်ရံ ကုမ္ပဏီ၏ အခရာမကျတော့သည့် လုပ်ငန်းတစ်ခုကို သီးခြားခွဲထုတ်လိုက်ခြင်းကြောင့် ဈေးကွက်အတွင်း ပိုမိုရှင်းလင်းမြင်သာသွားစေနိုင်သလို အကယ်၍ ခွဲထုတ်လိုက်သည့်လုပ်ငန်းက တိုးတက်မှုမြန်ဆန်သည့် လုပ်ငန်းတစ်ခုအဖြစ် အောင်မြင်စွာရပ်တည်နိုင်ပါက ယင်း၏တန်ဖိုး ပိုမိုမြင့်တက်သွားနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ခွဲထုတ်လိုက်ခြင်းကြောင့် ကုမ္ပဏီ၏ စွမ်းဆောင်ရည်ကို ပိုမိုမြင့်တက်လာစေနိုင်သလို ကြွေးဆုံးဖြစ်နိုင်ခြေ Risk များကိုလည်း လျော့ကျသွားစေနိုင်ပါသည်။

ကုမ္ပဏီကို ခွဲထုတ်ခြင်းသည် အများပိုင်ကုမ္ပဏီဘဝတွင်သာမက ပုဂ္ဂလိကပိုင်ဘဝတွင်လည်း ဆောင်ရွက်နိုင်ပါသည်။ ပုဂ္ဂလိကပိုင်ဘဝတွင် ကုမ္ပဏီလုပ်ငန်းခွဲတစ်ခုကို အခြားပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးသို့ ရောင်းချခြင်း (သို့) အခြားကုမ္ပဏီတစ်ခုသို့ရောင်းချခြင်းများလည်း ပါဝင်သည်။ အများပိုင်ကုမ္ပဏီဘဝတွင်မူ ကုမ္ပဏီ ၏လက်အောက်ခံ လုပ်ငန်းခွဲတစ်ခုကို ရှယ်ယာများဖွဲ့စည်းကာ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်း (IPO) နှင့် အခြားနည်းလမ်းများဖြစ်သည့် Carve-out, Spin-off, Split-off , Tracking stock အစရှိသည့် နည်းစနစ်များကိုလည်း ပြုလုပ်နိုင်ပါသည်။

**IPO (Initial Public Offering)**

ရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်စနစ်ဖြစ်သည်။ လက်အောက်ခံ လုပ်ငန်းခွဲတစ်ခု၏ရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချကာ ငွေဖော်ခြင်းဖြစ်သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် မိခင်ကုမ္ပဏီမှ ခွဲထွက်ကာ အများပိုင်ကုမ္ပဏီအဖြစ် လွတ်လပ်စွာ သီးသန့်ဆောင်ရွက်ခွင့်ရှိစေမည်ဖြစ်ပါသည်။ လက်အောက်ခံကုမ္ပဏီအား သီးသန့်အုပ်ချုပ်စီမံမှုအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်ခွင့် ရှိစေပါသည်။ အကယ်၍ ထုတ်ဝေရောင်းချလိုက်သည့်ငွေများကြောင့် မိခင်ကုမ္ပဏီတွင် အခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေထက် ပိုမိုနေပါက

**ထွန်းသက်ထွန်း**

ယင်း IPO လုပ်ခြင်းမှ ဝင်ငွေများကို အခွန်ကောက်ခံခွင့် ရှိသည့်ငွေအဖြစ် မှတ်ယူသည်။

**Carve-out**

လက်အောက်ခံကုမ္ပဏီ တစ်ခု၏ အစိတ်အပိုင်းတစ်ခုအား အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းကာ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းကိုခေါ်သည်။ ဤသို့ ရောင်းချသည့်နည်းစနစ်တွင် မိခင်ကုမ္ပဏီသည် လက်အောက်ခံကုမ္ပဏီအား နေမြဲအခြေအနေအတိုင်း ပိုင်ဆိုင်မှုရှိစေသည်။ လက်တွေ့တွင် ရှယ်ယာ အရေအတွက် ပမာဏများစွာကိုဈေးကွက်ထဲတွင် တစ်ပြိုင်နက်ရောင်းချခြင်းကြောင့် ရှယ်ယာဈေးများကို ကျဆင်းစေနိုင်သည်။ ပုံမှန်အားဖြင့် ဤစနစ်တွင် လက်အောက်ခံ ကုမ္ပဏီပိုင်ဆိုင်မှု၏ ၂၀ ရာခိုင်နှုန်းအထိကိုသာ အများပြည်သူသို့ ရောင်းချလေ့ရှိသည်။ ဤသို့ ရှယ်ယာအနည်းစုကိုသာ ရောင်းချခြင်းကြောင့် မိခင်ကုမ္ပဏီတွင် နဂိုအတိုင်း ထိန်းချုပ်ပိုင်ခွင့်ကိုရရှိသည့်အပြင် အခွန်ကင်းလွတ်သက်သာခွင့်များလည်း ရရှိစေသည်။ (အမေရိကန်တွင် Mc Donald, Wendy's စသည်တို့၏ carve-out လုပ်မှုများကို သာဓကအနေနှင့် လေ့လာနိုင်ပါသည်။)

ဤနည်းစနစ်တွင် အဓိကသတိပြုရမည့်အချက်မှာ မိခင်ကုမ္ပဏီနှင့် ခွဲထုတ်ရောင်းချလိုက်သည့် အခြမ်းတို့ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု (conflict of interest) ဖြစ်နိုင်သည့် အလားအလာများဖြစ်သည်။ ဥပမာ- ခွဲထုတ်လိုက်သည့် အခြမ်းသည် မိခင်ကုမ္ပဏီနှင့် ဒေါင်လိုက် ဆက်နွယ်မှု (ဖြန့်ချိခြင်းလုပ်ငန်း) ဖြစ်ပါက ယခင်မိခင်ကုမ္ပဏီနှင့်ဆက်သွယ်ထားသည့် ဖြန့်ချိရေးကုမ္ပဏီနှင့် လုပ်ငန်းအသစ်တို့ကြား အကျိုးစီးပွားခြင်း ဆန့်ကျင်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

> **ကုမ္ပဏီ၏ လက်အောက်ခံဌာနခွဲတစ်ခုကို မိခင်ကုမ္ပဏီမှ ခွဲထုတ်ရောင်းချလိုက်ခြင်းကြောင့် ကုမ္ပဏီဒေဝါလီခံရမည့် အရေးမှ မည်သို့ ကင်းဝေးစေနိုင်မည်၊ ရှယ်ယာရှင်တို့၏တန်ဖိုး မည်သို့ အမြင့်ဆုံးရောက်ရှိနိုင်မည် ဆိုသည်ကို စီမံခန့်ခွဲရေးအဖွဲ့ (သို့) ဒါရိုက်တာအဖွဲ့က စဉ်ဆက်မပြတ် လေ့လာသုံးသပ်နေရန် လိုအပ်သည်။**

**Spin-off**

မိခင်ကုမ္ပဏီသည် လက်အောက်ခံကုမ္ပဏီအား ထိန်းချုပ်ထားမှုကို အပြီးတိုင်စွန့်လွှတ်ကာ လက်အောက်ခံကုမ္ပဏီ၏ ရှယ်ယာများအားလုံးကို မိခင်ကုမ္ပဏီမှ ရှယ်ယာရှင်များအားလုံးသို့ အချိုးကျခွဲဝေပေးလိုက်ခြင်းဖြစ်သည်။ ဤသို့ခွဲဝေပေးလိုက်ခြင်းကြောင့် မိခင်ကုမ္ပဏီနှင့် ခွဲထုတ်လိုက်သည့် ကုမ္ပဏီအကြားဖြစ်ပေါ်လာနိုင်သည့် အကျိုးစီးပွားချင်းဆန့်ကျင်မှုများကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။ ဤနည်းစနစ်သည် မူလရှယ်ယာရှင်များသို့ ရှယ်ယာများ ဖြန့်ဝေပေးလိုက်ခြင်းဖြစ်သဖြင့် မိခင်ကုမ္ပဏီအနေနှင့် ငွေကြေးတစ်စုံတစ်ရာ ရရှိခြင်းမရှိပါ။ ဤ Spin-off နည်းစနစ်တွင် နည်းလမ်းနှစ်မျိုး ရှိပါသည်။

ပထမဦးစွာ Carve-out နည်းစနစ်အသုံးပြုကာ ရှယ်ယာအစိတ်အပိုင်းတစ်ခုကို ရောင်းချလိုက်ခြင်းဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရှယ်ယာဈေးနှုန်းများ ကျဆင်းစေမည့်ဖိအားများကိုလျော့ကျစေပါသည်။ ဆက်လက်၍ မူလရှယ်ယာရှင်များသို့ ရှယ်ယာများခွဲဝေခြင်းမပြုမီ စတော့ဈေးနှုန်း သုတေသနအဖွဲ့များ၏ အစီရင်ခံစာကို လေ့လာရန် လိုအပ်ပါသည်။ Spin-off စနစ်သည် ခွဲထွက်သည့်ကုမ္ပဏီအသစ်အနေဖြင့် မူလရှယ်ယာရှင်များသို့ အချိုးကျရောင်းချလိုက်သည့်ငွေကြေးများဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိခြင်း၊ ကုမ္ပဏီအသစ်မှ စီမံခန့်ခွဲသူများအနေဖြင့် ဆွဲဆောင်မှုကောင်းသည့် လစာများ ရရှိစေခြင်း၊ လုပ်ငန်းများကောင်းမွန်ကာ ကုမ္ပဏီ၏တန်ဖိုးများ နဂိုကထက် အဆများစွာမြင့်တက်စေခြင်း စသည့်အကျိုးများ ရရှိစေပါသည်။

**Split-Off**

ဤနည်းစနစ်မှာ ရှယ်ယာများ အပြန်အလှန်လဲလှယ်သည့်နည်းစနစ်ဖြစ်သည်။ မိခင်ကုမ္ပဏီသည် မိမိ၏ လက်အောက်ခံကုမ္ပဏီမှ ရှယ်ယာများကို မိခင်ကုမ္ပဏီမှ ရှယ်ယာရှင်များကိုင်ဆောင်ထားသည့် ရှယ်ယာများနှင့် လဲလှယ်ရန် ကမ်းလှမ်းကာ လဲလှယ်လိုသူရှိပါက လဲပေးသည့် အစီအစဉ်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းကြောင့် မိခင်ကုမ္ပဏီမှ ရှယ်ယာရှင်များလက်ဝယ်တွင် လက်အောက်ခံကုမ္ပဏီ၏ ရှယ်ယာများ ပိုင်ဆိုင်သွားသလို လက်အောက်ခံကုမ္ပဏီ၏ ရှယ်ယာရှင်များလက်ဝယ်တွင်လည်း မိခင်ကုမ္ပဏီ၏ ရှယ်ယာများ ပိုင်ဆိုင်ခွင့် ရသွားစေပါသည်။

အကယ်၍ မိခင်ကုမ္ပဏီမှ ရှယ်ယာရှင်များကလက်အောက်ခံကုမ္ပဏီ၏ ရှယ်ယာ အစိတ်အပိုင်းတချို့ကိုသာ ပိုင်ဆိုင်လိုပါက Split-Off အစား Spin-off ကို ပိုမိုအသုံးပြုကြသည်။ ဤနည်းစနစ်ဖြင့် ရှယ်ယာများပြောင်းခြင်းသည် အကယ်၍ ရာခိုင်နှုန်း ၂၀ နှင့်အောက်သာ ပြုလုပ်ပါက အခွန်ကင်းလွတ်ခွင့် ပြုထားပါသည်(အမေရိကန်စတော့ဈေးကွက်တွင်)။ မိခင်ကုမ္ပဏီမှ ရှယ်ယာရှင်များသည် တစ်ခါတစ်ရံ လက်အောက်ခံ ကုမ္ပဏီမှရှယ်ယာများနှင့်လဲလှယ်ရာတွင် အပိုကြေး (Premium) ဖြင့် လဲလှယ်ရန် ကမ်းလှမ်းလေ့ရှိသည်။ တစ်ခါတစ်ရံ တန်ဖိုးဖြတ်ပညာရှင်များ တွက်ချက်ထားသည့် ဈေးထက်ပင် ပိုမိုတောင်းခံလေ့ရှိသည်။ သို့ရာတွင် ဤနည်းစနစ်မှာ လူသုံးနည်းသည့် နည်းစနစ်တစ်ခုဖြစ်ပါသည်။

**Tracking Stocks**

မိခင်ကုမ္ပဏီသည် ရှယ်ယာအမျိုးအစားအသစ်တစ်ခုကို ထုတ်ဝေပြီး မိခင်ကုမ္ပဏီ၏ ရှယ်ယာရှင်များသို့ Spin-Off နည်းနစ်ဖြင့်လည်းကောင်း၊ Carve-out နည်းစနစ်ကိုသုံးကာ ကမ်းလှမ်းရောင်းချခြင်းကိုဆိုလိုသည်။ ဤနည်းစနစ်ဖြင့် ရှယ်ယာများ ကမ်းလှမ်းရောင်းချရာတွင် မူရင်းရှယ်ယာရှင်များသည် ခွဲထုတ်လိုက်သည့်ကုမ္ပဏီကို နေမြဲအတိုင်း ပိုင်ဆိုင်ထိန်းချုပ်ခွင့် ရှိနေသဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ် ကျင့်သုံးရာတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒါရိုက်တာအဖွဲ့တစ်ခုထဲက ကုမ္ပဏီနှစ်ခုကို ခွ၍ ထိန်းချုပ်သလို ဖြစ်နေသည့်အတွက်ဖြစ်သည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီနှစ်ခုစလုံးရှိပေးရန်တာဝန်များကို ထမ်းဆောင်ရမည့် တာဝန်ရှိသည့်အတွက် ကုမ္ပဏီ ဒေဝါလီခံမည့် ကိစ္စများတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့အတွက်ကြောင့် ဤစနစ်ဖြင့် ကုမ္ပဏီရှယ်ယာများ ရောင်းချသည့်ကိစ္စတွင် မကြာခဏဆိုသလို ငြင်းခုံမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။

Ref : The Economits

555 BATTERY

# POWER YOUR LIFE

555 Battery တွင် Manganese Batteries, Alkaline Batteries,
Lithium Button Cell Batteries များဝယ်ယူရရှိနိုင်ပါပြီ။



BRIGHT BRIDGE

DISTRIBUTED BY BRIGHT BRIDGE DISTRIBUTION CO., LTD.

No.271, Yangon-Pyay Main Road, Sin Su Quarter, Pyay, Myanmar. 09 942 743 482

LUMINIA®

# A Brighter Future with Luminia Products

- Home UPS/Inverter
- Solar Hybrid Inverter
- Solar Tubular Battery
- Solar Gel Battery
- Solar Panel

A Quality Products from:
Made in India



LUMINIA®

Successful Trade Co.Ltd

No.116-118, Room No 11-B 11th Floor,
Cherry Condo, Bo Myat Tun Street,
Botahtaung Township, Yangon, Myanmar

09977123132, 09253088247, 095168927
successfultrade.cl@gmail.com
www.facebook.com/luminiaelectric
www.facebook.com/luminiamyanmar

優美木業
優美古典紅木傢具
Beautiful Wood

**Since 2000**

**Imitating Chinese palace furniture with the best timber of Myanmar ( Padauk, Tamalan, Thin Win), it has the function of practical appreciation and appreciation like gold.**




Wooden Handicrafts



Furniture & Interior



Padauk Burl



Sawn Timber



Parquet And Floor

**နဂါးရာဇာဆက်တီ**

| | |
|---|---|
| Bed | 1920x640x1140 |
| Chair | 610x690x1140 |
| Low feet tea table | 590x600x570 |
| High feet tea table | 1050x1250x480 |



**ငှက်သဘင်ဆက်တီ**

| | |
|---|---|
| Bed | 2030x700x1330 |
| Chair | 790x690x1140 |
| Low feet tea table | 1320x1090x500 |
| High feet tea table | 670x670x600 |
| Flower Shelf | 460x460x820 |



**နဂါးမင်းဆက်တီ**

| | |
|---|---|
| Bed | 1880x570x1180 |
| Chair | 570x680x1180 |
| Low feet tea table | 480x580x580 |
| High feet tea table | 860x1250x480 |



**နဂါးမင်းဆက်တီ - ပုံပြောင်း**

| | |
|---|---|
| Bed | 2510x580x1110 |
| Chair | 1050x580x1110 |
| Low feet tea table | 1340x990x490 |
| High feet tea table | 600x600x590 |



**မန်လာဆက်တီ - ပုံပြောင်း**

| | |
|---|---|
| Bed | 2310x610x1070 |
| Chair | 870x610x1070 |
| Low feet tea table | 1370x920x490 |
| High feet tea table | 630x570x590 |



**တော်ဝင်နှင်းဆီဆက်တီ**

| | |
|---|---|
| Bed | 1950x690x1130 |
| Chair | 820x690x1130 |
| Low feet tea table | 690x620x600 |
| High feet tea table | 1330x930x490 |



Address : No.187(A/B), Corner of Mingyi Mahar Min Gaung St, & MetKayar Minthar Gyi St, Industiral Zone(1) Dagon Sikkan Tsp, Yangon.
Ph : 09-5163239, 09-650737888. Viber : Bwi Nyolay, Email : nyolay.bwi@gmail.com
Facebook : Beautifulwoodindustry(BWI)

COMMERCE
INTERNATIONAL

# အစ္စရေးတွင် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကား သုံးစွဲမှုများပြား




အစ္စရေးနိုင်ငံသည် လျှပ်စစ်မော်တော်ကား သုံးစွဲမှုကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိရာ ယခု ၂၀၂၃ ခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံထုတ် လျှပ်စစ်မော်တော်ကားများက ဈေးကွက်အား လွှမ်းမိုးထားလျက်ရှိနေကြောင်း အစ္စရေး မော်တော်ကား တင်သွင်းသူများအသင်း(Israel Vehicle Importers Association) ၏ ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးနိုင်ငံတွင် ခရီးသည်တင် ဘတ်စ်ကားများကို လျှပ်စစ်ကားများဖြင့် အစားထိုး ပြေးဆွဲနေရာ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ခရီးသည်တင် လျှပ်စစ်ကား တင်သွင်းမှု၏ ၆၆ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံမှ ဖြစ်ကြောင်း english.news.cn သတင်းတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံမှ အဓိက လျှပ်စစ်ကားထုတ်လုပ်သူ BYD(Build Your Dreams) သည် အစ္စရေးနိုင်ငံတွင် အသုံးပြုနေသည့် ထိပ်တန်းလျှပ်စစ်ကား အမှတ်တံဆိပ်အဖြစ် ရပ်တည်လျက်ရှိပြီး အဓိကအားဖြင့် SUV Atto 3 ကားများဖြစ်ကြောင်း သိရသည်။

အစ္စရေး မော်တော်ကား တင်သွင်းသူများအသင်း (Israel Vehicle Importers Association)က ထုတ်ပြန်သော နောက်ဆုံး ကိန်းဂဏန်းများအရ တရုတ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလတွင် အစ္စရေးနိုင်ငံ၏ အကြီးဆုံး လူစီးမော်တော်ကား တင်သွင်းသူအဖြစ်သို့ ခုန်တက်သွားပြီး တစ်လအတွင်း ၇၇၅၃ စီး ရောင်းချခဲ့ရကာ ယမန်နှစ်ကထက် ၆၈၅ စီး ပိုမိုရောင်းချခဲ့ရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ အစ္စရေးနိုင်ငံတွင် စတင်ရောင်းချခဲ့သည့် တရုတ်နိုင်ငံ BYD Auto က ထုတ်လုပ်သည့် လျှပ်စစ်မော်ဒယ်လ် Atto 3 သည် ယခုအခါ နိုင်ငံအတွင်း အရောင်းရဆုံး လျှပ်စစ်ကားဖြစ်လာခဲ့သည်။

အစ္စရေး ကျွမ်းကျင်သူများနှင့် မော်တော်ကား တင်သွင်းသူများ၏ ပြောကြားချက်အရ အဆင့်မြင့်နည်းပညာများ၊ ဒီဇိုင်းဆန်းသစ်မှုနှင့် ပိုမိုကောင်းမွန်သော ဖွဲ့စည်းမှုပုံစံများသည် အစ္စရေးဈေးကွက်တွင် တရုတ်လျှပ်စစ်ကားများ အောင်မြင်မှု၏ အဓိကအကြောင်းရင်း သုံးခုဖြစ်သည်ဟုဆိုသည်။

လုပသေသပ်မှု၊ လောင်စာဆီ ဆဲလ်ယာဉ်များ၊ ပါဝါဘက်ထရီများနှင့် တတိယမျိုးဆက် တစ်ပိုင်းလျှပ်ကူး ကိရိယာများကဲ့သို့သော အဓိကနည်းပညာများတွင် တရုတ်နိုင်ငံသည် ဥရောပနှင့် အမေရိကန်တို့ထက် သာလွန်သည်ဟု Geely Israel ၏ အထွေထွေမန်နေဂျာ Ronen Yablon က ပြောသည်။

"အနာဂတ်မှာ တရုတ်မော်တော်ကားအမှတ်တံဆိပ်တွေဟာ ကမ္ဘာလုံးဆိုင်ရာ မော်တော်ကားစင်မြင့်မှာ ပိုမိုအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်နိုင်ပါလိမ့်မယ်"ဟု Geely Israel၏ အထွေထွေမန်နေဂျာ Ronen Yablon က ဆက်လက်သုံးသပ်ခဲ့သည်။

**Source; english.news.cn, Xinhua**

# ဥရောပပြင်ပမှ ကျွမ်းကျင်လုပ်သားများကို ဂျာမနီ စက်မှုလုပ်ငန်းများအတွက် ခေါ်ယူမည်

စက်မှုထွန်းကားပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ဂျာမနီနိုင်ငံတွင် ယခု ၂၀၂၃ ခုနှစ်အတွင်း ကျွမ်းကျင်လုပ်သားလိုအပ်မှု ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း economist.com ၏ ရေးသားဖော်ပြထားချက်အရ သိရသည်။



စက်မှုလုပ်ငန်း ကဏ္ဍမျိုးစုံတွင် ကျွမ်းကျင်လုပ်သားရှားပါးမှု ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဂျာမနီနိုင်ငံသည် အထူးသဖြင့် ဥရောပပြင်ပမှ ကျွမ်းကျင်လုပ်သားများကို အဓိကထားဦးစားပေး ခေါ်ယူလျက်ရှိကြောင်း economist.com တွင် ဆက်လက်ဖော်ပြထားသည်။

ဂျာမနီနိုင်ငံသည် ဆယ်စုနှစ်တစ်ခုအတွင်း အလုပ်လက်မဲ့နှုန်း အနည်းဆုံးနိုင်ငံဖြစ်ပြီး လုပ်ငန်းများ၏ သုံးပုံနှစ်ပုံနီးပါးသည် ကျွမ်းကျင်လုပ်သားနည်းပါးမှုနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံသည် ဥရောပ၏ အကြီးဆုံး စက်မှုစီးပွားရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ နိုင်ငံတွင်းရှိ ကုမ္ပဏီများစွာသည် လုပ်ငန်းလည်ပတ်မှုအတွက် သင့်လျော်ပြီး အရည်အချင်းရှိသူများကို ရှာဖွေခန့်ထားနိုင်ရေးမှာ အဓိက စိန်ခေါ်မှုတစ်ရပ်အဖြစ်ဖြင့် ရုန်းကန်နေရကြောင်း German Automotive Industry Association (VDA)မှ မန်နေဂျင်း ဒါရိုက်တာ Andreas Rade က ပြောသည်။

၂၀၂၃ ခုနှစ်သို့ ရောက်ရှိလာချိန်တွင် ဂျာမနီနိုင်ငံ၏ စက်မှုအင်ဂျင်နီယာလုပ်ငန်းနှင့် အီလက်ထရွန်နစ် ထုတ်လုပ်သည့် လုပ်ငန်းများမှ ကုမ္ပဏီ ၇၀ ရာခိုင်နှုန်းကျော်သည် ကျွမ်းကျင်လုပ်သားရှားပါးမှုဖြင့် ရင်ဆိုင်နေရခြင်းဖြစ်သည်ဟု ဆိုသည်။

အထူးသဖြင့် ဆီမီးကွန်ဒတ်တာ ထုတ်လုပ်မှုကဏ္ဍ၌ ကျွမ်းကျင်လုပ်သားအလွန်အမင်း ပြတ်လပ်နေပြီး လာမည့် ၂၀၂၄ ခုနှစ်အတွင်း ကျွမ်းကျင်လုပ်သားရှားပါးမှုမှာ စစ်ပွဲကြီးတစ်ခုအသွင်ဖြစ်လာနိုင်သည်ဟု ဂျာမနီနိုင်ငံ ပို့ကုန်သွင်းကုန်အသင်း၏ အမှုဆောင်ဒါရိုက်တာ Thilo Broadmann က ပြောသည်။

ဂျာမနီနိုင်ငံအနေဖြင့် လာမည့် ၂၀၃၅ ခုနှစ်တွင် စက်မှုလုပ်ငန်းများ၌ ကျွမ်းကျင်လုပ်သား ခုနစ်သန်းကျော်ထိ လိုအပ်နိုင်ကြောင်း သုံးသပ်ထားကြသည်။ ဂျာမနီအစိုးရက ပြည်ပနိုင်ငံများမှ ကျွမ်းကျင်လုပ်သားများအား ဆွဲဆောင်နိုင်သည့် ကမ်ပိန်းကို အရှိန်မြှင့် လုပ်ဆောင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးဥပဒေကို ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံခြားအလုပ်သမားများ အလုပ်လုပ်ရာတွင် ပိုမိုလွယ်ကူစေမည့် လမ်းကြောင်းသစ်ကို လာမည့် ရက်သတ္တပတ် အနည်းငယ်အတွင်း လွှတ်တော်က အတည်ပြုနိုင်မည်ဟု မျှော်လင့်ထားကြောင်း အလုပ်သမားနှင့် လူမှုရေးရာဝန်ကြီး Hubertus Hale က ပြောဆိုခဲ့သည်။

**Source; economist.com**

စိုင်းဗညား - စုစည်းသည်

# လာမည့် ငါးနှစ်အတွင်း စင်ကာပူ၏ ကော်ဖီရောင်းအား ဆက်လက်မြင့်တက်နေမည်

အာရှတွင်းနိုင်ငံများတွင် စင်ကာပူနိုင်ငံသည် ကော်ဖီသောက်သုံးမှု မြင့်တက်နေသကဲ့သို့ ကော်ဖီထုတ်လုပ်မှု တွင်ကျယ်လျက်ရှိသည်။ ထို့ပြင် စင်ကာပူနိုင်ငံထွက် ကော်ဖီများကိုလည်း ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်ကြကာ တင်ပို့ရောင်းချမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံ၏ ကော်ဖီရောင်းအားမှာ မြင့်တက်လျက်ရှိခြင်းနှင့်အတူ လာမည့် ငါးနှစ်အတွင်း၌လည်း ကော်ဖီရောင်းအား ဆက်လက်မြင့်တက်နေဦးမည်ဟု Gl obal Data က ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း စင်ကာပူနိုင်ငံ၏ ကော်ဖီဈေးကွက်ရောင်းချမှုသည် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

စင်ကာပူနိုင်ငံတွင် ကိုပီ(kopi)၊ အနောက်တိုင်းစတိုင် လတ်တေး (lattes)တို့အပြင် flat whites နှင့် cold brew ကဲ့သို့သော ကော်ဖီများကိုလည်း လူကြိုက်များလာသည်။ စင်ကာပူနိုင်ငံတွင် ၂၀၂၂ ခုနှစ်၌ တစ်ဦးချင်း ကော်ဖီသောက်သုံးမှုမှာ ၁၂၂ ဒသမ ၇ လီတာဖြစ်ပြီး ကော်ဖီသည် စင်ကာပူနိုင်ငံသားများအတွက် အဓိက အချက်အလက်တစ်ခုဖြစ်လာသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံတွင် ပြည်တွင်း ကော်ဖီသောက်သုံးမှု တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသလို ပြည်ပဈေးကွက်လည်း ချဲ့ထွင်လျက်ရှိသည်။

**Source; asianbusinessreview.com**

